PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

ISP-MYANMAR RESEARCH REPORT

Working Paper December 30, 2020

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသော နိုင်ငံတကာ အကူအညီပေးရေးအင်အားစုများ

■ အောင်သူငြိမ်း



**အောင်သူငြိမ်း**သည် မြန်မာ့ မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (ISP-Myanmar)၏ပြင်ပဆက်ဆံဆက်သွယ်ရေးဒါရိုက်တာဖြစ်သည်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံကြီး ပြီးချိန်မှစ၍ ပြည်ပတွင် ခိုလှုံနေထိုင်ခဲ့ပြီး၊ ၂၀၁၂ ခုနှစ်မှသာ မြန်မာနိုင်ငံသို့ပြန်လာနိုင်ခဲ့သည်။ ၎င်းသည် ၂၀၀၂ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ မဟာဘွဲ့ရခဲ့သည်။ ထိုင်းနိုင်ငံရှိ National Institute for Development Administration (NIDA) တွင် ဖွံ့ဖြိုးရေးဆိုင်ရာ အုပ်ချုပ်ရေးဘာသာရပ် ဆည်းပူးခဲ့သည်။

## အစီရင်ခံစာ အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ချိန်ကတည်းကပင် နိုင်ငံတကာ မိသားစုအနေဖြင့် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့ပေသည်။ ၂၀၁၁ ခုနှစ်တွင် အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) ထံသို့ အပစ်အခတ်ရပ်စဲရေးပြုလုပ်ရန် ကမ်းလှမ်းခဲ့ပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တဖန် ပြန်၍စတင်ခဲ့ခြင်းဖြစ်သည်။ သို့သော် အပစ်ရပ်စဲရေးလုပ်ငန်းစဉ် ရေရှည်ကြာမြင့်လာသည်နှင့်အမျှ၊ နိုင်ငံရေးအရ ပြေလည်နိုင်မှုမရှိဘဲ 'ရေရှည်ကြာမြင့်သည့် အပစ်အခတ် ရပ်စဲရေး' ဖြစ်ပေါ်လာခဲ့သည်။ နိုင်ငံ၏အချို့သော ဒေသများတွင် လက်နက်ကိုင်တိုက်ပွဲများ ပြန်၍ဖြစ်ပွားလာရာ အလှူရှင်များအပါအဝင် နိုင်ငံတကာမှ ပါဝင်ပတ်သက် လှုပ်ရှားနေသူအများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သံသယပွားလာကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် 'ငြိမ်းချမ်းရေးမရှိသော လုပ်ငန်းစဉ်'တခု ဖြစ်ပေါ်လာသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ကူးစက်ကပ်ဘေး ဖြစ်ပွားကူးစက်မှု မြင့်မားလာသည့်အချိန် ကမ္ဘာ့အသိုက်အဝန်းမှလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် စိတ်ပျက်နွမ်းလျလာချိန်တွင် နိုင်ငံတကာမိသားစုထံမှ အလေးပေးအာရုံထားမှုနှင့် အရင်းအမြစ်များ လျော့ကျလာနေသည်။ ထို့အပြင် ရိုဟင်ဂျာ အကျပ်အတည်း၏ ကြီးမားသော သက်ရောက်မှုအတိုင်းအဆသည်လည်း နိုင်ငံတကာ စိတ်ဝင်စားမှုအတိုင်းအတာအပေါ် သက်ရောက်မှုရှိပါသည်။ ထိုမျှမက အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံအကြား ကြီးထွားလာသည့် ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုကြောင့်လည်း နိုင်ငံတကာ၏ အာရုံထားမှုသည်ဆယ်စုနှစ်များစွာဖြစ်ပွားနေသောမြန်မာနိုင်ငံ၏ပဋိပက္ခများနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှနေ၍ သွေဖီတိမ်းစောင်းစေနိုင်ပါသည်။

ထို့အပြင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ကအပြတ်အသတ်အနိုင်ရ၍နောက်တကြိမ်အစိုးရဖွဲ့စည်းနိုင်မည်ဖြစ်သည်။ NLD ပါတီက လွှတ်တော်ကိုယ်စားလှယ်နေရာများတွင် (ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များ)တွင် စုစုပေါင်းနေရာ ၁၁၁၇ အနက် ၉၂၀ ဦး အနိုင်ရရှိခဲ့သည်။ ကိုယ်စားလှယ်နေရာ ၈၂ ဒသမ ၃၆ ရာခိုင်နှုန်း အနိုင်ရရှိခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်နယ်များတွင် လူမျိုးစုပါတီများက စုပေါင်း၍ ပြိုင်ဆိုင်ခဲ့ကြသော်လည်း ထင်သလောက် ခရီးမပေါက်ခဲ့ပေ။ ရွေးကောက်ပွဲအတွင်း ပြိုင်ဆိုင်မှု ပြင်းထန်တင်းမာသောကြောင့်နှင့် ကြန့်အင်သရုပ်လက္ခဏာ အခြေခံမဲပေးကြသည့်ပုံစံများကြောင့် လူမျိုးရေးအရတင်းမာမှုများ ဖြစ်ပေါ်နိုင်သည်။ တိုင်းရင်းသားဒေသများရှိ မဲဆန္ဒနယ်များကိုလည်း လုံခြုံရေးအကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲ ကျင်းပရန် ပယ်ဖျက်မှု

များရှိခဲ့သည်။[၁] အချို့သော တိုင်းရင်းသားပါတီများမှာ အထူး အထိနာခဲ့ကြသည်။ သာဓကအားဖြင့် မြန်မာနိုင်ငံ၏ လူဦးရေ ၆ ဒသမ ၇ ရာခိုင်နှုန်းရှိနေသော ကရင်တိုင်းရင်းသားလူမျိုးများအဖို့ ၎င်းတို့၏ တိုင်းရင်းသားပါတီဖြစ်သည့် ကရင်ပြည်သူ့ပါတီ (KPP) မှ ကိုယ်စားလှယ်တဦးသာ အနိုင်ရ ကိုယ်စားပြုခွင့်ရရှိခဲ့သည်။ နိုင်ငံလူဦးရေ၏ ၂၇ ဒသမ ၆၆ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး စုံလင်ထွေပြားသည့် တိုင်းရင်းသားလူထုများကို ကိုယ်စားပြုသော တိုင်းရင်းသားပါတီများသည်လည်း ပြည်ထောင်စုလွှတ်တော် ၆၆၄ နေရာအနက်၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး ၉ ဒသမ ၉ ရာခိုင်နှုန်းကိုသာ အနိုင်ရ ကိုယ်စားပြုခွင့်ရခဲ့သည်။[၂] သို့ဆိုလျှင် စနစ်ကိုဆန့်ကျင်သည့် ခံစားမှုများ၊ ပို၍ တင်းမာပြင်းထန်သည့် တိုင်းရင်းသား အမျိုးသားရေးဝါဒများ ခေါင်းထောင်ထလာနိုင်သည်။ ထို့အပြင် ရွေးကောက်ပွဲအပြီး မဲမသမာမှုများနှင့်ပတ်သက်၍ တပ်မတော်ကစောဒကတက်နေရာ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးလည်း တိုးတက်မလာဘဲ အကျိတ်အခဲများရှိနေနိုင်သည်။[၃] တပါတီတည်းက အပြတ်အသတ် အနိုင်ရခြင်းသည် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသား လူနည်းစုပါတီများအတွက် နိုင်ငံရေးအရ ရွေးကောက်ပွဲဥပဒေနည်းအားဖြင့် မက်လုံးပေးဆွဲဆောင်မှုကို ပျက်စီးစေရာ (political disincentive) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အပြုသဘောရှုမြင်ရန် ခက်ခဲပါသည်။

မြန်မာအစိုးရက ယင်း၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို 'ပြည်တွင်းမှ အင်အားစုများ၏ ကိုယ်တိုင် ကြိုးပမ်းမှု' (home-grown) ဟု ဆိုပါသည်။ သို့သော်လည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တွန်းတွန်းတိုက်တိုက်ပါဝင်လာခြင်းနှင့် ပထဝီနိုင်ငံရေးအရ အရေးပါသောဒေသများဖြစ်ကြသည့် ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် လက်နက်ကိုင်ပဋိပက္ခများ မြင့်မားလာခြင်းတို့ကြောင့် မြန်မာနိုင်ငံရှိ ပြည်တွင်းအရေးပါသည့် အင်အားစုများကိုယ်တိုင်က ပဋိပက္ခများကို ဖြေရှင်းနိုင်သည့် စွမ်းရည်မရှိသည်ကို ဖော်ပြနေသည်။ ၎င်းတို့ကိုယ်တိုင်ဖြေရှင်းလိုသည့် နိုင်ငံရေးအရ ဆန္ဒမရှိသည်လည်း ဖြစ်နိုင်ပါသည်။ ဤသို့ အရေးကြီးနေသည့် အချိုးအကွေ့တွင် နိုင်ငံတကာ အင်အားစုများအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသော ၎င်းတို့၏အခန်းကဏ္ဍကို ပြန်၍ ဆန်းစစ်ရတော့မည့် ကာလဖြစ်ပါသည်။ ယင်း၏အခန်းကဏ္ဍ သဘောသဘာဝ၊ ချဉ်းကပ်ပုံနှင့် ရှုမြင်ပုံများကို လမ်းကြောင်းတည့်မတ်ရတော့မည့်အချိန်၊ ပြန်၍ အသစ်တဖန် ဆန်းသစ်ရတော့မည့် အချိန်ဖြစ်ပါသည်။

ယခု သုတေသနစာတမ်း၏ ရည်ရွယ်ချက်မှာ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကကျသည့် နိုင်ငံတကာမှ လှုပ်ရှားသူများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့ပါဝင်နေမှုအပေါ် အကဲဖြတ် သုံးသပ်နိုင်ရန်ဖြစ်ပါသည်။ ထို့အပြင် စာတမ်းတွင် အတိတ်ကာလက နိုင်ငံတကာ ပါဝင်ပတ်သက်မှုကြောင့် ဖြစ်ရသည့် အကျိုးသက်ရောက်မှုများကို မှတ်တမ်းပြုပြီး နိုင်ငံတကာအင်အားစုများက တစ်ဆို့နေသည့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်၍နိုးထစေရန်၊ သို့မဟုတ် ပြန်၍အသစ်တဖန် အစပျိုးနိုင်ရန် မည်သို့မည်ပုံ ကူညီနိုင်မည်ဟူသော ဖြစ်တန်းစွမ်းများ ရှာဖွေစူးစမ်းကြည့်ရန်နှင့် မြန်မာ့ငြိမ်းချမ်းရေးအပေါ် ရည်မှန်းထားချက်များ ပြည့်ဝစေရန် မည်သို့မည်ပုံ ထိရောက်စွာ ကူညီနိုင်ရန်အတွက် အကြံပြုချက်များ တင်ပြသွားနိုင်ရန် ရည်ရွယ်ပါသည်။

ယခုစာတမ်းက အကြံပြုထားသည်မှာ 'ပြည်တွင်းမှ အင်အားစုများ၏ ကိုယ်တိုင်ကြိုးပမ်းမှု' (home-grown) အစား၊ အခြားအင်အားစုများလည်း ဖက်စပ်ပူးပေါင်းပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (joint ventured peace process) ကို ပို၍ အလေးထားကြိုးပမ်းသင့်ပြီး၊ နိုင်ငံတကာမိသားစု၏ ပါဝင်ပတ်သက်မှုကို ပို၍ ချဲ့ထွင်နေရာပေးသင့်ပါသည်။ သို့မှသာ နိုင်ငံတကာ၏ တန်ဖိုးထားမှုများ၊ ပံ့ပိုးပေးနိုင်မှုများ ဖြစ်ကြသည့် ဥပမာ- လူသားမျိုးသုဉ်းသတ်ဖြတ်မှုများ ကာကွယ်တားဆီးနိုင်ရေး၊ လူ့အခွင့်အရေးများ မြှင့်တင်နိုင်ရေး၊ ငြိမ်းချမ်းရေးစနစ်အရ ဖွဲ့စည်းတည်ဆောက်ထားမှု (peace architecture) နှင့် ငြိမ်းချမ်းရေးအကူအညီများကို တိုး၍ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

---

၁ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ မြို့နယ် ၁၅ ခုတွင် မြို့နယ်လုံးကျွတ် ရွေးကောက်ပွဲကျင်းပခြင်းမပြုနိုင်ဘဲ၊ မြို့နယ် တစိတ်တပိုင်းတွင် ရွေးကောက်ပွဲ ပယ်ဖျက်ခဲ့သည့် မြို့နယ် ၄၂ ခု (ကရင်၊ မွန်၊ ရှမ်း၊ ကချင်၊ ရခိုင်၊ ချင်း ပြည်နယ်များနှင့် ပဲခူးတိုင်းဒေသကြီး )တွင် ကျေးရွာအုပ်စုနှင့် ရပ်ကွက် ၆၇၅ ခုတို့မှ လူဦးရေပေါင်း ၁ ဒသမ ၅ သန်းမှာ မဲပေးခွင့်မရခဲ့ပေ။ နယ်စပ်ရှိ ဒုက္ခသည်များ၊ ပြည်တွင်းဒုက္ခသည် (IDPS) များနှင့် ရိုဟင်ဂျာဒုက္ခသည်များမှာလည်း မဲပေးခွင့်မရခဲ့ကြပါ။

၂ တိုင်းရင်းသားလူဦးရေကို ခွဲခြားဖော်ပြမှုသည် အမြဲတစေ အငြင်းပွားဖွယ်နှင့် အကဲဆတ်သောကိစ္စ ဖြစ်ပါသည်။ မြန်မာအစိုးရက ၂၀၁၄ သန်းခေါင်စာရင်းမှ တိုင်းရင်းသား အမျိုးအမည်အလိုက် လူဦးရေကို ထုတ်ပြန်ခြင်းမပြုသေးပါ။ ယခုဖော်ပြထားမှုသည် ပုံရိပ် ဝက်ဘ်ဆိုက် Pon Yate Ethnic Population Dashboard မှ ကိုးကားထားခြင်းဖြစ်သည်။

၃ Zin, M. (November 23, 2020). Myanmar Still Loves Aung San Suu Kyi, but Not for the Reasons You Think, The New York Times, Retrieved from https://www.nytimes.com/2020/11/23/opinion/myanmar-election.html

## အတိုကောက် ဝေါဟာရများ

| | |
|---|---|
| **AA** | ရက္ခိုင့်တပ်တော် (ULA ၏ လက်နက်ကိုင်တပ်ဖွဲ့) |
| **AGIPP** | ငြိမ်းချမ်းရေးအတွက် ကျား-မတန်းတူရေး မဟာမိတ်အဖွဲ့ |
| **ASEAN** | အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) |
| **BGF** | နယ်ခြားစောင့်တပ်ဖွဲ့ |
| **BIMSTEC** | ဘင်္ဂလားပင်လယ်အော် ကဏ္ဍပေါင်းစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းမှု |
| **BRI** | ခါးပတ်တကွင်း၊ လမ်းတစင်း ကြိုးပမ်းဆောင်ရွက်မှု |
| **CDNH** | ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ |
| **CMEC** | တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းမ |
| **CMI** | အကျပ်အတည်း စီမံခန့်ခွဲမှုဆိုင်ရာ ကြိုးပမ်းမှု (Crisis Management Initiative)၊ ဖင်လန်နိုင်ငံ |
| **CPCS** | ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ လေ့လာမှုစင်တာ၊ ကမ္ဘောဒီးယားနိုင်ငံ။ |
| **CPB** | ဗမာပြည် ကွန်မြူနစ်ပါတီ |
| **CPR** | ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး စင်တာ |
| **EAOs** | တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ |
| **EBA** | လက်နက်မှလွဲ၍ အခြားအရာအားလုံးဆိုင်ရာ မူဝါဒ |
| **EBO** | ဥရောပဆိုင်ရာ မြန်မာရုံး |
| **EU** | ဥရောပသမဂ္ဂ |
| **FOF** | ဖက်ဒရယ်နိုင်ငံများဆိုင်ရာ ဖိုရမ် (Forum of Federations) |
| **FPNCC** | ပြည်ထောင်စုငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုကော်မတီ (Federal Political Negotiation and Consultative Committee) |
| **HD** | လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုအဖွဲ့ (Humanitarian Dialogue) |
| **ICC** | အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (International Criminal Court) |
| **ICG** | အပြည်ပြည်ဆိုင်ရာ အကျပ်အတည်းများ လေ့လာရေးအုပ်စု (International Crisis Group) |
| **ICJ** | အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice) |
| **IDPs** | ပြည်တွင်းဒုက္ခသည်များ |
| **IIFFMM** | မြန်မာနိုင်ငံနှင့် ပတ်သက်၍ သီးခြားလွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အချက်အလက်ရှာဖွေရေး ကော်မရှင် |
| **INGOs** | နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ |
| **JCB** | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ |
| **JICM** | NCA ပူးတွဲအကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေး |
| **JMC** | ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ |
| **JPF** | ငြိမ်းချမ်းရေး ပူးပေါင်းရန်ပုံငွေ (Joint Peace Fund) |
| **KIO** | ကချင် လွတ်လပ်ရေးအဖွဲ့ |
| **KNPP** | ကရင်နီအမျိုးသား တိုးတက်ရေးပါတီ |
| **KNU** | ကရင်အမျိုးသား အစည်းအရုံး |
| **MIPS** | ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျု |
| **MPC** | မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန |
| **MPSI** | မြန်မာနိုင်ငံငြိမ်းချမ်းရေး ပံ့ပိုးကူညီရေးကြိုးပမ်းမှုအဖွဲ့ |

| | |
|---|---|
| **NCA** | တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် |
| **NDAA** | အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် |
| **NLD** | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် |
| **NMSP** | မွန်ပြည်သစ်ပါတီ |
| **NPA** | နော်ဝေပြည်သူများ၏ ထောက်ပံ့ကူညီမှု |
| **NRPC** | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန |
| **NSCN-K** | နာဂ အမျိုးသား ဆိုရှယ်လစ်ကောင်စီ - ကက်ပလန် |
| **PC** | ငြိမ်းချမ်းရေးကော်မရှင် |
| **PI** | ပြည်ထောင်စုအင်စတီကျု |
| **PSF** | ပေါင်းစည်းလုပ်ငန်းအဖွဲ့ |
| **PSG** | ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှုအုပ်စု |
| **RCSS** | သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ |
| **SDGs** | ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးပန်းတိုင်များ |
| **SLORC** | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| **SPDC** | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| **TNLA** | တအောင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် |
| **UNDP** | ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် |
| **UPC** | ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ |
| **UPDJC** | ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ |
| **USIP** | အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျု |
| **UWSA** | ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော် |

# နိဒါန်း

၂၀၁၁ ခုနှစ်တွင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယခင် စစ်ဗိုလ်ချုပ်ဟောင်းတဦးဖြစ်သည့် သမ္မတ ဦးသိန်းစိန် အစပျိုးချိန်မှစတင်၍ အမျိုးမျိုးသော နိုင်ငံတကာအင်အားစုတို့က ပံ့ပိုးကူညီခဲ့ကြပါသည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပြီး အရပ်သားတပိုင်းအစိုးရ ပေါ်ထွန်းလာသည့်အခါ ၂၀၁၁ ခုနှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စတင်ခဲ့ကြသည်။

နိုင်ငံတကာအင်အားစုများသည် အခြားအရေးပါသည့် ပံ့ပိုးကူညီမှုများကို မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရန်အခန်းကဏ္ဍမှနေ၍ ပံ့ပိုးပေးခဲ့ကြသည်။ သာဓကအားဖြင့် ၂၀၁၅ ခုနှစ် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (NCA) လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ ဂုဏ်သရေရှိခေါင်းဆောင်များက သက်သေအဖြစ် တက်ရောက် လက်မှတ်ထိုးပေးခဲ့ကြသည်။[၄] ထို့အပြင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ၂၀၁၆ ခုနှစ်၊ ဩဂုတ်တွင် ၂၁ ရာစုပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ပထမအကြိမ်ကျင်းပသည့်အခါ အဖွင့်အမှာစကား ပြောကြားခဲ့သည်။[၅] နိုင်ငံတကာအင်အားစုများက ပံ့ပိုးစီစဉ်ပေးသည့် အခန်းကဏ္ဍ၊ နည်းပညာပိုင်းဆိုင်ရာအကူအညီ၊ ဆွေးနွေးပွဲသင်တန်းများ၊ လေ့လာရေးခရီးစဉ်များ၊ တွေ့ဆုံညှိနှိုင်းမှုအတွက် နမူနာယူစရာ မိုဒယ်ပုံစံများ ဆွေးနွေးပြခြင်း၊ ကျွမ်းကျင်သူများ၏ အကြံပေးမှုများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများလည်း ပေးခဲ့ကြသည်။ ထိုမှ့မက အထူးသံတမန်များ ခန့်အပ်တာဝန်ပေးခြင်း၊ အကျပ်အတည်းကာလ စီမံခန့်ခွဲမှုများနှင့် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာမှုတို့တွင် ပံ့ပိုးကူညီခြင်းမှသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ တိုက်ရိုက်ရန်ပုံငွေ ထောက်ပံ့ခြင်း၊ ထိုမှ့မက အထူးသဖြင့် စစ်မက်ပဋိပက္ခဖြစ်ပွားခဲ့ရာ ဒေသများရှိ ရပ်ရွာလူထုများ ခွန်အားတိုးရန် ကူညီပေးခြင်းများလည်း ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပြီး၊ အရပ်သားတပိုင်းအစိုးရ ဖွဲ့စည်းပြီးနောက်တွင် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ၂၀၁၁ ခုနှစ်ဩဂုတ်တွင်စတင်ခဲ့သည်။ သမ္မတဦးသိန်းစိန်က ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပရန် တောင်းဆိုခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAOs) ၁၅ ဖွဲ့နှင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း တဖွဲ့ချင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့သည်။ ယင်းကိုအခြေခံကာ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့တို့အကြား ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ အနိုင်ရရှိပြီးနောက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း နှစ်ခု NCA သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ရာ စုစုပေါင်းအဖွဲ့ဝင် ၁၀ ဖွဲ့ ဖြစ်လာခဲ့သည်။ သို့တိုင်အောင် အင်အားကြီးပြီး ဩဇာလည်းကြီးမားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့ NCA လုပ်ငန်းစဉ်၏ ပြင်ပတွင် ရှိနေကြဆဲဖြစ်သည်။

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ချိန်မှစ၍ ယင်းတွင် ပါဝင်ပတ်သက်နေကြသူ ဒေသခံအင်အားစုများက ယခုလုပ်ငန်းစဉ်သည် 'ပြည်တွင်းဖြစ်' (home-grown) ဖြစ်ကြောင်းနှင့် ဖက်စပ်သဘာဝ (joint-venture) လည်းရှိသည်ဟု ဂုဏ်ယူပြောဆိုခဲ့ကြသည်။ ဆိုလိုသည်မှာ ပြည်တွင်းဖြစ်ဟု ဆိုသောကြောင့် နိုင်ငံတကာအင်အားစုများ၏ အခန်းကဏ္ဍသည် ကြားဝင်ဖြန်ဖြေရေးနှင့် ဆွေးနွေးညှိနှိုင်းမှုများတွင် အကန့်အသတ်သဘောဖြင့်သာ ပါဝင်နိုင်ပြီး၊ ပြည်တွင်းကသာ ဦးဆောင်သည်ဟု ဆိုလိုသည်။ ဖက်စပ်သဘောဟုဆိုခြင်းကြောင့် တွေ့ဆုံညှိနှိုင်းမှု၏ ရည်မှန်းချက်ပြည့်ဝစေရေးအတွက် ဒေသခံ အင်အားစုများက ရရှိနိုင်သမျှ အရင်းအမြစ်များကို စုပေါင်းကျခံကြမည်။ အစီအစဉ် အတူရေးဆွဲကြမည်။ ယခု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အောင်မြင်မှု၊ ကျရှုံးမှုအတွက်လည်း အတူတကွ စွန့်စားကြရမည် ဖြစ်ပါသည်။ သို့အတွက်ကြောင့် နိုင်ငံတကာမိသားစုများအနေဖြင့် ကြားဝင်ဖြန်ဖြေ

၄ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေးနမ်ဘီးယား (Mr. Vijay Nambiar) က အသိသက်သေအဖြစ် လက်မှတ်ရေးထိုးသည်။ နိုင်ငံတကာ အသိသက်သေများအဖြစ် တရုတ်နိုင်ငံမှ မစ္စတာ ဆွန်ကော့ရှန် (sun Guoxiang)၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အမျိုးသားလုံခြုံရေး အကြံပေးအရာရှိ မစ္စတာ သီရိ အေဂျစ် ကူးမားဒိုဗယ် (Mr. Ajit Kumar Doval)၊ ဂျပန်နိုင်ငံမှ အထူးကိုယ်စားလှယ် မစ္စတာ ဆာဆာကာဝါယိုဟေး (Mr. Sasakawa Yohei)၊ ထိုင်းနိုင်ငံမှ အထူးကိုယ်စားလှယ် မစ္စတာ အပီကတ် ချင်ဝမ်နို (Apichart Chinwanno)၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီးယား (Mr. Roland Kobia) တို့ကလည်း အသိသက်သေအဖြစ် လက်မှတ်ရေးထိုးသည်။

၅ မစ္စတာဘန်ကီမွန်းသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် ရောက်ရှိလာခဲ့သည်။ ယခု ခရီးစဉ်သည် ငါးကြိမ်မြောက်ဖြစ်သည်။

ပေးမှု (mediation) အတွက် မည်သည့်အခန်းကဏ္ဍမျှမရှိပါ။ ဒေသခံ အင်အားစုများ၏ ကြိုးပမ်းချက်ကိုသာ ပံ့ပိုးပေးသည့် (facilitation) အခန်းကဏ္ဍသာရှိပါသည်။ ယခုလုပ်ငန်းစဉ်သည် 'ပြည်တွင်းဖြစ်' (home-grown) ဖြစ်ကြောင်းနှင့် ဖက်စပ်သဘာဝ (joint-venture) ရှိသည်ဟု ဂုဏ်ယူပြောဆိုခဲ့ကြသည့် ကျိုးကြောင်းဆင်ခြေတခုမှာ ရေရှည်ပြည်တွင်းစစ်၏ ရေသောက်မြစ်ပြဿနာများ အထိပါ ဖြေရှင်းနိုင်သည်ဟူသော အမျိုးသားရေး ဇာတိမာန်ကြောင့်ဖြစ်နိုင်ပြီး၊ နိုင်ငံတခု၏ အချုပ်အခြာအာဏာကို ထိပါးစေမည်ဟူသော စိုးရိမ်ပူပန်မှုများကြောင့်လည်း ဖြစ်နိုင်ပါသည်။ တပ်မတော်နှင့် အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ခေါင်းဆောင်များမှာ အဆင့်မြင့် တပ်မတော်အရာရှိဟောင်းများဖြစ်ကြပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံခြားမှ ပါဝင်စွက်ဖက်မှုကို စိုးရိမ်ကြသည်။ ပထဝီနိုင်ငံရေးမှာ အခြားပြဿနာတခု ဖြစ်ပုံရသည်။ သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ယူနိုက်တက်ကင်းဒမ်းတို့ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့် ပြုမထားပါ။ သို့သော် အိမ်နီးချင်းများဖြစ်ကြသည့် တရုတ်၊ အိန္ဒိယ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများက ပါဝင်ပတ်သက်ခွင့် ပို၍ ရှိနေကြသည်။ ဤသို့ စိုးရိမ်ပူပန်မှုကြောင့် နိုင်ငံရပ်ခြားမှ ကြားဝင်ဖြန်ဖြေမှုကို ခွင့်မပြုကြခြင်းဖြစ်သည်။ သို့သော် သမ္မတဦးသိန်းစိန် အစိုးရကာလတွင် ကုလသမဂ္ဂနှင့် တရုတ်နိုင်ငံက အထူးသံတမန်တို့ကို 'လေ့လာသူ' (observers) အဆင့်အတန်းဖြင့် ခွင့်ပြုခဲ့ကြသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာတွင် NCA သဘောတူညီချက် လက်မှတ်ရေးထိုးပြီးသည့်နောက် သမ္မတဦးသိန်းစိန်က ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (UPC) ကို ခေါ်ယူကျင်းပခဲ့သည်။ ယင်းမှာ ပြည်တွင်းစစ် ဖြစ်ပွားရခြင်း၏ ရေသောက်မြစ်အကြောင်းရင်းကို ဖြေရှင်းနိုင်ရန်ရည်ရွယ်သော နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းမှုလည်း ဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ မတ်တွင် NLD ဦးဆောင်သည့် အစိုးရထံသို့ အာဏာ လွှဲပြောင်းပေးပြီးနောက် အစိုးရကို ဦးဆောင်နေသူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယင်းငြိမ်းချမ်းရေးညီလာခံကို '၂၁ ရာစု ပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ'ဟု အမည်ပြောင်းလဲ၍ ဆက်လက်ကျင်းပခဲ့သည်။ ဗမာပြည်မနှင့် တောင်တန်းဒေသ ခေါင်းဆောင်များအကြား၊ လွတ်လပ်ရေးမရမီကာလ ၁၉၄၇ ခုနှစ်တွင် ပြည်ထောင်စုတခုအဖြစ် အတူတကွနေထိုင်ကြရေး သဘောတူညီနိုင်ခဲ့ကြသော ပင်လုံစာချုပ်ကို ပြန်၍ ရည်ညွှန်းခေါ်ဆိုခြင်းဖြစ်သည်။ အစိုးရသစ်ကာလတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံများကို ၂၀၁၆ ခုနှစ် ဩဂုတ်-စက်တင်ဘာ၊ ၂၀၁၇ ခုနှစ် မေ၊ ၂၀၁၈ ခုနှစ် ဇူလိုင်နှင့် နောက်ဆုံး ၂၀၂၀ ပြည့်နှစ် ဩဂုတ်တို့တွင် လေးကြိမ် ကျင်းပခဲ့ပြီး နိုင်ငံရေးပြဿနာဆိုင်ရာ သဘောတူညီချက် ၇၁ ချက်ကို 'ပြည်ထောင်စု သဘောတူညီချက်' အဖြစ် ရရှိခဲ့သည်။ ယင်း 'ပြည်ထောင်စု သဘောတူညီချက်'များကို အခြေခံ၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲသွားမည်ဟု သဘောတူညီထားကြပြီး နောက်ဆုံးတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အဖြစ်တည်ဆောက်နိုင်ရန် ဖြစ်သည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ၂၀၁၁ ခုနှစ်က စတင်ခဲ့ရာ ပြီးခဲ့သည့် ကိုးနှစ်တာကာလအတွင်း အင်အားစုအားလုံး ပါဝင်နိုင်သည့် (all inclusive) အခြေအနေ မရောက်ခဲ့ပါ။ ထို့အပြင် ရေရှည် ရေသောက်မြစ်ပြဿနာ အကြောင်းရင်းများကို မဖြေရှင်းနိုင်သည့်အပြင် မီးပေါင်စွမ်းအား ကျဆင်းလာခဲ့သည်။ ထိုမျှမက တိုက်ပွဲများလည်း မရပ်စဲနိုင်ဘဲ များမကြာမီနှစ်များအတွင်း အကြမ်းဖက်မှုအသစ်များလည်း အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် တရုတ်နိုင်ငံနှင့် နယ်စပ်ဖြစ်သည့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသများတွင် ပေါ်ပေါက်လာခဲ့သည်။

မြန်မာနိုင်ငံက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် 'ပြည်တွင်းဖြစ်' (home-grown) ချဉ်းကပ်မှုကို ဆက်လက်ထိန်းသိမ်းနေဆဲကာလတွင် ၂၀၁၀-၂၀၁၁ ခုနှစ် နိုင်ငံရေး အသွင်ကူးပြောင်းမှုများ စတင်ချိန်မှစ၍ နိုင်ငံတကာ၏ ပါဝင်ပတ်သက်မှုကို ပို၍ တံခါးဖွင့်လာခဲ့သည်။ ယခင် တင်းကျပ်သည့် အထီးကျန်စစ်အစိုးရကာလနှင့်နှိုင်းယှဉ်လျှင် များစွာ ပွင့်လင်းလာခဲ့သည်။ သို့အတွက်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်လှုပ်ရှားနေကြသူများ နိုင်ငံတကာမိသားစုများအနေဖြင့် ယင်းတို့၏ သဘောသဘာဝ၊ အတိုင်းအဆ၊ အခန်းကဏ္ဍ၊ ဆောင်ရွက်မှုများ၏ သက်ရောက်မှုတို့အပေါ် ပို၍ သုံးသပ်အကဲဖြတ်ရန် အရေးကြီးလာပါသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံတကာမှ ပါဝင်ပတ်သက်နေသူများ၏ အခန်းကဏ္ဍကို နားလည်သိရှိရန်ဆိုလျှင် အဓိကကျသည့် စိန်ခေါ်မှု အခက်အခဲတခုမှာ ပါဝင်ပတ်သက်နေသည့်

အင်အားစု စုံလင်ထွေပြားစွာ အများအပြားရှိနေခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် တရုတ်၊ အိန္ဒိယ၊ ဂျပန်နိုင်ငံများက တနိုင်ငံချင်းပေးအပ်သည့် အကူအညီများဖြင့် ပံ့ပိုးနေကြပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တခုလုံးအပေါ်၌သော်လည်းကောင်း၊ မိမိတို့၏ အထူးဆက်ဆံရေး ထိန်းသိမ်းထားမှုအပေါ် မူတည်ပြီး အင်အားစု တခုချင်းသို့သော်လည်းကောင်း ထောက်ပံ့မှုပေးနေပါသည်။ တချိန်တည်းတွင် အနောက် နိုင်ငံများနှင့် အာဆီယံအဖွဲ့ကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများက နိုင်ငံစုံပါသော ပလက်ဖောင်း များမှတဆင့် ပါဝင်ကူညီနေကြပါသည်။ ဥပမာဖော်ပြရလျှင် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN)၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု Myanmar Peace Support Initiative (MPSI)၊ ငြိမ်း ချမ်းရေး ပူးပေါင်းရန်ပုံငွေ Joint Peace Fund (JPF)နှင့် ပေါင်းစည်းလုပ်ငန်းအဖွဲ့ Paung Sie Facility (PSF) စသည်တို့ဖြစ်သည်။ ထို့အပြင် အစိုးရမဟုတ်သည့် လှုပ်ရှားဆောင်ရွက်သူများလည်း ပါဝင် နေကြသည်။ ဥပမာအားဖြင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ(INGOs)နှင့် တသီး ပုဂ္ဂလ ကျွမ်းကျင်သူများ ဖြစ်ကြသည်။ ယင်းတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ ပုံစံအမျိုးမျိုးဖြင့် ပံ့ပိုး ပေးနေကြသည်။ တချိန်တည်းတွင် ဤသို့သောအင်အားစုများ၏ အခန်းကဏ္ဍမှာ အလှူရှင်အဖြစ် သော်လည်းကောင်း၊ တိုက်ရိုက်မဟုတ်သည့် ပါဝင်ပံ့ပိုးနေသူအဖြစ်သော်လည်းကောင်း အခန်းကဏ္ဍ ရောထွေး၍ ပံ့ပိုးကူညီနေမှုများလည်း ရှိသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အများစုသော နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်ပံ့ပိုးနေကြသူများက ‘မြန်မာအစိုးရအပေါ် အဓိကကျသည့် မောင်းနှင်သူ’ အခန်းကဏ္ဍတွင် နေရာပေး အသိအမှတ်ပြုထား ကြသည်။ ဤသို့ မူလကတည်းက အသိအမှတ်ပြုထားသည့် အတွက်ကြောင့် နိုင်ငံတကာအင်အားစု များက အစိုးရ၏လုပ်ငန်းစဉ်၊ အစီအစဉ်ကို လိုက်နာကြရသည်။ အကယ်၍ အစိုးရက လုပ်ငန်းစဉ်ကို ဦးမဆောင်နိုင်သည့်အခါ နိုင်ငံတကာ၏ပံ့ပိုးကူညီမှုများလည်း အရာမထင် ဖြစ်ကြရသည်။ ဤသို့ဖြင့် အခြားတဖက်တွင် တရုတ်နိုင်ငံက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တဖက်စောင်းနင်းကျစွာ အဓိကကျ သည့် လှုပ်ရှားသူတဦး ဖြစ်လာခဲ့သည်။

ယခင်မြန်မာအစိုးရ၏ စီမံခန့်ခွဲမှုကာလ (၂၀၁၂-၂၀၁၆) ခုနှစ်များတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကကျသည့်လုပ်ငန်းမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) နှင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးနှင့် နောက်ဆုံးတွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ရန် ဖြစ် သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘော တူညီချက် (NCA) လက်မှတ်ရေးထိုးနိုင်ရန် ယုံကြည်မှုတည်ဆောက်ခဲ့ရသည်မှာ လွယ်ကူသော လုပ်ငန်းတော့ မဟုတ်ပါချေ။ ယခင်အစိုးရ၏ ညှိနှိုင်းမှုဆိုင်ရာအဖွဲ့က EAOs အဖွဲ့အစည်းများနှင့် လ ၅၀ ကျော် ကာလအတွင်း တွေ့ဆုံညှိနှိုင်းမှု အစည်းအဝေး ၂၅၀ ကျော် ဆောင်ရွက်ခဲ့ကြရသည်။ NCA သည် မြန်မာနိုင်ငံတွင် အစိုးရ၊ တပ်မတော်နှင့် EAOs အဖွဲ့များအကြား ပထမဦးဆုံး အပစ်အခတ် ရပ်စဲရေးနှင့်ပတ်သက်၍ အပြည့်စုံဆုံး အကုံလုံဆုံးသော သဘောတူညီချက်တခုဖြစ်ပြီး ဒီဇင်ဘာ ၈ ရက်၊ ၂၀၁၅ခုနှစ်တွင်ပြည်ထောင်စု လွှတ်တော်က သဘောတူညီခဲ့သောကြောင့် စည်းနှောင်မှုရှိသော သဘောတူညီချက်တခုလည်း ဖြစ်သည်။[၆] သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင် သည့် အစိုးရနောက်ပိုင်းတွင် ငြိမ်းချမ်းမှုတည်ဆောက်ရေး၏ အဓိကလုပ်ငန်းစဉ်မှာ NCA လက်မှတ် ရေးထိုးထားသူ အဖွဲ့အည်းများနှင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှု ဖြစ်လာပြီး၊ သဘောသဘာဝအရ သိသိ သာသာ ပြောင်းသွားသည်။ ထို့အပြင် NCA လက်မှတ်မရေးထိုးရသေးသည့်သူများ (အထူးသဖြင့် တရုတ်နိုင်ငံနယ်စပ်ရှိ တိုင်းရင်းသားအဖွဲ့အစည်းများ) ပါဝင် လက်မှတ်ရေးထိုးလာစေရေး ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသရှိ အဖွဲ့အစည်းများအနေဖြင့် ယနေ့တိုင် အပစ်ရပ်စဲ ရေး လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးဘဲ တပ်မတော်နှင့် EAOs တို့အကြား ရံဖန်ရံခါ တိုက်ပွဲများ လည်း ဆက်၍ ဖြစ်ပွားနေဆဲဖြစ်သည်။[၇] မြောက်ပိုင်းမဟာမိတ်အဖွဲ့များ (Northern Alliance) က စွန့်စားမှုတခုအနေဖြင့် ယင်း၏တပ်ဖွဲ့များက အမာခံတပ်မြို့တခုဖြစ်သည့် ပြင်ဦးလွင်မြို့ရှိ မြန်မာ့ တပ်မတော်၏ ကာကွယ်ရေးနည်းပညာတက္ကသိုလ် (DSTA) ကို တိုက်ခိုက်ခဲ့ပြီး၊ တရုတ်နိုင်ငံ နယ်စပ်

၆ Myanmar Peace Monitor, “Deciphering Myanmar’s Peace Process: A Reference Guide (2017-18)”, April 2019, Burma News International, p. 4.

၇ မြန်မာနိုင်ငံမြောက်ပိုင်းတွင် အခြေချသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့ (EAOs) သည် ‘မြောက်ပိုင်း မဟာမိတ်အဖွဲ့အဖြစ် စစ်ရေးမဟာမိတ် အဖွဲ့တခုကို ဖွဲ့စည်းခဲ့ကြသည်။ အဖွဲ့လေးခုပါဝင်ပြီး အမည်အားဖြင့် ရက္ခိုင့်တပ်တော် (AA)၊ ကချင် လွတ်လပ်ရေး တပ်မတော် (KIA)၊ မြန်မာ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) (ကိုးကန့်တပ်ဖွဲ့) နှင့် တအာင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တို့ ပါဝင်ကြသည်။

သို့ကုန်သွယ်ရာ မဟာဗျူဟာလမ်းမကြီးရှိ နေရာအချို့ကိုလည်း ၂၀၁၉ ခုနှစ် ဩဂုတ်တွင် တိုက်ခိုက်ခဲ့သည်။ ဤသို့တိုက်ခိုက်မှုကြောင့် လူအချို့ သေဆုံးခဲ့ရပြီး၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ရက်အတန်ကြာ ပိတ်ထားခဲ့ရသည်။[၈] ဤအချက်ကြောင့် နောက်ပိုင်းတွင် တရုတ်နယ်စပ်ရှိ EAOs အဖွဲ့များကို သြဇာလွှမ်းမိုးနိုင်ရေးအတွက် မြန်မာအစိုးရက တရုတ်နိုင်ငံအပေါ်ပို၍မှီခိုအားထားလာရသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်လည်း တရုတ်နိုင်ငံလက်တွင်းသို့ ပို၍ တဖက်စောင်းနင်း ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် 'ပြည်တွင်းဖြစ်' (home-grown) ဟု ဆိုနေခြင်းအပေါ် ဖီလာဆန့်ကျင် ဖြစ်စေခဲ့သည်။

ပိုအရေးကြီးသည့်အချက်မှာ နိုင်ငံတကာမိသားစုက မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ကြီးလေးသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူတာဝန်ခံမှုကို တောင်းဆိုနေခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သည့် ရိုဟင်ဂျာလူမျိုးစုများအပေါ် ၂၀၁၇ ခုနှစ်က ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ်ဖြစ်ပြီး၊ လူသားမျိုးသုဉ်း သတ်ဖြတ်မှု (genocide) သို့တိုင် သက်ရောက်စေသည်ဟု ဆိုနေကြသည်။ အစုအပြုံလိုက် ထွက်ပြေးကြရသည့် ရိုဟင်ဂျာအုပ်စုများသည် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ယာယီစခန်းများတွင် ခိုလှုံနေကြဆဲဖြစ်ပြီး ပြန်လည်နေရာချထားရေးအတွက် စောင့်ဆိုင်းနေကြရဆဲဖြစ်သည်။ ဤအကျပ်အတည်းအပေါ် နိုင်ငံတကာအင်အားစုအချို့က သီးခြားလွတ်လပ်စွာ အရေးယူဆောင်ရွက်မှုများ ရှိနေကြရာ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင်လည်း သွယ်ဝိုက်၍ ထိခိုက်သက်ရောက်မှု ဖြစ်စေခဲ့သည်။ ထင်ရှားသည့်အချက်မှာ မြန်မာအာဏာပိုင်များက ကျူးလွန်ခဲ့သည့် ရိုဟင်ဂျာလူထုများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) နှင့် အပြည်ပြည်ဆိုင်ရာတရားရုံး International Court of Justice (ICJ) တို့တွင် တရားစွဲဆိုမှုများ ရှိနေသည်။ ကုလသမဂ္ဂ၏ သီးခြားလွတ်လပ်သည့် အချက်အလက်ရှာဖွေရေးအဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများကလည်း မြန်မာအစိုးရအာဏာပိုင်များနှင့် တပ်မတော်ခေါင်းဆောင်များအတွက် ရှုပ်ထွေးခက်ခဲသည့် နိုင်ငံတကာ သတင်းစကားတခု ဖြစ်နေစေသည်။ အနောက်နိုင်ငံများက ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေး အကြီးအကျယ် ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲခံရသော တပ်မတော်အရာရှိများကို အရေးယူခြင်း၊ ယင်းပြစ်မှုများအပေါ် တာဝန်ယူ တာဝန်ခံမှုရှိလာစေရန် မြန်မာအစိုးရအပေါ် သံတမန်ရေးအရ ဖိအားပေးခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် မူလကအပ်နှင်းထားသည့် ဆုတံဆိပ်များ ပြန်လည်ရုပ်သိမ်းမှုများကြောင့် မြန်မာအစိုးရအဖို့ နိုင်ငံတကာ အသိုက်အဝန်းနှင့် ခပ်ခွာခွာ ဖြစ်လာစေခဲ့သည်။ သို့သော်လည်း ဤအချိန်ကာလတိုင်အောင် များစွာသော ဒေသခံအင်အားစုများက ရိုဟင်ဂျာ အကျပ်အတည်းကို မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတခုအဖြစ် ထည့်သွင်းစဉ်းစားထားခြင်း မရှိသေးပါ။ အာဏာပိုင်များအပေါ် ဥပဒေကြောင်းအရ အရေးယူမှုများ ရှိနေခြင်းကြောင့်၊ မြန်မာအာဏာပိုင်နှင့် အကျယ်အပြန့်သော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများအတွက် ထိခိုက်နစ်နာစေနိုင်သော အကြောင်းများ ဖြစ်စေသည်။

## သုတေသနနည်းနာ (Methodology)

ယခု လေ့လာမှုတွင် ၂၀၁၉ ခုနှစ် ဇူလိုင်လမှ စတင်၍ နိုဝင်ဘာလအထိ ယခင်ရှိပြီးသား စာစောင်စာတမ်းများမှ အချက်အလက်များ (secondary data) နှင့် စာတမ်းရေးသားသူကိုယ်တိုင် မေးမြန်းလေ့လာမှုများမှ ရရှိလာသည့် အချက်အလက်များ (primary data) မှ ကောက်နုတ်ဆင်ခြင်ထားခြင်း ဖြစ်ပါသည်။ စာတမ်းပုံနှိပ်ထုတ်ဝေရန်ကြာမြင့်နေသည့်အလျောက် နောက်ပိုင်းဖြစ်ပေါ်တိုးတက်မှုများ ဖြစ်သည့် ကိုဗစ်-၁၉ ကူးစက်ကပ်ဘေး၏ သက်ရောက်မှု၊ နိုင်ငံတကာ ပထဝီဝင်နိုင်ငံရေး အားပြိုင်မှုများ၊ မြန်မာအစိုးရ၏ စတုတ္ထအကြိမ် ၂၁ ရာစု ပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပမှုနှင့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကိစ္စများကို ထပ်မံပြင်ဆင် ဖြည့်စွက်သုံးသပ်ထားပါသည်။ ယခုလေ့လာမှုတွင် ပြည်သူအများရရှိနိုင်သော ပုံနှိပ်ထုတ်ဝေမှုများ၊ သတင်းများနှင့် အဓိကကျသည့် လှုပ်ရှားသူ၊ ပါဝင်ပတ်သက်နေသူများကို မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းထားသည်။ အစိုးရအရာရှိများ၊ အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများ အပါအဝင် ၁၄

၈ *The Myanmar Times.* (August 15, 2019). "The Rebel Forces attack Military Defence Academy in Pyin Oo Lwin". https://www.mmtimes.com/news/rebel-forces-attack-military-defence-academy-pyin-oo-lwin.html

ဦးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထို့အပြင် ကွင်းဆင်း၍ ဒေသခံပြည်သူတို့ဘက်မှအမြင်ကို သိရှိနိုင်ရန် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ လေ့လာရေးခရီးစဉ်နှစ်ခု ပြုခဲ့ပါသည်။

## လေ့လာမှု၏ အကန့်အသတ်များ

ယခု လေ့လာမှုတွင် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ နိုင်ငံတကာ အင်အားစုများ၏ ပါဝင်ပတ်သက်မှုကို လေ့လာရာတွင် ၎င်းတို့၏ 'လက်နက်ကိုင် ပဋိပက္ခများ ပြန်လည်မဖြစ်ပွားစေရေး ကာကွယ်တားဆီးမှု' နှင့် 'ငြိမ်းချမ်းရေးကို မြှင့်တင်ရေး၊ ခိုင်မာစေရေး' ကြိုးပမ်းဆောင်ရွက်မှုများကို ဦးတည် လေ့လာထားပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာ ကြိုးပမ်းဆောင်ရွက်မှုများ၏ အခန်းကဏ္ဍမှာ အရေးကြီးပါသည်။ အထူးသဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် ကူညီပံ့ပိုးမှုများ၊ နိုင်ငံတော်အစိုးရ အဖွဲ့အစည်းစနစ် (အင်စတီကျူရှင်း) များ ခိုင်မာသန်စွမ်းရေး၊ တရားရေးနှင့် ဥပဒေကဏ္ဍ ပြုပြင်ပြောင်းလဲရေး ... စသည်ဖြင့် အရေးပါသည့် ကြိုးပမ်းမှုများ ရှိနေသော်လည်း ယင်းတို့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်စပ်နေမှုများ၊ ယင်းအကူအညီများ၏ သက်ရောက်မှုများကို အချိန်နှင့် အရင်းအမြစ် အကန့်အသတ်ကြောင့် လေ့လာနိုင်ခြင်းမရှိခဲ့ပါ။

အခြား အကန့်အသတ်တခုမှာ ယခုလေ့လာမှုတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရိုဟင်ဂျာ အကျပ်အတည်းကို ထည့်သွင်းသုံးသပ်မှု မပြုထားခြင်း ဖြစ်ပါသည်။ ရခိုင်မြောက်ပိုင်းဒေသ အခြေအနေမှာ အထူးအကဲဆတ်၍ သတိထားဖွယ် ဖြစ်သော်လည်း၊ ၂၀၁၃၊ ၂၀၁၆၊ ၂၀၁၇ ခုနှစ်များတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါက်ကွဲဖြစ်ပေါ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အကြီးအကျယ် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ဒုက္ခသည်များ အစုအပြုံလိုက် ထွက်ပြေးရမှုများ ဖြစ်ပေါ်ခဲ့ရပြီး ကုလသမဂ္ဂကပင် ၂၀၁၇ ခုနှစ်တွင် သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင် (IIFFMM) ဖွဲ့စည်းဆောင်ရွက်ခဲ့ရပါသည်။[၉] နောက်ပိုင်းတွင် အစ္စလမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ ကိုယ်စား ဂမ်ဘီယာနိုင်ငံက ယင်းဖြစ်ရပ်ကို တုံ့ပြန်မှုအဖြစ် မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် တရားစွဲဆိုခဲ့သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အကျယ်အပြန့် အကြမ်းဖက်မှုများအတွက် တာဝန်ရှိသူများကို အပြစ်ပေးအရေးယူမှုများပြုနိုင်ရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) သို့ တရားစွဲဆိုထားမှုများ ရှိခဲ့သည်။ သို့တိုင်အောင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းတွင် အဓိကကျသည့် တွေ့ဆုံဆွေးနွေးဖက်များက ယခုတိုင် ရိုဟင်ဂျာပြဿနာကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ထည့်သွင်းစဉ်းစားခြင်း မရှိသေးပါ။

## မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

မြန်မာနိုင်ငံ၏ ခေတ်သစ်သမိုင်းတွင် အဖွဲ့အစည်းအများနှင့် အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ခဲ့ပြီးနောက် ပထမဦးဆုံး အကြိမ်အဖြစ် မကြုံစဖူး နိုင်ငံတော်အဆင့် တွေ့ဆုံညှိနှိုင်းမှုများသည် 'အသစ်ဖြစ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်'တရပ်အဖြစ် ဖြစ်ပေါ်ခဲ့ပါသည်။ ယင်းမှာ ၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲနောက်ပိုင်း ပေါ်ထွက်လာသည့် အစိုးရသစ်နှင့်အတူ ၂၀၁၁ ခုနှစ် ဩဂုတ်လမှ စတင်၍ ဖြစ်ပေါ်လာခဲ့သည်။

ယင်းမတိုင်မီတွင် မြန်မာနိုင်ငံ၏ စစ်အစိုးရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (SLORC) ကာလ ၁၉၈၉ ခုနှစ်ကလည်း အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုတခု ရှိခဲ့သည်။ ဝတိုင်းရင်းသားတို့ ဦးဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) ခေါင်းဆောင်မှုအပေါ် ပုန်ကန်မှုအပြီး စစ်အစိုးရက ယင်းသို့ အပစ်ရပ်စဲရေးဆောင်ရွက်မှုများ ပြုခဲ့ခြင်းဖြစ်သည်။ စစ်အစိုးရက တိုင်းရင်းသားအဖွဲ့ကြီး ၁၄ ခု၊ အဖွဲ့ငယ် ၁၄ခုတို့နှင့် အပစ်ရပ်သဘောတူညီချက်ရယူနိုင်ခဲ့သည်ဟု ကြေညာခဲ့သည်။[၁၀] ယင်းကာလ ၁၉၈၉ ခုနှစ်မှ စတင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးနှင့် ဆက်စပ်လျှင် ပြုပြင်ပြောင်းလဲရေး အစိုးရသစ်ဆောင်ရွက်သည့် နှစ်ဖွဲ့ချင်း အပစ်ရပ် သဘောတူညီချက်များသည် ရေရှည်လုပ်ငန်းစဉ်ကြီးထဲမှ အစိတ်အပိုင်းတခုဟု တွက်ဆလျှင်လည်း ရနိုင်သည်။ ဆယ်စုနှစ်သုံးခုကြာ အပစ်ရပ်စဲရေးမှသည်

၉ UN Human Rights Council. Independent Fact Finding Mission on Myanmar. https://www.ohchr.org/en/hrbodies/hrc/myanmarffm/pages/index.aspx

၁၀ စစ်အစိုးရနှင့် အပစ်ရပ်စဲထားသည့် အဖွဲ့အစည်းများစာရင်း၊ ဧရာဝတီမီလ ၂၀၀၄ ခုနှစ် (November 2019.) https://web.archive.org/web/20111218073438/http://irrawaddy.org/research_show.php?art_id=444#

နိုင်ငံရေးအရ ကျေလည်မှုရှိသည့်ရလဒ် မရရှိခဲ့ဘဲ၊ အပစ်အခတ် ရပ်စဲရေးမှာလည်း အတက်အကျများစွာဖြင့် ရှိခဲ့သည်။

ပထမဦးဆုံး စစ်အစိုးရ ဆောင်ရွက်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးကို စစ်ထောက်လှမ်းရေးတပ်ဖွဲ့က ဦးဆောင်ပြီး၊ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲထားပြီး ပိုနေမြဲ ကျားနေမြဲ အခြေအနေကို ထိန်းသိမ်းထားရုံမျှသာ ဖြစ်ခဲ့သည်။ ယင်းအစီအစဉ်အောက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ (EAOs) အား လက်နက်ဆက်ကိုင်ခွင့် ပြုထားပြီး၊ ကိုယ့်နယ်မြေ ကိုယ်ထိန်းခွင့်ကိုလည်း ခွင့်ပြုထားသည်။ အပြန်အလှန်အားဖြင့် စစ်အစိုးရက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ် အမည်ခံအောက်တွင် စီးပွားရေး လုပ်ပိုင်ခွင့်များ ခွင့်ပြုထားခဲ့သည်။ နိုင်ငံရေးအရ တောင်းဆိုမှုများနှင့် ပတ်သက်၍မူ စစ်အစိုးရက နိုင်ငံရေးဆွေးနွေးပွဲများသည် စစ်အစိုးရ၏ တာဝန်မဟုတ်၊ သူတို့က ကြားကာလ အစိုးရသာ ဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံရပြီး တက်လာသည့် အရပ်သား အစိုးရ လက်ထက်ကျမှသာ ဆွေးနွေးပွဲများ ဖြစ်ပေါ်လာမည်ဟု ရှေ့ဆိုင်းထားခဲ့သည်။ ပြီးခဲ့သည့်ကာလ အပစ်အခတ်ရပ်စဲရေးသည် စစ်တပ်ချင်း-စစ်တပ်ချင်း ဆက်ဆံရေး၊ စစ်တပ်ဖွဲ့များအတွက် သီးသန့်ဖြစ်သော အရင်းရှင်စနစ် ဖြစ်ပေါ်စေခဲ့သည်။ ဝ ဒေသနှင့် အချို့သောဒေသများအဖို့ တရားဝင် မဟုတ်သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေး ရရှိစေခဲ့သည်။

၂၀၀၉ ခုနှစ် ဧပြီလတွင် အထွေထွေ ရွေးကောက်ပွဲများ ကျင်းပခါနီးကာလ၌ စစ်အစိုးရ (နောက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) ဖြစ်လာသည်) က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင် နယ်ခြားစောင့်တပ် (BGF) အဖြစ် အသွင်ပြောင်း၍ လက်နက်ဖြုတ်သိမ်းရန် ကြိုးပမ်းခဲ့သည်။ ဖြစ်ရပ်အချို့တွင် ဤသို့ အသွင်ပြောင်းရန် ငြင်းဆန်ခဲ့ကြသောကြောင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်ခဲ့သည်။ (Myanmar Peace Monitor, 2013)[၁၁]

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ နောက်ပိုင်း ဖွဲ့စည်းသည့် အစိုးရသစ်က ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ငြိမ်းချမ်းရေးကြိုးပမ်းမှုအသစ်ကို ပြန်၍ စတင်ခဲ့သည်။ ယင်းမှနေ၍ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနှင့် တစ်ဖွဲ့ချင်း သဘောတူညီချက်များ ပြန်လည်ရယူနိုင်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (NCA) လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ NCA သဘောတူညီချက်သည် အပစ်ရပ်စဲရေးနှင့် ပတ်သက်၍ အပြည့်စုံဆုံးသော ဘက်စုံသဘောတူညီချက်ဖြစ်ပြီး အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့၏ သဘောတူညီထားချက် ဖြစ်သည်။ NCA သဘောတူညီချက်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်က သဘောတူညီခဲ့သည့်အခါ စည်းနှောင်မှုရှိသော သဘောတူစာချုပ်တခု ဖြစ်လာခဲ့သည်။ (Myanmar Peace Monitor, 2019).

မြန်မာအစိုးရက ၂၀၁၆ ခုနှစ် ဇန်နဝါရီတွင် NCA သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအရ ပထမဦးဆုံး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ခေါ်ယူခဲ့သည်။ ယင်းမှာ ကာလရှည် ဖြစ်ပွားလာခဲ့သည့် ပြည်တွင်းစစ် ပဋိပက္ခ၏ ရေသောက်မြစ် ပြဿနာများကို ကုစားနိုင်ရေး နိုင်ငံရေး ညှိနှိုင်းဆွေးနွေးပွဲများ ဖြစ်သည်။ တိုင်းရင်းသား အဖွဲ့အစည်းများ၏ စိုးရိမ်ပူပန်မှုတခုမှာ အပစ်ရပ်စဲရေး သဘောတူညီချက်များပြီးနောက် အစိုးရက နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ပြုရန် ပျက်ကွက်နေမည့်ကိစ္စ ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များနောက်ပိုင်း အပစ်ရပ်စဲရေးကာလတွင် စစ်အစိုးရက နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးမှုများ မပြုခဲ့သောကြောင့် ဤသို့ ပူပန်ရခြင်း ဖြစ်သည်။ NCA သဘောတူညီချက်တွင် ရှင်းလင်းစွာထည့်သွင်းဖော်ပြထားသည်မှာ သဘောတူညီချက်ရရှိပြီး ခြောက်လအတွင်း နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်တိုက်ခေါ်ယူရန်ဟုပါရှိသည်။ NCA စာချုပ်အတွက် ညှိနှိုင်းဆွေးနွေးမှုများတွင်လည်း တိုင်းရင်းသားအင်အားစုများက နိုင်ငံရေးဆွေးနွေးပွဲများ ခေါ်ယူရန် အကြောင်းကို မဖြစ်မနေ တိုက်တွန်းခဲ့ကြသည်။

၁၁ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ လေးခု၊ အမည်အားဖြင့် ဒီမိုကရက်တစ် ကရင့်ဗုဒ္ဓဘာသာ တပ်မတော် (DKBA)၊ ကချင် ကာကွယ်ရေးတပ်မတော် (KDA) (ယခင် KIA ၏ တပ်မဟာ-၄)၊ ဒီမိုကရေစီသစ်တပ်မတော်-ကချင် (NDA-K) နှင့် ပအိုဝ်အမျိုးသားအဖွဲ့ချုပ် / တပ်မတော် (PNO/A)၊ ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) နှင့် မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ် တပ်မတော် (MNDAA) ၏ အစိတ်အပိုင်းတပ်ဖွဲ့တို့က အသွင်ပြောင်း အစီအစဉ်ကို လက်ခံကာ အစိုးရ၏ နယ်ခြားစောင့်တပ်ဖွဲ့များ ဖြစ်သွားကြသည်။ သျှမ်းပြည်တပ်မတော်-မြောက်၏ တပ်ရင်း ၃ နှင့် ၇၊ လဆန်အောင်ဝါ ဦးဆောင်သည့် KIA ၏ အုပ်စုခွဲတို့က ပြည်သူ့စစ်တပ်ဖွဲ့များ ဖြစ်သွားကြသည်။

၂၀၁၅ ခုနှစ်တွင် NLD က အထွေထွေရွေးကောက်ပွဲကို အပြတ်အသတ်အနိုင်ရရှိ၍ အစိုးရ ဖွဲ့နိုင်သည့် အခါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖွဲ့စည်းထားပုံကို အသစ်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ အစိုးရသစ်က အမျိုးသား ပြန်လည် ရင်ကြား စေ့ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဥက္ကဋ္ဌပြု၍ ပြန်လည် ဖွဲ့စည်းခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အသစ်ကို NRPC က ဦးဆောင်သည်။ သူမက ယခင် မြန်မာနိုင်ငံ ငြိမ်းချမ်းမှုတည်ဆောက်ရေး ဗဟိုဌာန (MPC) ၏ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးသူ အများစုကို လဲလှယ်ခဲ့သည်။[၁၂] MPC မှာ အစိုးရတပိုင်း ဝန်ဆောင်မှုပေးသည့် ဌာနဖြစ်ပြီး ယခင်သမ္မတရုံးဝန်ကြီး ဦးအောင်မင်းက ဦးဆောင်သည်။ ယင်းက အလှူရှင် အစိုးရများ၊ နိုင်ငံတကာ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ကူညီပံ့ပိုးမှု ရရှိရေးကို ပူးပေါင်းဆောင်ရွက်မှု ပြုခဲ့သည်။ အလားတူပင် အစိုးရ၏ ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြား ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများကိုလည်း ရှေ့ဆောင်စီမံခဲ့သည်။ အစိုးရသစ်အောက်တွင် MPC ကို အဆုံးသတ်ခဲ့ပြီး NRPC ဟူ၍ ဦးဆောင်မှုအသစ် ပေါ်ပေါက်လာသည်။ ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက် ဦးဆောင်ပြီး ၂၁ ရာစုပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (UPC-21CPC) အဖြစ် အမည်အသစ် ပေးခဲ့သည်။

> **အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များက မြန်မာနိုင်ငံ ပြည်တွင်းစစ်၏ ရေသောက်မြစ် ပြဿနာများကို ဖြေရှင်းရန် နိုင်ငံရေးအရ ဆွေးနွေးပွဲများဖြင့် ချဉ်းကပ်အဖြေရှာရန် ယေဘုယျအားဖြင့် သဘောတူထားကြသည် …**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အသစ်သော ကာလတွင် အောင်မြင်မှုအဖြစ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့နှစ်ခုက NCA သဘောတူညီချက်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီတွင် လက်မှတ်ရေးထိုး ပူးပေါင်းလာခဲ့သည်။ စုစုပေါင်း NCA သဘောတူညီချက် ရယူထားသည့်အဖွဲ့ ၁၀ ခု ဖြစ်လာခဲ့သည်။ ၂၁ ရာစု ပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံများမှ 'ပြည်ထောင်စု သဘောတူညီချက်'ဟု ခေါ်ဆိုသည့် နိုင်ငံရေးအရ သဘောတူညီချက် ၆၅ ချက် ရရှိခဲ့သည်။ ယင်းတို့ကို နောက်ပိုင်းတွင် ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးခဲ့သည်။[၁၃] ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်ဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရာတွင် ဤသဘောတူထားသည့် အချက်များကို အခြေခံအဖြစ် အသုံးပြုမည်ဖြစ်သည်။ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက မြန်မာနိုင်ငံ ပြည်တွင်းစစ်၏ ရေသောက်မြစ်ပြဿနာများကို ဖြေရှင်းရန် နိုင်ငံရေးအရ ဆွေးနွေးပွဲများဖြင့် ချဉ်းကပ်အဖြေရှာရန် ယေဘုယျအားဖြင့် သဘောတူထားကြသည်။

သို့သော်လည်း တတိယအကြိမ် ၂၁ ပင်လုံညီလာခံ (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ) မှ စ၍ အချို့သော အဓိကကျသည့် အဖွဲ့အစည်းများက လုပ်ငန်းစဉ်မှနေ၍ နုတ်ထွက်ခဲ့ရာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ရပ်ဆိုင်းနေခဲ့သည်။ တနှစ်ကျော်ကြာမြင့်ပြီးမှ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေး ဖြစ်ပွားနေချိန်တွင် စတုတ္ထအကြိမ် ၂၁ ရာစု ပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ကျင်းပနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ မတိုင်မီတွင် ပြန်လည် ကျင်းပနိုင်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲနောက်ပိုင်းတွင် မည်သည့်ပါတီက အနိုင်ရသည်ဖြစ်စေ၊ လုပ်ငန်းစဉ် ပြန်လည်စတင်ရန် (EAOs) အဖွဲ့အစည်းများက အာမခံချက်တရပ် ရရှိလိုကြပြီး၊ အစိုးရအတွက်မူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်စတင်နိုင်ခြင်းကြောင့် နိုင်ငံရေးအရ အောင်မြင်မှုဟု ဆိုနိုင်သည်။ ကျန်းမာရေးပြဿနာကြောင့် အကျဉ်းချုံး ကျင်းပခဲ့ရပြီး အဖြစ်ပြယုဂ်သဘော ပိုဆောင်သည်။ ၂၀၂၀ ပြည့်နှစ် ငြိမ်းချမ်းရေးညီလာခံအရ သဘောတူညီချက်များတွင် (၁) သဘောတူညီချက် ၁၅ ချက်၊ (၂) ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း အဆင့်လိုက်အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်ရှစ်ချက်၊ (၃) ဒီမိုကရေစီဖက် ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် အခြေခံမူဆိုင်ရာ သဘောတူညီချက်လေးချက် ပါဝင်သည်။[၁၄] မည်သို့ပင်ဖြစ်စေ၊ တရုတ်နိုင်ငံက မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပို၍ တွန်းတွန်းတိုက်တိုက် ပါဝင်လာနေသည်။ တချိန်တည်းတွင် စစ်ပွဲများ မရပ်စဲနိုင်သည့်အပြင် တိုး၍ဖြစ်ပွားလာနေရာ 'ပြည်တွင်းဖြစ်'ငြိမ်းချမ်းရေးကြိုးပမ်းချက် လုပ်ငန်း ကိုးနှစ်ကာလမှာ အလုပ်မဖြစ်ကြောင်း ပြသနေသည်။

၁၂ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NRPC က ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့်မူဝါဒကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။ ၂၀၁၆ ခုနှစ် ဇူလိုင်တွင် တည်ထောင်ခဲ့သည့် ငြိမ်းချမ်းရေးကော်မရှင် Peace Commission (PC) ကို ဒေါက်တာတင်မျိုးဝင်း ဦးဆောင်ပြီး NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းမှုပြုသည်။

၁၃ ပြည်ထောင်စု သဘောတူညီချက်(၁)တွင် သဘောတူညီချက် ၃၇ ချက် ပါဝင်ပြီး ၂၁ ရာစုပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ဒုတိယအကြိမ် (၂၀၁၇ ခုနှစ်၊ မေလ) တွင် သဘောတူညီချက် ရယူနိုင်ခဲ့သည်။ ပြည်ထောင်စု သဘောတူညီချက်(၂)တွင် သဘောတူညီချက် ၁၄ ချက် ပါဝင်ပြီး ၂၁ ရာစု ပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ တတိယအကြိမ် (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ) တွင် သဘောတူညီချက် ရယူနိုင်ခဲ့သည်။

၁၄ National Reconciliation and Peace Center. "UPDJC Finalizes Part III of Union Accord to be Signed at 4th Session of 21st Panglong." https://www.statecounsellor.gov.mm/en/node/2966

ဒေသခံ အင်အားစုများက မြန်မာ့ငြိမ်းချမ်းရေးအတွက် စွမ်းဆောင်နိုင်မှုမရှိသကဲ့သို့ ပဋိပက္ခများ ချုပ်ငြိမ်းစေရန် နိုင်ငံရေးအရ မစွမ်းဆောင်လိုသည်ကိုလည်း ပြသနေသည်။ ယခုအချိန်သည် ပါဝင်လှုပ်ရှားနေသူတို့၏ အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ သဘောသဘာဝ၊ ချဉ်းကပ်မှုနှင့် ရှုမြင်မှုများကို ပြန်၍ သုံးသပ်ရတော့မည့်အချိန်၊ ပြန်၍ အားသစ်လောင်းရတော့မည့်အချိန် ဖြစ်ပါသည်။

## မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဒီဇိုင်း၊ စိန်ခေါ်မှုများနှင့် တရားဝင်ဖြစ်မှု

NCA သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တခုတည်းသော လမ်းညွှန်နှင့် ကိုးကားရန်အညွှန်းလည်း ဖြစ်သည်။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (UPC) မှာ အစောပိုင်းတွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs)၊ နိုင်ငံရေးပါတီများပါဝင်သည့် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းရာ အဓိက အစည်းအဝေးတခု ဖြစ်ခဲ့သည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ကနဦးတွင် 'ပြည်တွင်းဖြစ်' (home-grown) နှင့် ဖက်စပ်သဘာဝ (joint-venture) အဖြစ် စတင်ခဲ့ကြသည်။ မြန်မာအစိုးရက အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် အဖြစ် တဖွဲ့ချင်း စတင်ဆွေးနွေးခဲ့ကြပြီး၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရများနှင့် EAOs အဖွဲ့များက ဒေသအလိုက် စ၍ဆွေးနွေးကြသည်။ ဤသို့ဖြင့် တဒါဇင် အရေအတွက်ကျော်သော တဖွဲ့ချင်း အပစ်ရပ်စဲရေး သဘောတူညီချက်များ (bi-lateral ceasefire agreements) များ ပေါ်ထွက်လာခဲ့သည်။ အစိုးရက ပြည်ထောင်စုအဆင့် ငြိမ်းချမ်းမှုတည်ဆောက်ရေး ဗဟိုကော်မတီ (UPCC) ကို ဖွဲ့စည်းပြီး သမ္မတဦးသိန်းစိန်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ  လုပ်ငန်းစဉ်ကို ကြီးကြပ်သည်။ UPCC တွင် သမ္မတအပြင်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများ လည်းပါဝင်ကြသည်။ ယင်းဗဟိုကော်မတီ၏ အောက်တွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးလုပ်ငန်း ကော်မတီ (UPWC) ကို ထားရှိ၍ ဒုတိယသမ္မတ စိုင်းမောက်ခမ်းက ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည်။ UPWC လုပ်ငန်းကော်မတီတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စစ်တိုင်းမှူးများ အပါအဝင် အဖွဲ့ဝင် ၅၂ ဦး ရှိသည်။ တစိတ်တပိုင်းအစိုးရ၏ အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ ငြိမ်းချမ်းမှု ပြန်လည်ဖော်ဆောင်ရေးဗဟိုဌာန Myanmar Peace Center (MPC) က ပင်မ ဆွေးနွေးညှိနှိုင်းသူအဖြစ် ဆောင်ရွက်သည်။ အလားတူပင် MPC က (EAOs) များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုပြုသည်။[၁၅] ဤကာလတွင် ၂၀၁၃ ခုနှစ်၌ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်း ၁၆ ဖွဲ့က တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Nationwide Ceasefire Coordinating Team (NCCT) ကို ဖွဲ့စည်း၍ အစိုးရနှင့် တခုတည်းသော အပစ်ရပ်စဲရေး သဘောတူညီချက် စာသား ပေါ်ထွက်လာစေရေးအတွက် စတင်ညှိနှိုင်းခဲ့သည်။ NCCT ကို မွန်ပြည်သစ်ပါတီ၏ ဒုတိယ ဥက္ကဋ္ဌ နိုင်ဟံသာက ဦးဆောင်ခဲ့သည်။[၁၆] NCA သဘောတူညီချက် ရရှိသည့်အခါ ၎င်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရနှင့် ဆွေးနွေးဖက်အဖွဲ့အစည်းများက ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများဖြင့် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် ဖြစ်သည်။

NLD ပါတီက ရွေးကောက်ပွဲ အနိုင်ရပြီးသည့်အချိန်တွင် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေး ဆောင်ရွက်မည့် အသင်းနှင့် ဦးဆောင်မှုအားလုံးကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ သူကိုယ်တိုင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ငြိမ်းချမ်းရေး အဖွဲ့တခုလည်းကို ပြန်လည်ဖွဲ့စည်းသည်။ သူမ ယုံကြည်ရသူတဦးကို ဦးဆောင်စေ၍ ငြိမ်းချမ်းရေး ကော်မရှင် Peace Commission (PC) ကို ဖွဲ့စည်း၍ နောက်ထပ် ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ဆက်လက် ဦးဆောင်စေသည်။ နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တခုလုံးတွင် နေရာ မရှိပေ။ ဥက္ကဋ္ဌဖြစ်သည့် သူမကိုယ်တိုင်နှင့် NRPC အထက်တွင် လမ်းညွှန်မှုခံယူနိုင်ရန် မည်သူတဦးမျှ

၁၅ Myanmar Peace Monitor. https://www.mmpeacemonitor.org/government-peace-pla

၁၆ Myanmar Peace Monitor. https://www.mmpeacemonitor.org/1661
EAOs ၁၇ ဖွဲ့က ကချင် လွတ်မြောက်ရေးအဖွဲ့ (KIO) ထိန်းချုပ်ဒေသ လိုင်ဇာတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာလ ၂ ရက်အထိ ညီလာခံတခု ကျင်းပခဲ့ကြပြီး ညီလာခံအပြီးတွင် တိုင်းရင်းသားခေါင်းဆောင်များက အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် သူတို့ကို ကိုယ်စားပြုနိုင်ရန် NCCT အဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။

ရှိမနေပေ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါသည့်ပုဂ္ဂိုလ်များဖြစ်ကြသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယဦးစီးချုပ်များ ပါဝင်ဖွဲ့စည်းထားခြင်းမရှိပေ။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (UPC) ကို ၂၁ ရာစု ပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံအဖြစ် အမည်သစ်တပ်၍ ပြန်လည်ကျင်းပခဲ့သည်။ ယင်းမှာ ၁၉၄၇ ခုနှစ်တွင် ဗမာနှင့် တိုင်းရင်းသားခေါင်းဆောင်များအကြား သဘောတူညီမှုရယူခဲ့သော ပင်လုံစာချုပ်ကို ရည်ညွှန်း၍ ခေါ်ဆိုခြင်းဖြစ်သည်။

ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုအဖွဲ့မှာ ရလဒ်ကောင်းများ မထွက်ပေါ်နိုင်ခဲ့ပေ။ လွဲမှားသည့်သူ တဦးကို ဦးဆောင်စေပြီး အဆိုးဆုံးမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစုံလုံးကို မှားယွင်းတွက်ဆ လုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ သိသိသာသာ တုံ့နှေးသွားခဲ့သည်။ ယင်းအချိန်မှ စ၍ ပါဝင်နေကြသည့် အရေးပါသည့် အင်အားစုအများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ စီမံခန့်ခွဲမှုတွင် ပို၍ ဗဟိုချုပ်ကိုင်မှု များလာနေသည်။ အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်သူများကို တွေ့ဆုံနိုင်ရေး ခက်ခဲလွန်းသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAOs) များနှင့် ယုံကြည်မှုတည်ဆောက်နိုင်ရေး အလွတ်သဘော တွေ့ဆုံမှုများထက်စာလျှင် တရားဝင် အစည်းအဝေးသဖွယ်သာ ရှိတော့သည်ဟု ဆိုကြသည်။ အစိုးရကဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေးဆိုင်ရာ အင်စတီကျူးရှင်းစနစ်များမှာလည်း ကြီးမားကျယ်ပြန့်သည့် စိန်ခေါ်မှုပြဿနာကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် အားနည်းချည့်နဲ့လွန်းနေသည်။

NCA ၏ ပင်မယန္တရားအဖြစ် အဓိကကျသည့် အဖွဲ့အစည်းသုံးခုကို ဖွဲ့စည်းခဲ့သည်။ ယင်းတို့မှာ -

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)
၂။ NCA ပူးတွဲ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) နှင့်
၃။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) တို့ဖြစ်သည်။

## နိုင်ငံရေးဆွေးနွေးမှု ကျင်းပပုံများနှင့် JICM ၏ အခန်းကဏ္ဍ




ကိုးကား - UPDJC နိုင်ငံရေးပါတီများအစုအဖွဲ့

### JICM ၏ အခန်းကဏ္ဍ

JICM သည် NCA စာချုပ်အရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံး၏ အရေးအကြီးဆုံး အစည်းအဝေးဖြစ်သည်။ အဆိုပါအစည်းအဝေး၌ အစိုးရအဖွဲ့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ထားပြီး တပ်မတော်အစုအဖွဲ့ကို ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဦးဆောင်ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှာ JICM အစည်းအဝေးသို့ တက်ရောက်ခြင်းမရှိပေ။ JICM ကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်နှင့် NCA လက်မှတ်ထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ သတ်မှတ်ထားသည့် အရေအတွက်အတိုင်း တက်ရောက်ခွင့်ရှိပါသည်။ JICM အစည်းအဝေးကို သုံးလလျှင်တကြိမ် ကျင်းပရန်နှင့် အရေးပေါ်အစည်းအဝေးကို လိုအပ်သလိုကျင်းပရမည်ဟု ပြဋ္ဌာန်းထားသည်။

**၉**

၂၀၁၅ ခုနှစ် အောက်တိုဘာမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၃ ရက်အထိ JICM အစည်းအဝေး ကိုးကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။

**JICM အစည်းအဝေး ကိုးကြိမ်**

၁။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်
၂။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်
၃။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်
၄။ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်
၅။ ၂၀၁၇ ခုနှစ် ဧပြီ ၄ ရက်
၆။ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်
၇။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်
၈။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်
၉။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၃ ရက်

USDP အစိုးရလက်ထက် (၁–၃)
NLD အစိုးရလက်ထက် (၄–၉)

**၅**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ငါးကြိမ် ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

**၇၁**

ပြည်ထောင်စု သဘောတူ စာချုပ်တွင် ထည့်သွင်းရန် ၇၁ ချက် ရရှိခဲ့ပြီဖြစ်သည်။

ယနေ့ကာလအထိ UPDJC အစည်းအဝေး အကြိမ် ၂၀၊ JICM အစည်းအဝေး ကိုးကြိမ်နှင့် JMC အစည်းအဝေး၁၉ကြိမ်သာကျင်းပနိုင်သည်။ကနဦးတွင်ဤဖွဲ့စည်းမှုများကိုအကျယ်အပြန့်ထောက်ခံခဲ့ကြပြီး ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဓိက ဦးစားပေးလုပ်ငန်းအဖြစ်ဆောင်ရွက်မည်ဟုဆိုခဲ့ရာ များစွာမျှော်လင့်ခဲ့ကြသည်။ နောက်ပိုင်းတွင် ဤလုပ်ငန်းစဉ်များတွင် မဟာဗျူဟာချမှတ်ထားမှု အားနည်းနေပြီး ဖွဲ့စည်းထားပုံအရ မထိရောက်သည်ကို တွေ့ရှိခဲ့ကြရသည်။ ထို့အပြင် အကြောင်းအရာ ဘာသာရပ်များအတွက် လိုအပ်သည့်ကျွမ်းကျင်သူများ ချို့တဲ့နေကြသည့်အပြင် မစုစည်းနိုင်ခဲ့ကြပါ။ ယခင်လုပ်ငန်းစဉ်အတွင်း အဖွဲ့အစည်းစနစ်သဘော မှတ်ဉာဏ်နှင့် ဗဟုသုတ ထိန်းသိမ်းထားကြသူများကိုလည်း ဖယ်ရှားပစ်ခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေးထက်စာလျှင် ပို၍နက်နဲသည့် အရေးပါသည့်ကိစ္စများဖြစ်ကြသည့် နိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံ၊ ဗဟိုနှင့် ဒေသအစိုးရများအကြား ဆက်ဆံရေး စသည့်ကိစ္စရပ်များ ညှိနှိုင်းဆွေးကြရသည့်အခါ၊ ချဲ့ထွင်လာသည့်အခါ ကျွမ်းကျင်မှု မလုံလောက်သည်ကို တွေ့လာရသည်။

အရေးပါသည့် အင်အားစုများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ စီမံခန့်ခွဲမှုတွင် ဗဟိုချုပ်ကိုင်မှု ပိုများလာသည့်အတွက်ကြောင့်၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ကျဆင်းလာသည်ကို ဖော်ပြကြသည်။ လုပ်ငန်းစဉ်တွင် ဗဟိုချုပ်ကိုင်၍ အကောင်အထည်ဖော်မှုပြုသော်လည်း NRPC ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်က အလေးအနက်ထားမှု နည်းသည်ကိုလည်း ဝေဖန်ထောက်ပြကြသည်။ အရေးပါသည့် လုပ်ငန်းစဉ်များတွင် သူမ၏ အလေးထားမှုနှင့် ပါဝင်ဆောင်ရွက်နိုင်မှုကြောင့် လုပ်ငန်းစဉ်အပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိစေသည်။ အများက ထောက်ပြကြသည်မှာ သူမကိုယ်တိုင်က ညှိနှိုင်းအစည်းအဝေးများတွင် အချိန်ပြည့်မထိုင်ဘဲ၊ ဖွင့်ပွဲမိန့်ခွန်း ပြောပြီးသည်နှင့် ထွက်ခွာသွားတတ်သည်။ သို့မဟုတ် EAOs ခေါင်းဆောင်များနှင့် အခြားသူများ၏ မိန့်ခွန်းကိုကျော်သွားနိုင်ရန် အချိန်နောက်ကျ၍ လာတတ်သည်။ သူမက သူ၏အခန်းကဏ္ဍကို မရှိမဖြစ် စာရွက်စာတမ်းများ လက်မှတ်ရေးထိုးပေးရုံ၊ ဖွင့်ပွဲမိန့်ခွန်း ပြောရုံလောက်သာ သတ်မှတ်ထားပုံရသည်။ အရေးပါသည့် ပူးတွဲကော်မတီဖြစ်သည့် UPDJC အစည်းအဝေးကို ငါးကြိမ်တိုင်တိုင် (၁၃ ကြိမ်မြောက်မှ ၁၇ ကြိမ် မြောက်အထိ) တက်ရောက်ခဲ့ခြင်းမရှိဘဲ ပျက်ကွက်နေခဲ့သည်။ ထို့နောက် ၂၀၂၀ ပြည့်နှစ် ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေးညီလာခံအကြို ကျင်းပသည့် ၂၀ ကြိမ်မြောက် UPDJC အစည်းအဝေးမှသာ တက်ရောက်ခဲ့သည်။ သို့သော် ဖွင့်ပွဲမိန့်ခွန်းမျှသာ ပေးခဲ့သည်။

တတိယအကြိမ် ငြိမ်းချမ်းရေးညီလာခံမှ စတင်၍ အရေးပါသည့် အင်အားစုများအကြား တင်းမာမှုများပေါ်ပေါက်လာခဲ့သည်။ '၁၀+ ၁၀ ထိပ်သီးအစည်းအဝေး'[၁၇] ဟု ခေါ်ဆိုကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဘက်မှ ထိပ်သီးခေါင်းဆောင် ၁၀ ဦး၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ထိပ်သီးခေါင်းဆောင် ၁၀ ဦးတို့ တက်ရောက်ကြသည့် ထိပ်သီးအစည်းအဝေးကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့ရာ မအောင်မြင်ဖြစ်ခဲ့ရသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကဲ့သို့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရားဝင် ပူးပေါင်းဆောင်ရွက်နေမှုမှ ဆုတ်ခွာသွားကြပြီး နောက်ပိုင်းတွင် RCSS က NCA သဘောတူညီချက်ပါ အကောင်အထည်ဖော်နေသည့် လုပ်ငန်းတခု ဖြစ်သော အပစ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေး လုပ်ငန်းများကို ပါဝင်မှု ဆိုင်းငံ့ထားမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။ သတင်းများအရ ထိပ်သီး ၁၀+ ၁၀ အစည်းအဝေး၏ အခင်းအကျင်းမှာ ရင်းနှီးပွင့်လင်းမှု မရှိဘဲ ခေါင်းဆောင်များက သူတို့၏ရပ်တည်ချက်များကို ထုတ်ဖော် ကြေညာရုံမျှသာ ဖြစ်သည်။ ညှိနှိုင်းမှု မဟုတ်ခဲ့ပါ။ သို့အတွက်ကြောင့် တင်းမာမှုနှင့် နားလည်မှုလွဲရသည်များ ဖြစ်ပေါ်စေခဲ့သည်။ ကြိုတင် ညှိနှိုင်းတိုင်ပင်ထားမှုများ မရှိဘဲ ခေါင်းဆောင်များသက်သက် တွေ့ဆုံခဲ့ခြင်းသည်လည်း အစည်းအဝေးမှ တိုးတက်မှုရရန် မဖြစ်ခဲ့ရသော အကြောင်းဖြစ်သည်။

၁၇ NCA သဘောတူညီချက် လက်မှတ်ရေးထိုးသည့် တတိယအကြိမ်နှစ်ပတ်လည်တွင် ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးကို ကျင်းပခဲ့သည်။ မပြေလည်သည့်ကိစ္စများကို ခေါင်းဆောင်များ အချင်းချင်း ပိုမိုနားလည်မှုရရှိစေရန် ညှိနှိုင်းဆွေးနွေးဖို့ ရည်ရွယ်ထားခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၀ ခုမှ ထိပ်သီးခေါင်းဆောင်များက အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဘက်မှ ထိပ်သီးခေါင်းဆောင် ၁၀ ဦးနှင့် တွေ့ဆုံကြသည်။ လွတ်လပ်ပွင့်လင်းစွာ ညှိနှိုင်းပြောဆိုကြရမည့်အစား ခေါင်းဆောင်များက သူတို့၏ တရားဝင်ရပ်တည်ချက်ကိုသာ ဖော်ပြပြောဆိုခဲ့ကြသည်။ သို့အတွက်ကြောင့် ပို၍ နားမလည်မှုများ၊ သံသယများ ဖြစ်ပေါ်ခဲ့ရပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရပ်ဆိုင်းလုနီးပါး ဖြစ်သွားသည်။ ကရင် အမျိုးသားအစည်းအရုံး (KNU) က ငြိမ်းချမ်းရေးညှိနှိုင်းမှုများတွင် ပါဝင်ဆောင်ရွက်ရန် ယာယီဆိုင်းငံ့ထားကြောင်း ကြေညာခဲ့သည်။ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကလည်း အပစ်ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မရှင် (JMC) ၏ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုမှဆုတ်ခွာသည်ဟု ကြေညာခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပါဝင်နေကြသူများက ယခင်က 'ဖက်စပ်ဆောင်ရွက်မှု' (joint venture) ဟု ရှုမြင်ကြသည်။ သို့သော် လုံးဝ ကျေနပ်၍ ဆန္ဒအလျောက် ပါဝင်ခြင်းမျိုးတော့ ဖြစ်ဟန်မတူပါ။ သဘောမှာ ငြိမ်းချမ်းရေးညှိနှိုင်းမှုသို့ ပါတီတခုက မတက်ရောက်ပါက၊ လုပ်ငန်းစဉ်ကို ကျန်ပါတီက တဖက်သတ်ဖြင့် ဆက်၍မသွားနိုင်ခြင်း ဖြစ်သည်။ NRPC ဖွဲ့စည်းပြီး နောက်ပိုင်းတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများက ပို၍ ဗဟိုချုပ်ကိုင်မှုများလာသည်ဟု ဖော်ပြကြသည်။ အစိုးရက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုယ်စားလှယ်တဦးမှ ရွေးချယ်ခံရခြင်း မရှိသည့် နိုင်ငံရေးပါတီများကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ပါဝင်ရန် တားမြစ်ခဲ့သည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုကိုလည်း တိုက်ရိုက်ပါဝင်ခွင့် မပြုတော့ဘဲ၊ ငြိမ်းချမ်းရေးညီလာခံနှင့်အတူ စင်ပြိုင်ကျင်းပသည့် အစည်းအဝေးများမှ တဆင့်သာ ပါဝင်ခွင့်ပြုခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) များက NCA သဘောတူညီချက်ကို အကောင်အထည်ဖော်ရာတွင် နှေး ကွေးနေခြင်း နှင့် ပြည့်စုံမှု မရှိခြင်းကို စောဒက တက်ကြသည်။ တိုင်းရင်းသားအဖွဲ့အစည်းများ ထိန်းချုပ်ထားရာ ဒေသများတွင် အုပ်ချုပ်မှုစနစ် လုပ်ငန်းများ၊ အုပ်ချုပ်ရေးအာဏာနှင့် ဝန်ဆောင်ပေးမှုနှင့် ပတ်သက်သည့် 'ကြားကာလ အစီအစဉ်များ' နှင့် ပတ်သက်လျှင် အကောင်အထည်ဖော်မှု မရှိသလောက် ဖြစ်သည်။ (အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးစနစ်များကို ပဋိပက္ခကြောင့် ဒုက္ခရောက်နေသည့် ဒေသများတွင် ဝန်ဆောင်ပေးမှုများ ရှိနေကြသည်) ဤကြားကာလ အစီအစဉ်ကို NCA စာချုပ်တွင် သဘောတူညီထားပြီး ဖြစ်သည်။ ဤပြဋ္ဌာန်းချက်မှာ အငြင်းပွားဖွယ် ရှုပ်ထွေးနေသကဲ့သို့ ပြဿနာများလည်း ရှိနေသည်။ တပ်မတော်၏ အမြင်တွင်မူ ယင်းအစီအစဉ်သည် စင်ပြိုင်အုပ်ချုပ်ရေးကို ခွင့်ပြုထားပြီး (EAOs) များက သူတို့နေရာကို လုံးဝ ထိန်းချုပ်ခွင့် ရသွားစေမည်ဟု မြင်ကြသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက လူထုထောက်ခံမှုနှင့် ဒေသထိန်းချုပ်မှုများကို ပို၍ ချဲ့ထွင်နိုင်မည်ဟုလည်း ယူဆကြသည်။ (South et al, 2019).

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံများ ((UPC-21CPC)) မှနေ၍ အချက် ၆၅ ချက်ပါ ပြည်ထောင်စု သဘောတူညီချက်များ ရရှိခဲ့သည် ဆိုသော်လည်း၊ ယင်းအချက်များသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် အခြေခံမှုများအဖြစ်ဆိုလျှင် ယေဘုယျ ဆန်လွန်းသည်ဟု EAOs များနှင့် တိုင်းရင်းသားနိုင်ငံရေး ခေါင်းဆောင်များက ဝေဖန်ကြသည်။ တချိန်တည်းမှာပင် အရေးကြီးသည့် ပြဿနာတခုဖြစ်သော ပူးပေါင်းဆောင်ရွက်မှုရှိသည့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု အစီအစဉ်များကိုလည်း ဆွေးနွေးနိုင်ခြင်း မရှိသေးပါ။ တပ်မတော်၏ ရပ်တည်ချက်မှာ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများမှာ ဖြစ်မည်ဆိုလျှင် တစိတ်တပိုင်းသာ ဖြစ်သည်။ ဒေသအချို့၌သာ ဖြစ်မည်ဟု ဆိုသည်။ တပ်မတော် တစုံလုံးကို ပြုပြင်ပြောင်းလဲရန် မရှိဟု မြင်ကြသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ ဥပဒေပြုရေးနှင့် အခြားသော ဆောင်ရွက်မှုများအတွက်ကြောင့်လည်း တိုင်းရင်းသား တန်းတူညီမျှမှုနှင့် ဖက်ဒရယ်ရေး ကတိကဝတ်များအပေါ် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေခဲ့သည်။ NLD အစိုးရ၏ အရေးပါသည့် မူဝါဒများစွာတွင် - ဥပမာအားဖြင့် အမျိုးသား ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် တိုင်းရင်းသား ဘာသာစကား ပညာရေး၊ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၊ ရခိုင်ပြည်နယ် အကျပ်အတည်း ကိုင်တွယ်စီမံပုံ၊ ဥပဒေပြဋ္ဌာန်းမှုများ (ဥပမာအားဖြင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၂ နှင့် ၂၀၁၈ တွင် ပြန်လည် ပြင်ဆင်ပြဋ္ဌာန်း)[၁၈] နှင့် ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုများကို တိုင်းရင်းသားပြည်နယ်များတွင် စိုက်ထူမှုများ ဖြစ်သည်။[၁၉] ဤအချက်များက အစိုးရက ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ပါမည် ဟူသော ကတိကဝတ်အပေါ် ဖြည့်ဆည်းပံ့ပိုးမှု မဖြစ်စေပါ။ ယင်းအစား အစိုးရခေါင်းဆောင်များ၏ နိုင်ငံရေး

၁၈ ဤသို့သော ဥပဒေများ ချမှတ်ခြင်းကြောင့် တိုင်းရင်းသားလူထုများအတွက် ခိုင်လုံသည့်အကြောင်းတရား ဖြစ်စေသည်။ အကယ်၍ အကောင်အထည်ဖော်ခဲ့ပါက တိုင်းရင်းသားများအနေဖြင့် သူတို့၏ ဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်လာသည့် မြေများမှနေ၍ ရွှေ့ပြောင်းထွက်ခွာရမှုများ ဖြစ်လာနိုင်ပြီး ထုံးတမ်းစဉ်လာ မြေပိုင်ဆိုင်မှု အခွင့်အရေးများကို အားလျော့ချည့်နဲ့စေမည် ဖြစ်သည်။

၁၉ ဗိုလ်ချုပ်အောင်ဆန်းမှာ နိုင်ငံ၏ လွတ်လပ်ရေးဗိသုကာဟု လူအများကလက်ခံကြပြီး ယနေ့ နိုင်ငံ၏ အာဏာရှိခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဖခင်ဖြစ်သည်။ သို့သော် NLD ပါတီ၏ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုများကို မကြာသေးမီနှစ်များက မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ထုလုပ်မှုကြောင့် ဆန့်ကျင်မှုရလဒ်များ ထွက်ပေါ်စေခဲ့သည်။ တိုင်းရင်းသားလူထုများအကြား မကျေနပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး အချို့သောနေရာများတွင် ပြောင်ကျကျ ဆန့်ကျင်မှုများ ဖြစ်ပွားခဲ့သည်။

အရ ဆန္ဒရှိမှုအပေါ် သံသယများ တိုးပွားစေပြီး အဆိုပြုထားသည့် တိုင်းရင်းသား တန်းတူရေးနှင့် ဖက်ဒရယ်စနစ် တည်ဆောက်ရေးအပေါ် သံသယပွားစေသည်။

၂၀၁၉ ခုနှစ်အကုန်၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲများသို့ ဦးတည်နေသည့် အခြေအနေတွင် NLD ပါတီက လွှတ်တော်အတွင်း ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများကို ပြုလာခဲ့သည်။ ယခင် ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးမှုများ၏ ကတိကဝတ်ပြုမှုလည်း ဖြစ်သည်။ ယင်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ရှုပ်ထွေးဝေဝါးမှု ဖြစ်စေခဲ့သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကမူ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံများတွင် ညှိနှိုင်းဆွေးနွေး၍ ရရှိလာသော သဘောတူညီချက်များဖြင့် ဖွဲ့စည်းပုံကို ပြင်ဆင်နိုင်မည်ဟု ကြိုးပမ်းနေကြသည်။ ယင်းတွင် ဆွေးနွေးချက်များမှာလည်း အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံမူများကို ဆွေးနွေးနေကြသည်ဟု ယုံကြည်ထားကြသည်။ NLD ပါတီက ဖွဲ့စည်းပုံ ပြင်ဆင်ရေးကို လွှတ်တော်တွင်းသို့ ပြန်ယူသွင်းသည်မှာ တိုင်းရင်းသားအုပ်စုများအကြား ထပ်၍ နားမလည်နိုင်စရာ ဖြစ်စေခဲ့သည်။

လေ့လာသူအများက လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အစိုးရ၏ ဦးဆောင်မှု ကင်းမဲ့နေသည်ဟု ထောက်ပြကြသည်။ ယင်းအချက်ကြောင့် တပ်မတော်က အဓိကကျသည့် ပြဿနာများစွာတွင် မမျှတသည့် ဩဇာလွှမ်းမိုးခွင့် ရလာစေသည်။ NCA သဘောတူညီချက်အရ ဖွဲ့စည်းသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဖြစ်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) တို့မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ အရပ်ဘက်အဖွဲ့များနှင့် တပ်မတော်တို့အကြား ဖက်စပ်သဘော ဖွဲ့စည်းဆောင်ရွက်နေခြင်း ဖြစ်သည်။ သို့သော်လည်း တပ်မတော်ကိုယ်စားလှယ်များက ယင်းအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များအပေါ် ဩဇာလွှမ်းမိုးကြပြီး နှိုင်းယှဉ်ချက်အရ တပ်မတော်က ဖွဲ့စည်းပုံအရ အသာစီးရနေသည်။ ဘုံသဘော နိုင်ငံရေးမူဘောင်ရရှိရေး ဆွေးနွေးကြသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသား နိုင်ငံရေးအုပ်စုများ၏ ဆွေးနွေးပွဲများကိုလည်း တပ်မတော်ဘက်က ပိတ်ဆို့တားဆီးမှုများရှိခဲ့သည်။ အချို့သော ဖြစ်ရပ်များတွင် အစည်းအဝေးများ အပေါ် ကန့်သတ်မှုများ ရှိခဲ့ကြသည်။[၂၀] အဆိုးဆုံးအခြေအနေမှာ မြန်မာအစိုးရက ကိုဗစ်-၁၉ ကူးစက်ကပ်ဘေး အပြင်းအထန်ဖြစ်ပွားနေချိန်တွင် ရက္ခိုင့်တပ်တော် (AA) ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်တွင် တရားဝင်ကြေညာခဲ့ခြင်းဖြစ်သည်။[၂၁]

ယာယီ အပစ်ရပ်ထားနိုင်မှုကြောင့် လူထုတို့၏ နေ့စဉ်ဘဝ အခက်အခဲများကို ရေတိုအားဖြင့် သက်သာစေသည်။ အကြမ်းဖက်မှုများကို သိသာစွာ လျော့ကျဆင်းစေခဲ့သည်။ ယင်းအပြင် ယာယီ အပစ်ရပ်ထားနိုင်မှုကြောင့် စစ်မက်ဖြစ်ပွားနေသည့် အဖွဲ့ အစည်းများအကြား ယုံကြည်မှုကို တည်ဆောက်နိုင်ပြီး ယင်းမှတဆင့် ထာဝရငြိမ်းချမ်းရေးလည်း ရရှိနိုင်သည်။ သို့သော် မြန်မာနိုင်ငံ၏ အပစ်ရပ်စဲရေးတွင်မူ ပထမအကြိမ်၌ ၁၉၈၉ ခုနှစ်တွင် စတင်ခဲ့ပြီး ဆယ်စုနှစ်သုံးခုကြာ လူးကာလိမ့်ကာဖြင့် ရှိခဲ့သည့် 'ရေရှည်ကြာမြင့်သည့် အပစ်ရပ်စဲရေး' ဖြစ်နေခဲ့သည်။ ထို့အပြင် အစိုးရက တိုင်းရင်းသား သူပုန်ထမှုအများအပြားနှင့် တပြိုင်နက် ရင်ဆိုင်နေရရာ ပို၍ ရှုပ်ထွေးမှု ဖြစ်စေသည်။ နိုင်ငံရေးအရ ကျေလည်သဘောတူညီမှု မရနိုင်ဘဲ 'ရေရှည် ကြာမြင့်သည့် အပစ်အခတ်ရပ်စဲရေး' ဖြစ်နေမှုကြောင့် 'စစ်အေးတိုက်ပွဲအသွင်' ဖြစ်စေသည်။ မူဝါဒအရ ပို၍ရှုပ်ထွေးခက်ခဲမှုများ ဖြစ်စေသည်။ (Aung Naing Oo, 2019). တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံးက စစ်အတွက် လူသူလက်နက် ပြင်ဆင်နေကြပြီး ခံစစ်အတွက် တပ်စခန်းများကိုလည်း ခိုင်မာအောင် ပြင်ဆင်နေကြသည်။ 'ရေရှည်ကြာမြင့်သည့် အပစ်ရပ်စဲရေး'၏ အခြားဆိုးကျိုးတခုမှာ အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များ (NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များနှင့် တပ်မတော်နှင့် မဟာမိတ်ပြုထားသည့် ပြည်သူ့စစ်တပ်ဖွဲ့များ)က 'အခွန်'ကောက်ယူနေကြခြင်းနှင့် အဖိုးတန်ကျောက်မျက်များ၊ ကျွန်းသစ်၊ လက်နက်များကို သူတို့ ရှင်သန်ရပ်တည်ရေးအတွက် မှောင်ခိုကုန်ကူး ရောင်းဝယ်နေကြခြင်းဖြစ်သည်။ ထိုအခါ 'စစ်စီးပွားရေး'

၂၀ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် ရခိုင် လွတ်မြောက်ရေးပါတီ (ALP) တို့ကို တပ်မတော်က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ၎င်းတို့၏ သက်ဆိုင်ရာ ပြည်နယ်အတွင်း ကျင်းပခွင့်မပြုဘဲ ပိတ်ပင်ခဲ့သည်။ ထိုင်းနိုင်ငံ၊ ချင်းမိုင်တွင် ကျင်းပမည့် ရှမ်းတိုင်းရင်းသား အစည်းအဝေးတခုကိုလည်း သံတမန်ရေးအားဖြင့် ထိုင်းအစိုးရသို့ ပိတ်ပင်ခိုင်းခဲ့သည်။

၂၁ Nai, Thet and Rikar Hussein, (March 24, 2020). More Violence Feared as Myanmar Names Arakan Army a Terrorist Organization. VOA News. https://www.voanews.com/extremism-watch/more-violence-feared-myanmar-names-arakan-army-terrorist-organization

## NCA ငါးနှစ်ခရီး ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်များ (၂၀၁၅-၂၀၂၀)




ရင်းမြစ် - ISP-Myanmar Peace Desk

ဖြစ်လာစေပြီး မတည်ငြိမ် ပြိုကွဲနိုင်သည့် နိုင်ငံတခုအဖြစ်သို့ပါ ကျရောက်စေနိုင်ပါသည်။ အောင်နိုင်ဦး(၂၀၁၉) ၏ ဆွေးနွေးချက်အရ 'ပဋိပက္ခစီးပွားရေးတွင် တရားမဝင် မူးယစ်ဆေးထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်းသည် အဓိကကျသော ဝင်ငွေရပေါက်ရလမ်းတခုဖြစ်သည်။ မကြာသေးမီက နိုင်ငံတကာ အကျပ်အတည်းများ လေ့လာရေးအဖွဲ့ (International Crisis Group) ၏ အစီရင်ခံစာအရ ရှမ်းပြည်နယ် တခုတည်းတွင်ပင် မူးယစ်ဆေးကြောင့်ဖြစ်သော စီးပွားရေးမှ နှစ်စဉ်လည်ပတ်ငွေ အမေရိကန် ဒေါ်လာ ၄၀ ဘီလီယံမျှ ရှိနိုင်သည်ဟု ခန့်မှန်းဖော်ပြထားသည်'။

အခြားသော ဖြစ်ရပ်တခုတွင် စိတ်ဝင်စားဖွယ် ကမောက်ကမဖြစ်ရပ်မှာ အစိုးရနှင့် အပစ်ရပ်စဲရေး လက်မှတ်ထိုးပြီးမှပင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများနှင့် လူမှုအသိုက်အဝန်း အချင်းချင်း တင်းမာမှုများ ပို၍ ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ သာဓကအားဖြင့် နယ်မြေချဲ့ထွင်လာသော RCSS တပ်ဖွဲ့များနှင့် TNLA တို့အကြား၊ နယ်မြေတိုးချဲ့လာသည့် ရက္ခိုင့်တပ်တော် (AA) နှင့် ချင်းပြည်နယ်ရှိ ရပ်ရွာလူထုများအကြား၊ ကချင် (KIA) တပ်ဖွဲ့များနှင့် ယင်းပြည်နယ်အတွင်းရှိ ရှမ်းနီလူမျိုးတို့အကြား၊ မကြာသေးမီက မွန်ပြည်သစ်ပါတီနှင့် ကရင်နယ်ခြားစောင့်တပ် (BGF) တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွား တင်းမာမှုများရှိခဲ့သည်။ ဤသို့ နောက်ပြန်ဆုတ်ရမှု တင်းမာမှုများမှာ ပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းချက်များသည် ဒေါင်လိုက်သဘော (နိုင်ငံတော်အစိုးရနှင့် အောက်ခြေလူထုအကြား)သာမက ရေပြင်ညီသဘော (မတူကွဲပြားသည့် တိုင်းရင်းသားနှင့် ဘာသာကိုးကွယ်မှုအုပ်စုများအကြား)ပါ လိုအပ်သည်ကို သချောပြသနေပါသည်။

အပစ်ရပ်အဖွဲ့များအတွက် ယုံကြည်မှုကျဆင်းစေသော အခြားဖြစ်ရပ်များလည်း ရှိသေးသည်။ NCA လက်မှတ်ထိုးပြီးသည့်နောက်တွင် တပ်မတော်က နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ-ကပ်ပလန် (KSCN-K) ၏ ဌာနချုပ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ-ဖေဖော်ဝါရီတွင် သိမ်းပိုက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တပ်မတော်တပ်ဖွဲ့တခုက မွန်ပြည်သစ်ပါတီ၏ စခန်းတခုကို သိမ်းပိုက်ခဲ့သည်။ မွန်ပြည်သစ်ပါတီသည် ၂၀၁၈ ခုနှစ်ကမှ လက်မှတ်ရေးထိုးထားသည့် အဖွဲ့တခုဖြစ်သည်။ မကြာသေးမီက တပ်မတော်က ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ထိန်းချုပ်နယ်မြေကို ဖြတ်၍ မဟာဗျူဟာမြောက် လမ်းတခု ဖောက်လုပ်ခဲ့သည်။ KNU နှင့် ဒေသခံများက ယင်းလမ်းဖောက်လုပ်ရေးစီမံချက်ကို ဆန့်ကျင်ကြသော်လည်း တပ်မတော်ကမူ ယင်းလမ်းဖောက်လုပ်ရေးသည် ဖွံ့ဖြိုးရေးအတွက်သာ ဖြစ်သည်ဟုဆိုကာ ဆက်လက်ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင် ပစ်ခတ်မှုများဖြစ်ပွားပြီး တပ်မတော်၏ တပ်ရင်းမှူးတဦး မိုင်းကြောင့် ကျဆုံးခဲ့ရသည်။

တချိန်တည်းမှာပင် ပဋိပက္ခစစ်ပွဲများကြောင့် သေကျေပျက်စီးရသည့် ဘဝအသက်များ လျော့နည်းမသွားဘဲ တိုး၍ပင်နေသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ရာ NCA လက်မှတ်ရေးထိုးထားသည့် (EAOs) များအဖို့ စာချုပ်မူဘောင်အတွင်း ဆက်လက်နေရန် မက်လုံးလျော့နည်းကျဆင်းစေပါသည်။ NCA လက်မှတ်မထိုးရသေးသည့် ပြင်ပအဖွဲ့အစည်း (EAOs) များအတွက်လည်း ပါဝင်ပူးပေါင်းစေရန် တိုက်တွန်းဖို့ ခက်ခဲနိုင်စေပါသည်။ တနိုင်ငံလုံး အခြေအနေကို Myanmar Peace and Security (MIPS) က ခြုံငုံလေ့လာ၍ နှစ်စဉ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသုံးသပ်ချက် ၂၀၂၀ (Annual Peace and Security Review 2020) တွင် ဖော်ပြရာ၌ ၂၀၁၉ ခုနှစ်တွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲပေါင်း ၁၀၈၃ ကြိမ် ဖြစ်ပွားခဲ့ပြီး နိုင်ငံတဝန်းဖြစ်ပွားသော တိုက်ပွဲများ၌ လက်နက်ကိုင်စစ်သား ၉၃၄ ဦးမှသည် ၁၇၁၁ ဦး သေဆုံးရသည်ဟု ဖော်ပြသည်။ အစိုးရလုံခြုံရေးတပ်ဖွဲ့များနှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား ဖြစ်ပွားသော တိုက်ပွဲများတွင် လက်နက်ကိုင်တိုက်ခိုက်သူ ၈၀၀ မှသည် ၁၅၀၀ ဦး သေဆုံးခဲ့ရသည်။ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် ဖြစ်ပွားသော စစ်ပွဲများတွင် လက်နက်ကိုင် ၈၀ ဦးမှ ၁၂၀ ဦးအကြား သေဆုံးရသည်။ လက်နက်ကိုင်တိုက်ပွဲများအတွင်း တိုက်ရိုက်ထိခိုက်မှုအဖြစ် ၂၀၁၉ ခုနှစ်အတွင်း အရပ်သား ၁၅၁ ဦး သေဆုံးရသည်။ အထက်ဖော်ပြပါနှစ်ဖွဲ့နှင့် တိုက်ပွဲများတွင် ပြည်သူသေဆုံးရမှု အများစုဖြစ်သည်။[၂၂]

ထို့အပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သူ၏ မိန့်ခွန်းတခုတွင် ၂၀၂၀ ခုနှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဆုံးသတ်လိုသည်ဟု ပြောဆိုခဲ့ရာ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး နိဂုံးချုပ်ရန် အချိန်သတ်မှတ်ချက် တခုသဖွယ် ထင်မြင်ခဲ့ကြသည်။ သို့သော် နောက်ပိုင်းတွင် ဤသို့ ပြောဆိုသည်မှာ သူ၏ဆန္ဒပြုမှုသာဟု ပြန်လည်ရှင်းလင်းခဲ့သည်။ ဤသို့ ရှုပ်ထွေးစေသော သတင်းစကားများကြောင့် အရေးပါသည့် အင်အားစုများအကြား၊ လူတိုင်း ပါဝင်နိုင်ခွင့်ရှိသော ငြိမ်းချမ်းရေး (inclusibve peace) အတွက် မသေချာ မရေရာမှုများနှင့် သံသယပွားစေခဲ့သည်။ ထို့အပြင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ((EAOs)) ခေါင်းဆောင်များက သူတို့၏ အဆိုပြုချက်များကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် လျစ်လျူရှုသည်ဟု စောဒကတက်ကြသည်။ တိုင်းရင်းသား အသိုက်အဝန်း

၂၂ MIPS. 2020. Annual Peace and Security Review 2020. p.12

များဘက်မှ တင်ပြသည့် တီထွင်ဖန်တီးမှုရှိသည့်အမြင်များ ဖယ်ရှားခံရသည်၊ ရောနှော အရောင်ဖျော့ခံရသည်ဟု မြင်ကြသည်။

ယခုအခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခုလုံး၏ တရားဝင်ဖြစ်မှုမှာ စိန်ခေါ်ခံနေရပြီ ဖြစ်သည်။ ပါဝင်နေကြသည့် အရေးပါသော အင်အားစုများက NCA စာချုပ်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် အသေးစိတ် ပြန်လည်သုံးသပ်ရန် တောင်းဆိုနေကြသည်။ NCA စာချုပ်အပြီး ငါးနှစ်အကြာ၊ နှစ်ဖွဲ့ချင်း အပစ်ရပ်စဲရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးပြီး ကိုးနှစ်အကြာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တိုင်းရင်းသား နိုင်ငံရေးပါတီများက အစိုးရနှင့် တပ်မတော်၏ 'ခိုင်မာသော သန္နိဋ္ဌာန်ပြသမှု' ကို တောင်းဆိုနေကြသည်။ ငြိမ်းချမ်းရေးမှသည် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်မည်ဟု ခိုင်မာသည့် သက်သေပြသရတော့မည့် အချိန်ဖြစ်သည်။ အစိုးရ ဦးဆောင်သည့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများက ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှု ဆက်လက်တည်ရှိရေးအတွက် အလေးပေးနေကြသော်လည်း ပြဿနာမှာ ရရှိလာသည့် သဘောတူညီချက်များကို ထိရောက်စွာ အကောင်အထည် မဖော်ကြခြင်းဖြစ်သည်။ အချို့သော အရေးပါသည့် အင်အားစုများက NCA စာချုပ်သည် သူတို့ကို ငြိမ်းချမ်းရေး ဖော်ဆောင်ပေးမည်မဟုတ်၊ ထောင်ချောက်တခုသဖွယ်ဖြစ်သည်ဟု ပြောဆိုလာကြသည်။ အစိုးရ၏ နှောင့်နှေးနေသော အကောင်အထည် ဖော်ဆောင်မှုများအစား၊ (EAOs) များအပါအဝင် တိုင်းရင်းသား နိုင်ငံရေး အင်အားစုများက အစိုးရ၏ ခိုင်မာသည့် 'ခိုင်မာသည့် အာမခံချက် လုပ်ငန်းစဉ်တရပ်' ပြသရန် တောင်းဆိုလာသည်။ သို့မှသာ အပစ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းနိုင်၍ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် NCA စာချုပ် လက်မှတ်ရေးထိုးပြီးနောက် တိုင်းရင်းသား လက်နက်ကိုင် အင်အားစု (EAOs) များက သူတို့အကြား အုပ်စုခွဲခြားခံရသည်ဟု ထင်မြင်မိကြသည်။ လက်မှတ်ရေးထိုးသည့် အုပ်စုနှင့် လက်မှတ်ရေးထိုးမထားသူ အုပ်စုဟူ၍ ဖြစ်သည်။ စိုးရိမ်ပူပန်မှုတခုမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ဆက်လက်၍ အင်အားစုအားလုံး ပါဝင်မှု (inclusiveness) မရှိတော့ဟု ခံစားရခြင်းဖြစ်ပြီး အဓိကကျသည့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများမှာ လုပ်ငန်းစဉ်၏ပြင်ပတွင် ရှိနေကြသည်။ ထို့အပြင် ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) နှင့် အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် (NDAA) - မုန်းလားကဲ့သို့သော အချို့သော (EAOs) အဖွဲ့များက ယင်းတို့၏ အခြေအနေမှာ တရားဝင်မဟုတ်သော်လည်း လက်ရှိ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အုပ်ချုပ်စီမံခွင့် ရှိနေသောကြောင့် NCA တွင် ပါဝင်ရန် ဆွဲဆောင်မှု မရှိတော့ခြင်းလည်း ဖြစ်လာနိုင်သည်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညှိနှိုင်း ဆွေးနွေးမှုကော်မတီ (FPNCC) ၏ အဓိက ခေါင်းဆောင်ဖြစ်သည့် ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) က မြန်မာအစိုးရနှင့် အနှစ် ၃၀ မြောက် ငြိမ်းချမ်းရေး ရယူနိုင်ခြင်း အခမ်းအနားတွင် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ယင်း၏ စစ်အင်အားကို ထုတ်ပြခဲ့သည်။ နောက်ပိုင်းတွင် ရက္ခိုင့်တပ်တော် (AA) ၏ ခေါင်းဆောင်များက ဝ၏မိုဒယ်ကို သဘောကျကြောင်းနှင့် ကွန်ဖက်ဒရေးရှင်း ပြည်နယ်တောင်းဆိုမှုများကို လူသိရှင်ကြား ပြုခဲ့ကြသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လလယ်ပိုင်းတွင် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့သုံးဖွဲ့က မြန်မာနိုင်ငံအတွင်းပိုင်း ပြင်ဦးလွင်ရှိတပ်မတော်ကာကွယ်ရေးနည်းပညာတက္ကသိုလ်နှင့်တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေး ဗျူဟာလမ်းမကြီးကို ပိတ်ဆို့တိုက်ခိုက်ခဲ့ကြသည်။ ယင်းနောက်ပိုင်းတွင် တရုတ်အာဏာပိုင်များက ယင်းသုံးဖွဲ့အပေါ် ပြင်းထန်စွာ ဖိအားပေးခဲ့ကြသည်။ ဩဂုတ်လ ၂၀ ရက်တွင် တရုတ်အထူးသံတမန်မှ မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့အပါအဝင် တရုတ်-မြန်မာနယ်စပ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (FPNCC အဖွဲ့ဝင်များ)ကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင်တွေ့ဆုံကာ စစ်ဆင်ရေးများ ရပ်တန့်ရန် ပြောဆိုခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး ချန်ဟိုင်ကလည်း နေပြည်တော်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တွေ့ဆုံခဲ့သည်။ ယင်းနောက်ပိုင်းတွင် တိုက်ပွဲများမှာ တရုတ်နိုင်ငံ၏ အကျိုးစီးပွားကိုရှောင်၍ အတွင်းပိုင်းသို့ရောက်လာသည်ကို တွေ့ရှိရသည်။ ISP-Myanmar China Desk တွင် ဖော်ပြခဲ့သော ခင်ခင်ကျော်ကြီး၏ လေ့လာမှုအရ ထိုအချက်ကို တွေ့မြင်နိုင်သည်။[၂၉]

၂၉ Kyee, K. (September 25, 2019). Myanmar conflict tends to avoid China's interest (in Burmese). Retrieved from https://ispmyanmarchinadesk.com/dialogue/china-peace-myanmar-war/?fbclid=IwAR2_GI5TaY_QI_1RckFJIaWHkiSGCNN-0Kc4DJfKJjvowV5LpZD_X0yQjrM

## ရှမ်းပြည်နယ်မြောက်ပိုင်း တိုက်ပွဲများ၏အရွေ့(၂၀၁၆-၂၀၁၉)




ကိုးကား - ပြည်တွင်း သတင်းမီဒီယာများ

၂၀၁၉ ခုနှစ်တွင် မြန်မာအစိုးရ၏ NRPC က ကုလသမဂ္ဂ (UN) နှင့် နိုင်ငံတကာ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ (INGOs) များထံမှ ဖွံ့ဖြိုးရေး အကူအညီများ ရယူပါက သူတို့ထံမှ ကြိုတင်ခွင့်ပြုချက် ရယူရန် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့သည်။ မြန်မာအစိုးရက တစုံလုံးဆိုင်ရာ အကူအညီများနှင့် ပတ်သက်၍ ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက်ဟု အကြောင်းပြခဲ့သည်။ သို့သော် နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများအကြားတွင် စိုးရိမ်ပူပန်မှုနှင့် ရှုပ်ထွေးမှုများ ဖြစ်စေခဲ့သည်။ တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့်လည်း ယခင် သဘောတူညီခဲ့သည့် 'ဖက်စပ်သဘော ပူးပေါင်းဆောင်ရွက်မှု' အခြေခံမှုအပေါ် စိုးရိမ်ပူပန်မှုရှိစေခဲ့သည်။ များစွာသော အကူအညီပေးရေးအဖွဲ့အစည်းများက တိုင်းရင်းသား အဖွဲ့အစည်းများ၏ ကျန်းမာရေးဌာနများသို့ တိုက်ရိုက် အကူအညီပေးနိုင်ရန် အဆိုပြုကြသည်။ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကာလတွင် (EAOs) များအပေါ် လူသားချင်းစာနာမှု အကူအညီများပေးနိုင်ရေး ကန့်သတ်မှုများ ဖြေလျှော့ပေးရန် တောင်းဆိုခဲ့ကြသည်။[၂၄] တချိန်တည်းတွင် နိုင်ငံတကာအင်အားစုအများက မြန်မာအစိုးရကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ 'ပင်မ မောင်းနှင်သူ' နေရာ သတ်မှတ်ထားကြရာ 'နိုင်ငံတော်အစိုးရကို ဗဟိုပြု၍ စဉ်းစားနေခြင်း' ကို ပြန်၍သုံးသပ်သင့်ပြီ ဖြစ်သည်။ သို့သော် အိမ်ရှင်အစိုးရက ခေါင်းဆောင်မှုအရ မစွမ်းဆောင်နိုင်သည့်အခါ၊ EAOs များနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အလှူရှင်များနှင့် လေးစားဖွယ် မိတ်ဖက်ပြုမှုတရပ် မတည်ဆောက်နိုင်သည့်အခါ၊ ဒေသခံ ပြည်သူလူထုများထံသို့ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများ မထောက်ပံ့နိုင်သည့်အခါ ဖြေလျှော့ပေးရန် ပြန်၍စဉ်းစားသင့်ပြီ ဖြစ်ပါသည်။

[၂၄] International Crisis Group. (May 19, 2020). Conflict, Health Cooperation and Covid-19 in Myanmar. p.10. https://www.crisisgroup.org/asia/south-east-asia/myanmar/b161-conflict-health-cooperation-and-covid-19-myanmar

## စစ်ပွဲနှင့် ငြိမ်းချမ်းရေးအတွက် ပြင်ပအင်အားစုများ

နိုင်ငံတကာ ပဋိပက္ခများတွင် နိုင်ငံတကာ ပါဝင်ပတ်သက်မှု၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ လေ့လာမှုများတွင် စတီဖင် စတိမင်း Stephen Stedman (1999: p. 5) က ‘ပြည်တွင်းစစ်တိုင်းလိုလိုတွင် ပြင်ပမှ လှုပ်ရှားသည့် အင်အားစုများ ရှိသည်။ အချို့ သက်ရောက်မှုများသည် ရည်ရွယ်ချက်များကြောင့် ဖြစ်သည်။ ပြင်ပမှ လှုပ်ရှားသူများက ပြည်တွင်းမှ အုပ်စုများနှင့် အစိုးရများသို့ ကူညီထောက်ပံ့ပေးကြသည်၊ ထို့အပြင် အစိုးရများနှင့် သူပုန်များက လက်နက်များ၊ ကျည်များ၊ ခိုလှုံရန် နေရာများ၊ ထောက်ပံ့ရေးလမ်းကြောင်းများ လိုအပ်ကြပါသည်’ဟု မှတ်ချက်ပြုခဲ့သည်။

**တရုတ်နိုင်ငံက နယ်စပ်နှင့်နီးသော နေရာများတွင် တိုက်ပွဲများ ဖြစ်ပွားခြင်းနှင့် ၎င်း၏ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများအပေါ် စိုးရိမ်ပူပန်မှုများ ရှိသော်လည်း ယင်းနယ်စပ်ရှိ အဖွဲ့အစည်းများမှာ အပစ်အခတ်မရပ်ဘဲ ဆက်၍တည်ရှိနေသည် …**

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ပွဲသည် လွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် အယူဝါဒရေးရာ ပဋိပက္ခများနှင့် တိုင်းရင်းသားအုပ်စုများက ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပို၍ရရှိရေး တောင်းဆိုမှုများကြောင့် စတင်ဖြစ်ပေါ်ခဲ့ရသည်။ သို့သော်လည်း မြန်မာအစိုးရ အဆက်ဆက်က ‘ရောင်စုံသူပုန်ထမှု’ အကြောင်းရင်းကို ယခင် ကိုလိုနီအုပ်ချုပ်သူများ၏ သွေးခွဲအုပ်ချုပ်သည့်မူဝါဒနှင့် နောက်ပိုင်းတွင် နိုင်ငံခြား လျှို့ဝှက်ကြံစည်မှုများကြောင့်ဟု ဖော်ပြခဲ့သည်။ ၁၉၅၀ ပြည့်နှစ်များနောက်ပိုင်းတွင် တရုတ်အမျိုးသားရေးဝါဒီ တပ်ဖွဲ့များဖြစ်သည့် ကူမင်တန် (KMT) တပ်ဖွဲ့များက ရှမ်းပြည်နယ်အတွင်း တပ်စခန်းချခဲ့ကြပြီး၊ တရုတ်ပြည်အတွင်းသို့ မအောင်မြင်ခဲ့သည့် ထိုးစစ်များ ဆင်နွှဲခဲ့ကြသည်။ ဤသို့ ကျူးကျော်မှုကြောင့် ရှမ်းပြည်နိုင်ငံရေးအတွက်နှင့် ယေဘုယျအားဖြင့် မြန်မာနိုင်ငံအတွက် ရှုပ်ထွေးပွေလီမှုများ ဖြစ်စေခဲ့သည်။ အင်အားကြီးနိုင်ငံများက ကူမင်တန်တပ်ဖွဲ့များအတွက် လက်နက်နှင့် ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ကြပြီး ယင်း KMT တပ်ဖွဲ့များက မြန်မာနိုင်ငံအတွင်း အမြတ်အစွန်းကြီးမားသည့် ဘိန်းကုန်သွယ်မှုကို ဒေသအတွင်း ဆောင်ရွက်ခဲ့ကြသည်။[၂၅]

တရုတ်အစိုးရက ၁၉၆၀ ပြည့်နှစ်များနှောင်းပိုင်းတွင် မြန်မာနိုင်ငံအတွင်း ကွန်မြူနစ် သူပုန်ထမှုကို ၎င်းတို့၏ အယူဝါဒဆိုင်ရာ မဟာမိတ်အဖြစ် ခံယူထောက်ပံ့ပေးခဲ့ဖူးပြီး ၁၉၇၀ ပြည့်နှစ်များတွင်မှ ရပ်သိမ်းခဲ့ပါသည်။ယင်းကာလတွင်ကွန်မြူနစ်ပါတီ(ဗမာပြည်)CPBအတွက်ရွှေရောင်လွှမ်းသောနေ့များဖြစ်ခဲ့ပြီး တရုတ်-မြန်မာနယ်စပ်ရှိ အခိုင်အမာ အခြေခံစခန်းများမှနေ၍ ဗဟိုအစိုးရသို့ နိုင်ငံရေး၊ စစ်ရေး ထိုးစစ်များ ဆင်နွှဲနိုင်ခဲ့သည်။ နောက်ပိုင်းတွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံ စစ်အစိုးရဘက်သို့ ၁၉၉၀ ပြည့်နှစ်များတွင် ဘက်ပြောင်းရပ်တည်ခဲ့ပြီး လက်နက်များရောင်းချခြင်းနှင့် ကုလသမဂ္ဂစင်မြင့်တွင် မြန်မာနိုင်ငံ၏ ဆိုးရွားသော လူ့အခွင့်အရေးမှတ်တမ်းများအတွက် ဝေဖန်မှုများကို ခုခံကာကွယ်ပေးခြင်း၊ နိုင်ငံရေးအရ ထောက်ခံပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ လက်ရှိတွင် တရုတ်နိုင်ငံက မငြိမ်းချမ်းဘဲ ကျန်ရှိနေသော မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် တိုး၍ ပါဝင်ပတ်သက်လာကာ လက်ရဲဇက်ရဲပွဲစားသဖွယ် ဖြစ်လာနေခဲ့သည်။

အလားတူပင် ထိုင်းနိုင်ငံကလည်း ယင်း၏ နိုင်ငံခြားရေးမူဝါဒ အစိတ်အပိုင်းတခုအဖြစ် ‘ကြားခံဇုန်’ မူဝါဒကို ကျင့်သုံးခဲ့ဖူးသည်။ ရည်ရွယ်ချက်မှာ ထုံးတမ်းစဉ်လာ ရန်သူဖြစ်ခဲ့သော မြန်မာနိုင်ငံ၏ ခြိမ်းခြောက်မှုကို လျှော့ချနိုင်ရန်နှင့် စစ်အေးတိုက်ပွဲကာလအတွင်း အင်ဒိုချိုင်းနားဒေသရှိ ကွန်မြူနစ်သူပုန်ထမှုများကို ကာကွယ်နိုင်ရန် ဖြစ်သည်။ ထိုင်းနိုင်ငံက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို ခိုလှုံခွင့်နှင့် ထောက်ပံ့ရေးလမ်းကြောင်းများကို တိတ်တဆိတ် ကူညီပေးခဲ့မှုများ ရှိပါသည်။၁၉၉၀ပြည့်နှစ်များတွင်ထိုင်းနိုင်ငံကယင်း၏‘ကြားခံဇုန်’မူဝါဒအစားနယ်စပ်ဒေသများတွင် ‘စီးပွားရေးဇုန်များ’ ဖြစ်လာစေရန် ပံ့ပိုးပေးခြင်းဖြင့် အစားထိုး ပြောင်းလဲခဲ့ပါသည်။ ဤသို့သော နိုင်ငံနှစ်ခုကို ‘ဆိုးရွားသည့် အိမ်နီးချင်းများ’ အဖြစ် အလွယ်ကောက်ချက်ချမည်ဆိုလျှင် မသင့်ပါ။ သို့သော် မဟာအင်အားကြီး အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ကမူ မြန်မာကဲ့သို့သော နိုင်ငံငယ်တခုအဖို့ ပို၍ဆိုးကျိုးများသော ဩဇာသက်ရောက်မှုများ ရှိနိုင်ပါသည်။ အိန္ဒိယနိုင်ငံမှာမူ ‘အရှေ့သို့’ (Act East) မူဝါဒ ချမှတ်ထားသော်လည်း ယင်း၏အကျိုးစီးပွားကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ရာ၌ အကန့်အသတ်သဘောဖြင့်သာ ရှိသည်။ လက်ဦးမှုရယူမှုနည်းပြီး၊ နယ်စပ်လုံခြုံရေး ဦးတည်ချက်သာ မြင်သာသည်။

၂၅ နောက်ပိုင်းတွင် မြန်မာအစိုးရက ကုလသမဂ္ဂတွင် ၁၉၅၃ ခုနှစ်၌ တရားဝင် တိုင်ကြားမှုပြုပြီးနောက်ပိုင်း KMT တပ်ဖွဲ့များကို တိုင်ဝမ်သို့ ပြန်၍ပြောင်းရွှေ့နေရာချခဲ့သည်။ KMT ကျူးကျော်မှု အကျပ်အတည်းသည် မြန်မာ့သမိုင်းတွင် သိသာထင်ရှားသည့် သက်ရောက်မှု ဖြစ်စေသည်။

ပထဝီဝင်နိုင်ငံရေး အကြောင်းအချက်များသည်လည်း နိုင်ငံတခု၏ စစ်နှင့် ငြိမ်းချမ်းရေးအပေါ် သက်ရောက်စေနိုင်ပါသည်။ အိမ်နီးချင်းကောင်းနှင့် အိမ်နီးချင်းဆိုး နိုင်ငံများက နိုင်ငံတခု၏ ပြည်တွင်း ပဋိပက္ခအပေါ် မတူကွဲပြားစွာ ပါဝင်ကစားနိုင်ကြပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အများစု မှာ ယခင်က ထိုင်း-မြန်မာနယ်စပ်ကို အခြေပြု၍ လှုပ်ရှားကြပါသည်။ ကရင်အမျိုးသား အစည်းအရုံး (KNU) ၏ ဌာနချုပ်ဖြစ်သည့် မာနယ်ပလောသည် ဒီမိုကရေစီနှင့် တိုင်းရင်းသား အတိုက်အခံ လှုပ်ရှား မှုများ၏ ဗဟိုချက်မ ဖြစ်ခဲ့ဖူးသည်။ ၁၉၉၀ ပြည့်နှစ်များတွင် နယ်စပ်အခြေအနေများ ပြောင်းလဲ သွားသည်။ လက်ရှိတွင် ထိုင်းနိုင်ငံ နယ်စပ်ပြုထားကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အားလုံးနီးပါး (ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP မှလွဲ၍) သည် NCA စာချုပ် လက်မှတ် ရေးထိုး အပစ်ရပ်ထားသူများ ဖြစ်နေကြသည်။ နှိုင်းယှဉ်ချက်အရဆိုလျှင် တရုတ်နိုင်ငံနှင့် နယ်စပ် ပြုထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ဗဟိုအစိုးရကို ဆန့်ကျင်တိုက်ခိုက် နေဆဲပင် ဖြစ်သည်။ တရုတ်နိုင်ငံက နယ်စပ်နှင့်နီးသော နေရာများတွင် တိုက်ပွဲများ ဖြစ်ပွားခြင်းနှင့် ၎င်း၏ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများအပေါ် စိုးရိမ်ပူပန်မှုများ ရှိသော်လည်း ယင်းနယ်စပ်ရှိ အဖွဲ့အစည်း များမှာ အပစ်အခတ်မရပ်ဘဲ ဆက်၍ တည်ရှိနေသည်။

အရပ်ဘက်ရော စစ်ဘက်ပါ ဖြစ်သည့် မြန်မာနိုင်ငံ၏ အစိုးရအဆက်ဆက်က ငြိမ်းချမ်းရေး ကြိုးပမ်းမှု များစွာ ဆောင်ရွက်ခဲ့ကြသည်။ သို့သော် အတိတ်ကာလ ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင် ပြည်တွင်း အင်အားစုများသာ ပါဝင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာ ပါဝင်ပတ်သက်မှုကို ခွင့်မပြုခဲ့ပေ။ နိုင်ငံ တကာ ပါဝင်ဆောင်ရွက်ခွင့်ကို ကန့်သတ်ထားခြင်းသည် စစ်အေးတိုက်ပွဲ စနစ်အတွင်း မြန်မာနိုင်ငံ၏ ပဋိပက္ခသည် အနိမ့်စား ပြင်းအားရှိသည့် ပဋိပက္ခ (low-intensity conflict) ဟု သတ်မှတ်နိုင်ပြီး ကုလသမဂ္ဂ၏ ငြိမ်းချမ်းမှုတည်ဆောက်ရေး လုပ်ငန်းစဉ်များဖြင့် ဝင်ရောက်ရန် မလိုအပ်ခြင်းကြောင့် လည်း ဖြစ်နိုင်သည်။ ထို့အပြင် မြန်မာအစိုးရ အာဏာပိုင်များက နိုင်ငံခြား ဝင်ရောက်စွက်ဖက်မှုကို စိုးရိမ်ကြပြီး များသောအားဖြင့် မြန်မာနိုင်ငံ၏ ရေရှည် ပြည်တွင်းစစ်နှင့်ပတ်သက်၍လည်း နိုင်ငံခြား သားများကို စွပ်စွဲပြောဆိုမှုများ ရှိပါသည်။ နိုင်ငံတကာ အကျပ်အတည်းများ လေ့လာရေးအဖွဲ့ (ICG) ၏ အစီရင်ခံစာတခုတွင် မှတ်ချက်ပြုထားရာ၌ ‘စစ်အစိုးရအုပ်ချုပ်ရေး ဆယ်စုနှစ်များစွာတွင် မြန်မာ ခေါင်းဆောင်များကမိမိအတွင်းကိုသာအာရုံထားမှုလွန်ကဲခဲ့ပြီး၊ပြင်ပကမ္ဘာနှင့်သူစိမ်းဖြစ်လာခဲ့သည်။ သူတို့က အမျိုးသား အချုပ်အခြာအာဏာနှင့် ပတ်သက်၍ လွန်ကဲစွာစွဲလန်းကြပြီး နိုင်ငံတကာ ဩဇာ သက်ရောက်မှုများနှင့် ကင်းပစွာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရလိုကြသည်’ ဟု ဖော်ပြထားသည်။ (ICG 2001: p. i)

မကြာသေးမီ ကာလတိုင် မြန်မာနိုင်ငံသည် အထီးကျန် နေထိုင်ခဲ့သည်။ စစ်အစိုးရ၏ နိုင်ငံခြားရေး မူဝါဒတွင် အထီးကျန်နေထိုင်ရေးကြောင့် နိုင်ငံတကာ အကူအညီများ ကန့်သတ်ခံခဲ့ရသည်၊ ဆိုးရွား သည့် လူ့အခွင့်အရေးမှတ်တမ်းများနှင့် အာဏာရှင်ဆန်ဆန် အုပ်ချုပ်နေမှုအပေါ် နိုင်ငံတကာ ပြစ်တင် ရှုတ်ချမှုများလည်း ရှိခဲ့သည်။ သို့သော် ၂၀၁၁ ခုနှစ် နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ ပြုပြင် ပြောင်းလဲမှုအပြီးတွင် အခြေအနေ သိသိသာသာ ပြောင်းလဲလာခဲ့သည်။

ဤသို့ လမ်းပွင့်လာသောကြောင့် နိုင်ငံတကာ မိသားစုက မြန်မာနိုင်ငံသို့ ပို၍ ထိတွေ့ဆက်ဆံနိုင်ပြီး၊ ဖွံ့ဖြိုးမှုအကူအညီများ ပေးခြင်းနှင့် အလားတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်လည်း ၎င်းတို့၏ အခန်း ကဏ္ဍကို ချဲ့ထွင်လာနိုင်ခဲ့သည်။ သို့သော် ပါဝင်ပတ်သက်မှု သဘောသဘာဝမှာ ကမကထပြု ရေ့ဆောင်စီစဉ်ခြင်း၊ ငွေကြေးကူညီခြင်းနှင့် နည်းပညာပိုင်းအရ အကူအညီပေးမှုများသာ ဖြစ်သည်။

## ငြိမ်းချမ်းမှုတည်ဆောက်ရေးအတွက် နိုင်ငံတကာ၏ချဉ်းကပ်ပုံများ

နိုင်ငံတကာ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများမှာ အသစ် မဟုတ်ပါ။ စစ်ပွဲများပြီးနောက် ပြန်လည်ထူထောင်ရေးအကူ အညီပေးမှုများသည် ဒုတိယကမ္ဘာစစ်အပြီး အနောက်ဥရောပ ပြန်လည် ထူထောင်ရေးနှင့် စစ်ပြီး ဂျပန်သို့ အကူအညီပေးမှုများကတည်းက စ၍ ရှိခဲ့သည်။ ၁၉၄၈ ခုနှစ်မှ စတင်၍ ကုလသမဂ္ဂက ငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ် ၆၃ ခုအထိ ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် လုပ်ငန်း ၁၃ ခုမှာ ဆောင်ရွက်နေဆဲ ဖြစ်သည်။ ယင်းသို့ နိုင်ငံစုံပါသည့် ကြိုးပမ်းမှု

များသည် နိုင်ငံများစွာတွင် ပြည်တွင်းစစ် ပဋိပက္ခများကို ကြိုတင်ကာကွယ်ရန်၊ လျှော့ချနိုင်ရန်၊ ဖြေရှင်းပေးရန် သို့မဟုတ် စီမံထိန်းသိမ်းနိုင်ရန် ဆောင်ရွက်နေကြသည်။

ငြိမ်းချမ်းမှု တည်ဆောက်ရေး 'peace-building' ဟူသည့် ဝေါဟာရကို စတင် တီထွင်ခဲ့သူမှာ ယိုဟန် ဂေါ်လ်တန် Johan Galtung (1975) ဖြစ်ပြီး 'ငြိမ်းချမ်းမှု တည်ဆောက်ရေးအတွက် စုဖွဲ့ ဖွဲ့စည်းပုံများကို ဖန်တီး၍ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို မြှင့်တင်ပေးနိုင်ရန်၊ အကြမ်းဖက် ပဋိပက္ခများ၏ ရေသောက်မြစ် အကြောင်းရင်းများကို ဖြေရှင်းပေးရန်နှင့် ငြိမ်းချမ်းရေး စီမံခန့်ခွဲရန်နှင့် ပဋိပက္ခ ဖြေရှင်းရေးအတွက် ဌာနေဒေသခံများ၏ စွမ်းဆောင်ရည်များကို အားပေးပံ့ပိုးရန်' ဟု ဖော်ပြထားသည် (Bijaoui, 2014, p. 4)။ ၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘူးထရိုစ် ဘူးထရိုစ်ဂါလီ Boutros-Ghali က သူ၏ ငြိမ်းချမ်းရေးအာဂျင်ဒါ *(An Agenda for Peace)* စာတမ်းကို ရေးသားသည့်အခါ ငြိမ်းချမ်းမှုတည်ဆောက်ရေးသည် မူဝါဒရေးရာ ဆွေးနွေးမှုများတွင် ပင်မ ရေစီးကြောင်းထဲသို့ ပါဝင်လာခဲ့သည်။

ငြိမ်းချမ်းမှုတည်ဆောက်ရေးသည် နိုင်ငံတကာ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ ပဋိပက္ခလေ့လာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာမှုတွင် အရေးပါသည့်ခေါင်းစဉ်တခု ဖြစ်လာသည် (Lederach, 1997, p.20)။ ငြိမ်းချမ်းရေးအတွက် အာဂျင်ဒါ *An Agenda for Peace* (Boutros-Ghali 1992) တွင် ငြိမ်းချမ်းမှု တည်ဆောက်ရေးကို ဖော်ပြထားရာ၌ 'ငြိမ်းချမ်းရေးကို ခိုင်မာအားကောင်းစေရန်နှင့် ပဋိပက္ခများ တဖန်ပြန်၍ မဖြစ်ပွားစေရန် ဖွဲ့စည်းတည်ထောက်ထားပုံများကို သတ်မှတ်ဖော်ထုတ်၍ အားကောင်းစေရန် ဆောင်ရွက်သော လှုပ်ရှားမှု' ဖြစ်သည်။ ယင်းအဆိုပြုချက်တွင် လုပ်ငန်းနယ်ပယ်လေးခု ပါဝင်သည်။ ကြိုတင်ကာကွယ်မှုဖြစ်သည့် သံတမန်ရေး၊ ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်း (peacemaking)၊ ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း (Peace keeping) နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု (peace building) တို့ ဖြစ်သည်။ ယင်းအခြေခံမူဘောင်က အဆိုပြုရာတွင် 'မတူကွဲပြားသည့် အချိန်ကာလနှင့် ကွဲပြားသည့် အခြေအနေများတွင် တခုပြီးတခု တုံ့ပြန်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ် ယန္တရားများ စနစ်များနှင့် လုပ်ငန်းစဉ်များလိုအပ်သည်။ ပဋိပက္ခဖြေရှင်းရေး အဖြေများကို မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် ငြိမ်းချမ်းရေးကို တည်တံ့နေအောင် ထိန်းသိမ်းနိုင်ရန် ဖြစ်သည်' (Lederach, 1997, p.20)။ အခြား စိတ်ဝင်စားဖွယ် ဖြစ်ထွန်းတိုးတက်မှုတခုမှာ ကုလသမဂ္ဂ၏ ကြားဝင်ဖျန်ဖြေမှု (UN mediation) ကဏ္ဍ ဖြစ်သည်။ ယင်းသည် ကြီးထွားလာနေသော လုပ်ငန်းနယ်ပယ်တရပ်ဖြစ်ပြီး ပဋိပက္ခဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ နိုင်ငံတကာတပ်များလွှတ်၍ ငြိမ်းချမ်းရေး ထိန်းသိမ်းရသည်ထက်စာလျှင်၊ ကြားဝင်ဖြေရှင်းပေးမှုများက များစွာ ကုန်ကျစရိတ်သက်သာ၍ ထိရောက်သည်ဆိုခြင်းပင် ဖြစ်သည်။[၂၆]

နောက်ပိုင်းတွင် ပဋိပက္ခလွန်ကာလ ငြိမ်းချမ်းမှုတည်ဆောက်ရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်က အစီရင်ခံစာတစောင်ကို ၂၀၀၉ ခုနှစ်တွင် ထုတ်ဝေခဲ့ရာ မစ္စတာ ဘန်ကီမွန်းက ပြဿနာဖြေရှင်းနည်းချဉ်းကပ်ပုံ 'problem-solving approach' ကိုပါ မိတ်ဆက်ထည့်သွင်း၍ ချဲ့ထွင်ခဲ့သည်။ ယင်းအစီရင်ခံစာက ဖော်ပြရာတွင် 'နိုင်ငံတကာ အကူအညီများသည် တည်ရှိဆဲ စွမ်းဆောင်ရည်များကို အားပေးမြှင့်တင်ရမည်၊ ယင်းတို့ကို လှိုက်စားဖျက်ဆီးရန်မသင့်' ဟု ဆိုခဲ့သည်။

ယင်းက အသိအမှတ်ပြုသည်မှာ 'ဒေသခံနှင့် ထုံးတမ်းစဉ်လာ အာဏာပိုင်များ အလားတူ ဖယ်ကြဉ်ခံထားရသည့် အုပ်စုများ အပါအဝင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်း လှုပ်ရှားသူများသည် မတူကွဲပြားသော အသံမျိုးစုံကိုပေးရန်အတွက် အခန်းကဏ္ဍရှိသည်။ သို့မှသာ ဆွေးနွေးပွဲ စကားဝိုင်းတွင် ဦးစားပေးအစီအစဉ်များ ကနဦး သတ်မှတ်ရာတွင်လည်းကောင်း၊ နိုင်ငံ၏ အနာဂတ်နှင့်ပတ်သက်၍ ဘုံမြော်မြင်ချက်များ ဖော်ထုတ်ရာတွင် မိမိ၏ပိုင်ဆိုင်မှုအဖြစ် ပို၍ကျယ်ပြန့်စွာ ခံယူနိုင်စေရန်လည်းကောင်း၊ အမျိုးသမီးများအနေဖြင့် ပါဝင်စေပြီး 'ပဋိပက္ခ၏ သားကောင်များအဖြစ်သာမဟုတ်ဘဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မောင်းနှင်သူများအဖြစ်လည်းကောင်း ဖြစ်စေမည်' ဟု ဖော်ပြခဲ့သည် (UNSG 2009)။ ထိုမှုမက ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်မှ တာဝန်ပေးရေးသားစေသော ပဋိပက္ခလွန်ကာလ စီးပွားရေး ပြန်လည်နာလန်ထူရေး 'post-conflict economic recovery' အစီရင်ခံစာက ပို၍

၂၆ UNC statement. SC/ 13475. (August 29, 2018). United Nations Must Be 'Bold and Creative' in Using Mediation to Broker Peace, Secretary-General Tells Security Council. Retrieved from https://www.un.org/press/en/2018/sc13475.doc.htm

ကောင်းအောင် တည်ဆောက်စေရန် ‘*Build Back Better*’ ချဉ်းကပ်မှုကို အကြံပြုခဲ့သည်။ ယင်းကိစ္စမှာ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းနယ်ပယ်တွင် လွှမ်းမိုးထားခဲ့သည် (UNDP, 2008)။

ဤသို့သော အမြင်များကို ခြုံငုံ၍ ကောက်ချက်ချရပါလျှင် အောက်ဖော်ပြပါ အခန်းတွင် ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ပတ်သက်၍ မတူကွဲပြားသော ချဉ်းကပ်မှုနှစ်ခုကို ဆွေးနွေးဖော်ပြထားပါသည်။

## လစ်ဘရယ် ငြိမ်းချမ်းမှုတည်ဆောက်ရေး ချဉ်းကပ်မှု

လစ်ဘရယ် ငြိမ်းချမ်းမှုတည်ဆောက်ရေး ချဉ်းကပ်ပုံကို အထူးသဖြင့် အနောက်နိုင်ငံ အစိုးရများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက လမ်းညွှန်အဖြစ် ကိုင်စွဲကြသည်။ လစ်ဘရယ် ငြိမ်းချမ်းရေးသီအိုရီအရ ကမ္ဘာပေါ်တွင် လစ်ဘရယ် ဒီမိုကရေစီကျင့်သုံးသော နိုင်ငံများအကြား စစ်ပွဲများမဖြစ်နိုင်၊ ယင်းသို့ စစ်ပွဲများ ဖြစ်ရန် အလားအလာမရှိဟု ဆိုကြပါသည်။[၂၇]

ပဋိပက္ခများ ကြိုတင်ကာကွယ်ရေးနှင့် လျှော့ချရေး ရည်ရွယ်ချက်ဖြင့် လစ်ဘရယ် ငြိမ်းချမ်းရေး တည်ဆောက်မှု ချဉ်းကပ်ပုံက ‘လစ်ဘရယ် ငြိမ်ချမ်းရေးအတွက် အဓိကကျသည့် အဖွဲ့အစည်းစနစ်များ (အင်စတီကျူရှင်းများ) တည်ဆောက်ရေးကို ကြိုးပမ်းသည်။ ဥပမာအားဖြင့် ဒီမိုကရေစီ၊ ဥပဒေနည်းကျ အုပ်ချုပ်ရေး၊ လူ့အခွင့်အရေး စသည်တို့ကို အားပေးပြီး အရင်းရှင် ဈေးကွက်စီးပွားရေး ထွန်းကားလာမည့် အခြေအနေကောင်းများ ဖြစ်စေသည်’ဟု ဆိုကြသည် (Wallis. 2018 p. 83)။

အက်ဒ်ဝပ် နယူးမင်း (Edward Newman) က ဆွေးနွေးရာတွင် လစ်ဘရယ်ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများတွင် လုပ်ငန်းဆောင်တာမျိုးစုံ ပါဝင်သည်။ ယင်းတို့အနက် အချို့မှာ ‘အပစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပံ့ပိုးပေးခြင်း၊ ယခင်က စစ်သားများကို အင်အားလျှော့ချခြင်းနှင့် လက်နက်ဖြုတ်သိမ်းခြင်းနှင့် လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းစေခြင်း၊[၂၈] စီးပွားရေးကို တည်ငြိမ်စေခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းဒုက္ခသည် (IDPs) များ ပြန်လည်အခြေချခြင်း (သို့မဟုတ် ပြန်လည်နေရာချထားခြင်း)၊ စားနပ်ရိက္ခာမလုံခြုံမှုကို တုံ့ပြန်ကူညီခြင်း၊ ပြင်းထန်ဆိုးရွားသည့် ကျန်းမာရေးပြဿနာများ ဖြေရှင်းခြင်း၊ တရားဥပဒေစိုးမိုးရေး အားကောင်းစေခြင်း၊ ဒီမိုကရေစီ ကျင့်သုံးမှုများကို မြှင့်တင်အားပေးခြင်း၊ တရားရေးဆိုင်ရာ ဥပဒေပြုရေးဆိုင်ရာ အဖွဲ့အစည်းစနစ်များ (အင်စတီကျူးရှင်း)များ အားကောင်းစေခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများ ပြန်လည်စတင်ခြင်းနှင့် အားဖြည့်ပေးခြင်း၊ လူ့အခွင့်အရေးနှင့် ရင်ကြားစေ့ရေးကို မြှင့်တင်ပေးခြင်း၊ မြေယာပိုင်ဆိုင်မှုတောင်းဆိုချက်နှင့် ပြုပြင်ပြောင်းလဲမှု ဖြေရှင်းဆောင်ရွက်ခြင်းနှင့် ရုံဖန်ရံခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများတိုင် အကျယ်အပြန့် ပါဝင်သည် (Newman 2013, p. 312)။

မည်သို့ပင်ဖြစ်စေ အချို့သောပညာရှင်များက လစ်ဘရယ် ငြိမ်းချမ်းရေး တည်ဆောက်မှုပုံစံကို ‘အထက်မှအောက် ဒီမိုကရေစီမြှင့်တင်ရေး အသွင်ဆောင်သည်၊

၂၇ Müller, Harald; Wolff, Jonas (2004). "Dyadic Democratic Peace Strikes Back" . *Paper Prepared for Presentation at the 5th Pan-European International Relations Conference the Hague, September 9–11, 2004.*

၂၈ Security Sector Reform (SSR)/ Disarmament, Demobilization and Reintegration (DDR) နှင့် ပတ်သက်၍ ဆွေးနွေးမှုများတွင် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ဆွေးနွေးကြရာ၌ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကဏ္ဍ (SSR/DDR) ဟု ခေါ်ဆိုပြီး ယင်းဆွေးနွေးပွဲများမှာ နှစ်ဖက်တပ်ဖွဲ့များအကြား မစတင်နိုင်ဘဲရှိနေသည်။

ဈေးကွက်အခြေခံ ပြုပြင်ပြောင်းလဲရေး ပြုသည်၊ ‘ခေတ်သစ်နိုင်ငံတော်’တရပ်ဟု ဆိုနိုင်သည့် အဖွဲ့အစည်းစနစ်များ (အင်စတီကျူးရှင်း)များ အထွေထွေကို တည်ဆောက်၍ နိုင်ငံတော်အစိုးရအား ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် မောင်းနှင်သူနေရာ ပေးထားသည်’ဟု ဆိုကြသည်။ ထို့အပြင် ယင်းချဉ်းကပ်ပုံကို ဝေဖန်မှတ်ချက်ပြုကြရာ၌ ‘ကော်ပိုရေးရှင်းကြီးများ၏ အုပ်ချုပ်စီမံမှုဖြစ်သော ခေတ်သစ် လစ်ဘရယ်ဝါဒလွှမ်းခြုံသည့် ရည်မှန်းချက်များက နက်ရှိုင်းစွာ ပတ်သက်သက်ရောက်နေကြသည်၊ ယင်းအတိုင်း အကောင်အထည်ဖော်နေကြသည်’ဟု ဆိုသည် (Pugh. 2013. p 15)။ ‘မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့မှု’ (Strategic partnerships) ဟု ဆိုရာ၌ ကုလသမဂ္ဂ၊ နေတိုး စစ်မဟာမိတ်အဖွဲ့၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့ ပါဝင်ကြပြီး ‘ချိတ်ဆက်စုစည်းထားသည့်၊ ဗဟိုချုပ်ကိုင်မှုများသည့်၊ ဘဏ္ဍာရေး၊ ပစ်ခတ်မှု၊ ဗဟုသုတပိုင်းနှင့် လုပ်ငန်းခွင်နယ်ပယ်တွင် တာဝန်ယူတာဝန်ခံမှုကင်းမဲ့နေသည့်အခြေခံကိုအားဖြည့်ထားသည့်နှယ်ရှိသည်။ ယင်းလုပ်ငန်းစဉ်တွင် အများဆုံး ထိခိုက်သက်ရောက်ခံရသူများ ကပ်နိုင်ခွင့်ပင်မရှိ’ဟု ဆိုကြသည် (Newman 2013. p 312)။

## စီးပွားရေးအရ ငြိမ်းချမ်းမှုတည်ဆောက်ရေး ချဉ်းကပ်မှု

လစ်ဘရယ် ငြိမ်းချမ်းရေးတည်ဆောက်မှုအပြင် အခြားချဉ်းကပ်မှုတခုမှာ စီးပွားရေးအရ ငြိမ်းချမ်းရေး သီအိုရီပင် ဖြစ်ပါသည် Ilan (2014. p 4)။ ‘စီးပွားရေးအရ ငြိမ်းချမ်းရေး’ အဆိုအရ ယူဆရာတွင် ‘စီးပွားရေးအရ အပြန်အလှန် မှီခိုမှုဖြစ်လာပါက ငြိမ်းချမ်းရေးကို မြှင့်တင်ပေးနိုင်သည်။ ပဋိပက္ခများကို ကာကွယ်နိုင်မည်ဟုမြင်သည်။ စီးပွားရေးအရ အပြန်အလှန်မှီခိုမှုကြောင့် ငြိမ်းချမ်းရေးကို တွန်းအားဖြစ်စေသည်။ အကြောင်းမှာ ပုဂ္ဂလိကကဏ္ဍအကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုကြောင့် အမျိုးသားစီးပွားရေး အကျိုးစီးပွားများကို ဖြစ်ပေါ်စေနိုင်သည်ဟု ဆိုကြသည်’

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် စိုးရိမ်ချက်တရပ်မှာ အစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တစ်ဆို့နေသည့်အချိန်တွင် ‘ဖွံ့ဖြိုးရေးက ပထမ၊ ငြိမ်းချမ်းရေးနောက်မှ’ ဟူသည့် မိုဒယ်အမြင်သို့ ရွေ့လျောလာသလောဟူ၍ ဖြစ်သည်။ တရုတ်နိုင်ငံကလည်း ‘တရုတ် ကြန်အင်လက္ခဏာ’ ဖြင့် ဖွံ့ဖြိုးရေးမိုဒယ်ပုံစံတခုကို ကမ်းလှမ်းသကဲ့သို့ ရှိနေ စေသည်။ အကြောင်းမှာ မြန်မာနိုင်ငံကို ဖြတ်သန်းသွားမည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) တွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ အများအပြား ပါလာသောကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများသည် နယ်စပ်ဒေသများကို တည်ငြိမ်အေးချမ်းစေရန် အခြားသော ရွေးချယ်စရာ နည်းလမ်းတခုဖြစ်နိုင်ပြီး CMEC စီမံကိန်းက အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် ရန်ပုံငွေ အမြောက်အမြားအသုံးပြုမည်ဖြစ်ရာ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေး နောက်ပိုင်းကာလ စီးပွားရေးပြန်လည်ထူထောင်ရေးအတွက်လည်း မျှော်မှန်းချက် ထားရှိနေသည်။

အကယ်၍တရုတ်-မြန်မာစီးပွားရေးစင်္ကြံ(CMEC)ကိုအကောင်အထည်ဖော်ခဲ့ပါက စီးပွားရေးအရ ဖွံ့ဖြိုးမှုနှင့် ခွဲဝေမှုဆိုင်ရာ သက်ရောက်မှုများသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် နောက်ထပ် သက်ရောက်မှု၊ ရှုပ်ထွေးမှုများ ပေါ်ပေါက်စေမည်ဖြစ်သောကြောင့်ပင်။ ဘေဂျင်းအစိုးရက ရိုဟင်ဂျာအကျပ်အတည်းတွင် မြန်မာအစိုးရအပေါ် သံတမန်ရေးအရ အကူအညီပေးရင်း ဩဇာလွှမ်းမိုးနိုင်ရေး ကြိုးပမ်းနိုင်ပါသည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) အောက်ရှိ ဧရာမ ရင်းနှီးမြှုပ်နှံမှုများလည်း အစိုးရအပေါ်တွင်သာမက မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အပေါ်တွင်သာ

ဩဇာသက်ရောက်မှုများ ရှိစေမည်ဖြစ်သည်။ ယင်း မြောက်ပိုင်းရှိအဖွဲ့များက တရုတ်နိုင်ငံအတွက် အပေးအယူတွင်သုံးရန် ဖဲချပ်များလည်း ဖြစ်လာနိုင်သည်။

သို့သော် ခင်ခင်ကျော်ကြီး၏ မထုတ်ဝေရသေးသည့် ဆောင်းပါး(၂၀၁၉)တွင် 'ဖွံ့ဖြိုးရေးက ပထမ'ဟူသည့် ချဉ်းကပ်ပုံ၏ အကန့်အသတ်များကို မီးမောင်းထိုးတင်ပြထားပါသည်။ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) ကြောင့် တိုင်းရင်းသားဒေသများတွင် နောက်ထပ် စစ်အင်အားတိုးချဲ့မှုများ၊ မြေယာ လုယက်သိမ်းပိုက်မှုများ၊ ရပ်ရွာများ အဓမ္မနေရာရွှေ့ပြောင်းစေမှုများ၊ ဒေသခံလူထုများ၏ သက်မွေးဝမ်းကျောင်း ပျက်စီးရမှုနှင့်အတူ စိတ်ဒဏ်ရာ နစ်နာချက်များ ပို၍ ကြီးထွားလာနိုင်ခြေပင် ရှိနေသည်ဟု ဆွေးနွေးထားသည်။ CMEC အောက်ရှိ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး စီမံကိန်းကြီးများသည်လည်း နယ်စွန်နယ်ဖျားတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူနည်းစုများကို ဗဟိုအစိုးရက ပို၍ ထိန်းချုပ်ရန်ဖြစ်စေပြီး တိုင်းရင်းသားလူနည်းစုများကို ပို၍ ဖယ်ကြဉ်ခွဲခြားမှု ဖြစ်စေနိုင်ပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ အပါအဝင်ဖြစ်သည့် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးမိတ်ဖက်ပြုမှု (RCEP) ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ ဩစတြေးလျ၊ နယူးဇီလန်၊ တောင်ကိုရီးယားနိုင်ငံတို့အကြား လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယင်း လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်မှာ ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ GDP ၏ ၃၀ ရာခိုင်နှုန်းကို လွှမ်းခြုံထားရာ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပေါ် များစွာ သက်ရောက်မှုရှိစေမည် ဖြစ်သည်။ ယင်းဒေသဆိုင်ရာ သဘောတူညီမှုကြောင့် ယခင်တည်ရှိပြီး တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC)အပေါ် သက်ရောက်ပြောင်းလဲမှုများ ရှိနိုင်သည်။ တရုတ်နှင့်ပတ်သက်သည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံရှိ လက်နက်ကိုင်ပဋိပက္ခများအပေါ် သက်ရောက်မှု ကြီးစွာဖြစ်စေနိုင်သည်။ ထို့အတူ တိုင်းရင်းသား လူနည်းစုဒေသများတွင် အသစ်သောပဋိပက္ခများလည်း ပုံစံသစ်တမျိုးဖြင့် ပေါ်ပေါက်လာနိုင်သည်။

သို့သော်လည်း လေ့လာစောင့်ကြည့်မှုများအရ မြန်မာအစိုးရအနေဖြင့် 'လစ်ဘရယ် ငြိမ်းချမ်းရေး တည်ဆောက်မှုမိုဒယ်'မှ 'စီးပွားရေး ငြိမ်းချမ်းရေးမိုဒယ်'သို့ များမကြာမီနှစ်များအတွင်း ပြောင်းရွှေ့လာသည်ဟု တွေ့ရှိသည်။ သို့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဤသို့သော ပြဿနာနှင့်ပတ်သက်၍ တရားဝင်ရှင်းလင်းဖော်ပြမှုများ ပြုသည်မဟုတ်ပါ။ လက်ရှိကာလတွင် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကို ငြိမ်းချမ်းရေးနှင့် ကြွယ်ဝမှုရှိသော ရပ်ရွာလူမှုအသိုက်အဝန်းများစီမံချက် 'Peaceful and Prosperous Communities Project' (PPCP) အတွက် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အကောင်အထည်ဖော်ရန် အဆိုပြုထားပါသည်။ ယင်းစီမံကိန်းမှာ အခြေခံအဆောက်အအုံကို တိုးတက်စေ၍ မြန်မာနိုင်ငံ၏ ပဋိပက္ခစစ်ပွဲများဖြစ်ပွားခဲ့ရာ လူမှု အသိုက်အဝန်းများအတွက် စီးပွားရေးအခွင့်အလမ်းများ တိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။[၂၉] ဤစီမံချက်မှာ ဒေသဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ဆဲဖြစ်ပြီး တိုင်းရင်းသား လူမှုအသိုက်အဝန်းများက ဤစီမံကိန်းအပေါ် စိုးရိမ်ပူပန်ကြသည်။ ပဋိပက္ခဖြစ်ပွားရာဒေသများ၌ အကောင်

[၂၉] World Bank, Statement: "World Bank Response to KPSN Statement on Peaceful and Prosperous Communities Project". December 2, 2019. https://www.worldbank.org/en/news/statement/2019/12/02/world-bank-response-to-kpsn-statement-on-peaceful-and-prosperous-communities-project

အထည်ဖော်သည့်အခါ ကောင်းမွန်မှုထက် အန္တရာယ်ဆိုးကျိုးဖြစ်စေမည်ဟု ထင်မြင်ကြသည်။

အကယ်၍ မြန်မာအစိုးရက စီးပွားရေးအရ ငြိမ်းချမ်းရေးတည်ဆောက်မှု မိုဒယ်ဘက်သို့ တိမ်းခဲ့ပါက ပါဝင်ပတ်သက်နေသူများက သူတို့၏ အကျိုးစီးပွားအတွက် သာကြည့်၍ ပြုမူကြမည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးထက်စာလျှင် ရေတိုကိုကြည့်၍ အပစ်ရပ်စဲရေးသဘောပြုမူမည်။ ယင်း လုပ်ငန်းစဉ်များတွင် အဖွဲ့အစည်းယန္တရားစနစ် (အင်စတီကျူးရှင်းများ) တည်ဆောက်ရေး ကင်းမဲ့နေမည်။ ငြိမ်းချမ်းရေး၏ ဗိသုကာ တည်ဆောက်ထားပုံများ (peace process architecture)အားကောင်း ခိုင်မာမှု မရှိဘဲ ဖြစ်နေမည်။ ‘လစ်ဘရယ်ငြိမ်းချမ်းရေးတည်ဆောက်မှု’ သဘော၏ အနှစ်သာရဖြစ်သည့် တန်ဖိုးထားမှုဆိုင်ရာ စံနှုန်းများ လိုက်နာမှုမရှိဘဲ ဖြစ်နေမည့်အပေါ် စိုးရိမ်မှုရှိကြပါသည်။ ထို့ထက်မက တဆက်တည်း လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ဥပမာအားဖြင့် မြေယာလုယက်မှုများ၊ ရပ်ရွာလူထုများကို အတင်းအဓမ္မ ရွှေ့ပြောင်းစေခိုင်းမှုများ၊ ဒေသခံလူထုများ၏ သက်မွေးဝမ်းကျောင်း ပျက်စီးရမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ဤသို့ဖြင့် တိုင်းရင်းသား လူနည်းစုများ နေထိုင်ရာဒေသများတွင် ပုံသဏ္ဍာန်အားဖြင့် မတူကွဲပြားသည့် ပဋိပက္ခများလည်း ဖြစ်ပေါ်လာနိုင်သည်။

အခြေခံအားဖြင့် ငြိမ်းချမ်းရေးအပေါ် အထက်ဖော်ပြပါ ချဉ်းကပ်မှုနှစ်ခုသည် အလွန်အမင်း ကွဲပြားခြားနားပါသည်။ သာဓကအားဖြင့် တရုတ်နိုင်ငံက မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ချဉ်းကပ်မှုသည် ပဋိပက္ခတွင်း ပါဝင်နေကြသည့်အဖွဲ့များကို ချဉ်းကပ် ဩဇာညောင်းစေပြီး အထူးသဖြင့် ပြောက်ကျားအဖွဲ့များအပေါ် ယင်း၏ ဩဇာလွှမ်းမိုးနိုင်မည့် အခြေအနေများဖန်တီးခြင်း ဖြစ်နိုင်ပါသည်။ နှိုင်းယှဉ်ချက်အရ နိုင်ငံတကာ၏ချဉ်းကပ်မှု (အထူးသဖြင့် အနောက်နိုင်ငံများ)ကမူ အင်စတီကျူးရှင်းတည်ဆောက်ရေး၊ ငြိမ်းချမ်းရေး ဗိသုကာ ဖွဲ့စည်းထားပုံစနစ်ကို အားဖြည့်ပေးရေးနှင့် ကမ္ဘာ့ဆိုင်ရာ စံနှုန်းတန်ဖိုးထားမှုများကို မြှင့်တင်ရေးဟူ၍ ကွဲပြားသည်ကို တွေ့ရှိရပါသည်။

## နိုင်ငံတကာ အင်အားစုများကို မြေပုံထုတ်ကြည့်ခြင်း

မြန်မာနိုင်ငံအတွက်မူ နိုင်ငံတကာ မိသားစုဝင်များက မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးအတွက် သိသာထင်ရှားသည့် ပံ့ပိုးကူညီမှုများ ရှိခဲ့ပါသည်။ ယခု သုတေသနစာတမ်း၏ ဦးစားပေးလေ့လာမှုမှာ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် နိုင်ငံတကာ လှူပ်ရှားသူများ၏ ပါဝင်ပတ်သက်နေမှု အခန်းကဏ္ဍဖြစ်ပြီး ‘လက်နက်ကိုင် ပဋိပက္ခများ ပြန်၍ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှု’နှင့် ‘ငြိမ်းချမ်းရေး မြှင့်တင်ရေးနှင့် ခိုင်မာစေရေး လုပ်ငန်းများ’တွင် ပါဝင်ဆောင်ရွက်မှုများ ဖြစ်သည်။

အာရှ ဖောင်ဒေးရှင်း Asia Foundation (2018) မှ ထုတ်ပြန်သည့် အစီရင်ခံစာအရ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံတကာ အင်အားစုများက ရန်ပုံငွေထောက်ပံ့ပေးမှု ဆက်လက်၍ တိုးပွားနေပြီး ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၆ သန်းအထိ ရှိခဲ့သည်။ နိုဝင်ဘာလ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတကာမှ ကတိကဝတ်ပြုထားသောပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၂ သန်းတိုင်ရှိသည်။ ယင်းအနက်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ထုတ်ပေးခဲ့ပြီးဖြစ်သည်။ အကျယ်အပြန့်အားဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ အစိုးရအဖွဲ့အစည်းစနစ် (အင်စတီကျူရှင်း)များ ခိုင်မာအားကောင်းရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ တရားရေးနှင့် ဥပဒေပြုရေး ပြုပြင်ပြောင်းလဲမှုများနှင့် အခြား အစီအစဉ်များအတွက်လည်း မြန်မာနိုင်ငံတွင် ထောက်ပံ့ပေးနေသည်။ သို့သော် ဤအကြောင်းအချက်များကို ဖော်ပြရန်မှာ ယခုလေ့လာမှု၏ပြင်ပတွင် ရှိနေပါသည်။

နိုင်ငံတကာ၏ ရန်ပုံငွေထောက်ပံ့မှုပမာဏ အတိအကျကို တွက်ချက်ရန်ခက်ခဲပါသည်။ အကြောင်းမှာ အချို့ရန်ပုံငွေများက တရားဝင်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ ထောက်ပံ့ပေးခြင်းဖြစ်၍ အချို့သော ရန်ပုံငွေများမှာ နိုင်ငံတကာ NGO များသို့ ထောက်ပံ့ခဲ့သည်။ ဥပမာအားဖြင့် JCB ၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ အစည်းအဝေးဆုံးဖြတ်ချက်အရ NRPC သို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းခန့်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) ထံသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ထောက်ပံ့ငွေအဖြစ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းခန့်၊ JMC ကဲ့သို့သော ပူးတွဲဆောင်ရွက်သည့် အင်စတီကျူးရှင်းသို့ ကုလသမဂ္ဂ ပလက်ဖောင်းမှတဆင့် ခန့်မှန်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းခန့်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန် NRPC ရန်ပုံငွေ ထောက်ပံ့မှုမှတဆင့် ကျပ်သိန်း ၆၀၀ ခန့် ထောက်ပံ့ရရှိရန် ဆုံးဖြတ်ခဲ့သည်။ ကျန်သည့် နိုင်ငံတကာ ထောက်ပံ့မှုများမှာ နိုင်ငံတကာ NGO များသို့ သွားပါသည်။ NLD အစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ရန်ပုံငွေထောက်ပံ့မှုများကို ညှိနှိုင်းစီမံနိုင်ရန်နှင့် ပြည်တွင်းရှိ လူထုများ၊ လုပ်ငန်းရှင်များထံမှ အလှူခံထည့်ဝင်နိုင်ရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) ကော်မတီကို ဖွဲ့စည်းခဲ့သည်။ JCB ကို ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ယင်းတွင် အစိုးရဘက်မှ ကိုယ်စားလှယ် ရှစ်ဦး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ် ရှစ်ဦး ပါဝင်ပြီး ရန်ပုံငွေခွဲဝေသုံးစွဲရန် ကဏ္ဍများအဖြစ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကဏ္ဍ၊ စေ့စပ်ညှိနှိုင်းဆွေးနွေးရေးကဏ္ဍ၊ ငြိမ်းချမ်းရေးအထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနဆိုင်ရာ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ကဏ္ဍများဟု သတ်မှတ်ထားသည်။ JCB အစည်းအဝေး နှစ်ကြိမ်သာကျင်းပနိုင်ပြီး ရပ်ဆိုင်းသွားသည်။[၁၀-၁၁]

ပဋိပက္ခဖြစ်ပွားနေသော လူမှုအဖွဲ့အစည်းများနှင့် ပဋိပက္ခလွန် လူမှုအဖွဲ့အစည်းများတွင် နိုင်ငံတကာ ကြားဝင်ဆောင်ရွက်မှုများ ပြုကြရာ၌ အဓိကအားဖြင့် ရည်ရွယ်ချက် နှစ်ခု ရှိပါသည်။ ယင်းတို့မှာ ‘လက်နက်ကိုင် ပဋိပက္ခများ ပြန်လည်မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရန်’နှင့် ‘ငြိမ်းချမ်းရေး ခိုင်မာအောင် မြှင့်တင်ဆောင်ရွက်ရေး’တို့ ဖြစ်ပါသည်။ ယင်းကြိုးပမ်းမှုများတွင် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍများတွင် လုပ်ငန်းဆောင်တာ အများနှင့် ပါဝင်ပတ်သက်ပါသည်။ အလားတူပင် ပဋိပက္ခကြောင့် ကြေမွခဲ့ရသော နိုင်ငံတွင် တည်ငြိမ်ရေးနှင့် လုံခြုံရေး တည်ဆောက်ပေးရေးတို့လည်း ပါဝင်သည်။ ယခုအခန်းတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း နိုင်ငံတကာ ပါဝင်လှုပ်ရှားနေကြသူများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏ ပံ့ပိုးကူညီမှုများကို လေ့လာဆန်းစစ်ထားပါသည်။

အောက်ဖော်ပြပါ အခန်းတွင် အဓိကကျသည့် နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်နေသူများ စာရင်းနှင့် မြန်မာနိုင်ငံနှင့် ပတ်သက် ၍ ၎င်းတို့၏ ရပ်တည်ချက်များကို သုံးသပ်ဖော်ပြထားပါသည်။ အချို့သော နိုင်ငံများက တနိုင်ငံတည်း ပါဝင်ပတ်သက်မှုကို လိုလားကြပြီး သူတို့၏ အကျိုးစီးပွားကို ပံ့ဖော်ကြသည်။ သို့သော် အချို့သောအင်အားစုများကမူ နိုင်ငံစုံပါသည့် ပလက်ဖောင်းကို အသုံးပြု၍ ကြားဝင် ဆောင်ရွက်ခြင်းကို လိုလားကြသည်။

## ကုလသမဂ္ဂ

ကုလသမဂ္ဂ၏ ကိုယ်စားလှယ်ဌာနများ၊ အေဂျင်စီများက နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းမှု ကြိုးပမ်းချက်များနှင့် နိုင်ငံတကာ ကြားဝင်ဖျန်ဖြေမှု လုပ်ငန်းများတွင် အကျယ်အပြန့် ပါဝင်နေကြပါသည်။ သို့သော် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်မူ ကုလသမဂ္ဂ၏အခန်းကဏ္ဍမှာ သိပ်ပြီး ထင်သာမြင်သာ မရှိလှပါ။ မည်သို့ပင်ဖြစ်စေ ကုလသမဂ္ဂ၏ ယခင် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက ၂၀၁၆ ခုနှစ် ၂၁ ရာစု ပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ဖွင့်ပွဲသို့လည်း တက်ရောက်ချီးမြှင့်၍ အဖွင့်စကားပြောကြားခဲ့သည်။ ကုလသမဂ္ဂ၏ ပါဝင်ပတ်သက်မှု အခန်းကဏ္ဍ အကန့်အသတ်ရှိနေခြင်း၏ ဖြစ်နိုင်သည့်အကြောင်းတရပ်မှာ မြန်မာအစိုးရက နိုင်ငံတကာ ကြားဝင်ဖျန်ဖြေမှုကို မလိုအပ်၊ ‘ပြည်တွင်းဖြစ်’ လုပ်ငန်းစဉ်တခုအဖြစ် မိမိတို့ဘာသာ စီမံခန့်ခွဲနိုင်သည်ဟု ယူဆထား

၁၀ *Global New Light of Myanmar.* (December 28, 2016). JCB for Peace Process Funding needs to ensure transparency, accountability, Retrieved from https://www.gnlm.com.mm/jcb-for-peace-process-funding-needs-to-ensure-transparency-accountability/

၁၁ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးတက်ရောက် Myanmar President Office (president-office.gov.mm)

သောကြောင့် ဖြစ်နိုင်ပါသည်။ သို့သော်လည်း များစွာသော ကုလသမဂ္ဂ အေဂျင်စီများက မြန်မာ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အရေးပါသည့် ပံ့ပိုးပေးမှုများ အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်နေကြပါသည်။

ကုလသမဂ္ဂမှ မစ္စ ခရစ္စတင်း ရှာနာ ဘာဂင်းနာ Mrs. Christine Schraner Burgener ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးသံအဖြစ် ၂၀၁၈ ခုနှစ် ဧပြီလမှ စတင်၍ ခန့်အပ်ပေးထားခဲ့သည်။[၃၂] သို့သော် ယင်းကြိုးပမ်းမှုမှာ မြန်မာအစိုးရအတွက် သိပ် စိတ်အားထက်သန်ပုံမရပါ။ အကြောင်းမှာ သူက မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသရှိ ရိုဟင်ဂျာများနှင့် ပတ်သက်၍ မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ ပြုမူပုံကို ဝေဖန်ပြောဆိုလေ့ရှိသောကြောင့် ဖြစ်ပါသည်။ ထိုမျှမက မတူခြားနားသည့် အစိုးရများ၏ ချဉ်းကပ်ပုံမူဝါဒများကြောင့်လည်း ဖြစ်နိုင်သည်။ သမ္မတဦးသိန်းစိန် လက်ထက်တွင် ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ် မစ္စတာနမ်ဘီးယားကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် 'လေ့လာသူ' (Observer) အဖြစ် ပါဝင်ခွင့်ပြုခဲ့ပြီး ယင်း၏ ပါဝင်မှုကဏ္ဍကိုလည်း အပြုသဘော မြင်ခဲ့ကြသည်။ NLD အစိုးရတွင်မူ ရခိုင်အကျပ်အတည်းနှင့်တို့၍ နိုင်ငံတကာဖိအားများ ပို၍ ရင်ဆိုင်လာရရာ မတူခြားနားသော စဉ်းစားချဉ်းကပ်မှု ရှိနိုင်သည်။

ကုလသမဂ္ဂ၏ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) က စီမံကိန်းမျိုးစုံကို အကောင်အထည်ဖော်နေရာ ယင်းတို့မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ယေဘုယျအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းများကို အထောက်အကူ ပြုနေပါသည်။ ယင်းစီမံကိန်းများက အုပ်ချုပ်မှုစနစ် ခိုင်မာအားကောင်းရေး၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး တိုးတက်လာစေရေးနှင့် မြှင့်တင်ပေးရေး၊ အင်အားစုအားလုံး ပါဝင်ခံစားနိုင်သည့် ဖွံ့ဖြိုးမှု (inclusive growth) ဖြစ်ပေါ်စေရေးတို့ ပါဝင်သည်။ ယင်းတို့မှာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) ၁၇ ခုအတွက် ရည်သန်သော ၂၀၃၀ ပြည့်နှစ် အာဂျင်ဒါ '2030 Agenda' အတွက် လွှမ်းခြုံသည့် စီမံကိန်းများလည်း ဖြစ်ကြသည်။ UNDP ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ချုပ် (FAO)၊ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်တို့က ဒုက္ခသည်များနှင့် ပြည်တွင်းဒုက္ခသည်များ (IDPs) အတွက်၊ ထိခိုက်နစ်နာဖွယ်ရှိသည့် လူမှုအသိုက်အဝန်းများအတွက် လူသားချင်းစာနာသည့် ကူညီထောက်ပံ့မှုများ ပေးနေသည်။ ထို့အပြင် (UNDP) က ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) သို့ နှစ်နှစ်တာရန်ပုံငွေ ထောက်ပံ့ပေးခဲ့သည်။

ကုလသမဂ္ဂ အမျိုးသမီးအစီအစဉ်နှင့် နော်ဝေနိုင်ငံတို့က ပူးပေါင်း၍ 'ကုလ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅' ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးပေးနေကြသည်။ ယင်းဆုံးဖြတ်ချက်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် လုံခြုံရေးကို မြှင့်တင်ပေးရန်ဖြစ်သည်။ ဤကြိုးပမ်းမှု၏ အခြေခံစဉ်းစားချက်မှာ အကြမ်းဖက် ပဋိပက္ခများကို ကြိုတင်ကာကွယ်သည့် လုပ်ငန်းဆောင်တာများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ပျိုးထောင်ရေး အကူအညီများပေးခြင်းနှင့် ရေရှည် ငြိမ်းချမ်းရေးတည်ဆောက်မှုများတွင် အမျိုးသမီးများက တန်းတူရည်တူ မိတ်ဖက်များအဖြစ် ပါဝင်နိုင်ပါက ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ပို၍ ရေရှည်တည်တံ့သည်ဟူသည့် အမြင်အပေါ် အခြေပြုထားခြင်းဖြစ်သည်။[၃၃]

ကုလသမဂ္ဂ အေဂျင်စီများက ယေဘုယျအားဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာစောင့်ကြည့်နေသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အထူးသဖြင့် ရိုဟင်ဂျာ ဒုက္ခသည်များ၏ ကံကြမ္မာနှင့်ပတ်သက်၍ အစည်းအဝေးအချို့ ကျင်းပခဲ့သည်။[၃၄] ထိုမျှမက ၂၀၁၇ ခုနှစ် မတ်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံ ရိုဟင်ဂျာအရေးနှင့်ပတ်သက်၍ သီးခြားလွတ်လပ်သည့် အချက်အလက်ရှာဖွေရေး နိုင်ငံတကာကော်မရှင် (IIFFMM)[၃၅] တခုကို ဖွဲ့စည်း တည်ထောင်၍ မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုအပေါ် စွပ်စွဲထားချက်များကို

၃၂ မူလက သူမသည် ဆွစ် ကွန်ဖက်ဒရေးရှင်း၏ ဂျာမနီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။

၃၃ UN Women (Asia Pacific). (March 11, 2019.) UN Women and Norway cooperate to support peace process in Myanmar through the implementation of UN Security Council Resolution 1325. Retrieved from http://asiapacific.unwomen.org/en/news-and-events/stories/2019/04/un-women-and-norway-cooperate-to-support-peace-process-in-myanmar

၃၄ UN. Security Council Reports on Myanmar. Retrieved from https://www.securitycouncilreport.org/chronology/myanmar.php

၃၅ https://www.ohchr.org/en/hrbodies/hrc/myanmarffm/pages/index.aspx

လေ့လာစုံစမ်းခဲ့သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့သည်။

နောက်ဆုံး ကျင်းပဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၁ ရာစု ပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ကျင်းပသည့်အခါ ကုလသမဂ္ဂ၏ အထူးသံ မစ္စ ခရစ္စတင်း ရှာနာ ဘာဂင်းနာ Mrs. Christine Schraner Burgener အပါအဝင် ကျန်ငြိမ်းချမ်းရေး အထူးသံနှစ်ဦးကိုလည်း မြန်မာအစိုးရက လေ့လာသူအဖြစ်တက်ရောက်ရန် ဖိတ်ကြားခဲ့ခြင်းမရှိသည်ကို သတိထားမိသည်။ အကြောင်းရင်းကို သေချာမသိနိုင်သော်လည်း ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကာလအတွင်း သွားလာရေး ခက်ခဲမှုများကြောင့် ဖြစ်နိုင်သကဲ့သို့ အကယ်၍ ညီလာခံသို့ သူမလာရောက်ပါက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းများ၊ ရိုဟင်ဂျာဒုက္ခသည်တို့၏ အခြေအနေ စသည်ဖြင့် အရေးပါသည့် ပြဿနာများကို မြန်မာအစိုးရထံသို့ ပြောကြားမည်ကို စိုးရိမ်မှုကြောင့်လည်း ဖြစ်နိုင်သည်။

## အရှေ့တောင်အာရှ နိုင်ငံများအသင်း

အာဆီယံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ‘ပြည်တွင်းရေး’အဖြစ် အသိအမှတ်ပြုထားသည်။ အာဆီယံက အကန့်အသတ်ဖြင့်သာ ကြားဝင်ဆောင်ရွက်ပါသည်။ ယင်းမှာ အာဆီယံသည် တနိုင်ငံ၏ပြည်တွင်းရေးကို အခြားတနိုင်ငံက မစွက်ဖက်ရေးမူဝါဒကိုလည်း ထင်ဟပ်နေခြင်းဖြစ်သည်။ အချို့သော အာဆီယံအသင်းဝင်နိုင်ငံများ ဥပမာအားဖြင့် ထိုင်းနိုင်ငံက မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ သွယ်ဝိုက်၍ အကျိုးစီးပွားအရ ဆက်စပ်နေသည်။ အထူးသဖြင့် ဒုက္ခသည်များပြန်လည်နေရာချထားရေး ကိစ္စမျိုး ဖြစ်သည်။ လက်ရှိတွင် ထိုင်းနိုင်ငံတွင်း၌ မြန်မာနိုင်ငံတိုက်ပွဲများမှ ထွက်ပြေးလာသူ ဒုက္ခသည် ၁၀၀၀၀၀ ခန့် အနည်းဆုံး ခိုလှုံနေကြသည်။ အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင်လည်းအလားတူဒုက္ခသည်ပြဿနာကိုရင်ဆိုင်နေရပြီးအထူးသဖြင့်ရိုဟင်ဂျာအသိုက်အဝန်းမှ ထွက်ပြေးလာကြသူ ဒုက္ခသည်များဖြစ်သည်။ သို့သော်လည်း အာဆီယံနိုင်ငံများက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍မူ သတိကြီးကြီးထား၍ ကန့်သတ်နေကြောင်း ပြသကြသည်။

ဒေသဆိုင်ရာ အသင်းကြီးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ၎င်းတို့၏ထောက်ခံမှုကို ပြသကြသည်။ အထူးသဖြင့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအရ ပူးပေါင်းမှုအတွက် အစီအစဉ်များကို ဖော်ပြကြသည်။ ယင်းသို့ အဆိုပြုထားကြသည့် အစီအစဉ်များတွင် ထိုင်း-မြန်မာ နယ်စပ်ရှိ အသစ်သော စက်မှုဇုန်များနှင့် အာဆီယံနိုင်ငံများကို ဆက်သွယ်မည့် ဟိုင်းဝေးလမ်းမကြီး အစီအစဉ်များ ပါဝင်ကြသည်။ ယင်းလုပ်ငန်းများမှတဆင့် အလုပ်အကိုင်များ ဖန်တီးပေးပြီး ပဋိပက္ခသက်ရောက်ခံစားရသော ဒေသများတွင် စီးပွားရေးဖွံ့ဖြိုးမှု ဖြစ်ပေါ်စေရန် ဖြစ်သည်။ ထို့အပြင် အာဆီယံနိုင်ငံများက ပဋိပက္ခဖြေရှင်းရေးတွင်လည်း ကိုယ်ပိုင်အတွေ့အကြုံများ ရှိထားကြသည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံက မြန်မာနိုင်ငံမှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို ဖိတ်ခေါ်၍ အာချေးဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လေ့လာစေခဲ့သည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့မှ အစိုးရများနှင့် ၎င်းတို့၏ တပ်မတော်တို့က လေ့လာရေးခရီးစဉ်များကို အိမ်ရှင်ပြု၍ ဆွေးနွေးပွဲများ စီစဉ်ပေးခဲ့ကြသည်။ နိုင်ငံရေးအသွင်ကူးပြောင်းမှုကို မည်သို့စီမံခန့်ခွဲခဲ့ကြသည်၊ ပြည်တွင်းစစ်ပြဿနာကို မည်သို့ ဖြေရှင်းခဲ့ကြသည်ကို လေ့လာခဲ့ကြခြင်းဖြစ်၍ မြန်မာအစိုးရခေါင်းဆောင်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAOs) ခေါင်း ဆောင်များ အတူပါဝင်ခဲ့ကြသည်။[၃၆] ထို့အပြင် ထိုင်းနိုင်ငံက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)သို့ရန်ပုံငွေအနည်းငယ်ထောက်ပံ့ပေးခဲ့သည်။

ရိုဟင်ဂျာ အကျပ်အတည်းနှင့် ပတ်သက်၍မူ အာဆီယံနိုင်ငံများက မတူကွဲပြားသော ချည်းကပ်ပုံ ရှိကြသည်။ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ဖွံ့ဖြိုးမှုနှေးကွေးသည့် ရခိုင်ပြည်နယ်တွင် အခြေခံအဆောက်အအုံများ ကူညီတည်ဆောက်ခြင်းဖြင့် ပံ့ပိုးကြသည်။ အခြားနိုင်ငံများကလည်း မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ ပံ့ပိုးပေးကြသည်။

---

၃၆ Vitikiotis, Michael. (August 8, 2017.) Myanmar's peace process contributes to ASEAN stability. Retrieved from. https://www.mmtimes.com/asean-focus/27160-myanmar-s-peace-process-contributes-to-asean-stability.html; Aung Naing Oo. (June 4, 2019.) "EAOs Should Separate Their Strategies on Ceasefires and Political Dialogue".
Retrieved from https://www.irrawaddy.com/opinion/guest-column/eaos-separate-strategies-ceasefires-political-dialogue.html

## အမေရိကန် ပြည်ထောင်စု

ယေဘုယျအားဖြင့် အမေရိကန်ပြည်ထောင်စုက ငြိမ်းချမ်းသော၊ ကြွယ်ဝချမ်းသာသော၊ ဒီမိုကရေစီ မြန်မာနိုင်ငံ ဖြစ်ပေါ်လာစေရေးနှင့် နိုင်ငံသားပြည်သူများ၏ လူ့အခွင့်အရေးများကို လေးစား လိုက်နာစေရေးကို လိုလားသည်။ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး စကော့ မာစီယယ် (Scott Marciel) က ဒဂုံတက္ကသိုလ်ကျောင်းသားများနှင့် ၂၀၁၉ ခုနှစ် မတ် ၂၆ ရက်က တွေ့ဆုံရာ၌ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ မူဝါဒတွင် အစိတ်အပိုင်းနှစ်ရပ်ပါကြောင်း ရှင်းပြခဲ့သည်။ ပထမအချက်မှာ အင်ဒို-ပစိဖိတ်ဒေသ၏ အိမ်နီးချင်းကပ်လျက် ဆက်ဆံမှုတွင် အခြေတည်သည်၊ ယင်းတွင် အာဆီယံနိုင်ငံများအတွက် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် ပံ့ပိုးကူညီရေးကိစ္စ ပါဝင်သည်။ ဒုတိယအချက်မှာ မြန်မာနိုင်ငံ၏ မဟာဗျူဟာအရ အရေးပါမှုကို အသိအမှတ်ပြုထားသည်ဟု ဆိုသည်။[၃၇]

**မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် ပြည်ထောင်စု၏ မူဝါဒတွင် အစိတ်အပိုင်း နှစ်ရပ်ပါကြောင်း ရှင်းပြခဲ့သည်။ ပထမအချက်မှာ အင်ဒို-ပစိဖိတ်ဒေသ၏ အိမ်နီးချင်းကပ်လျက် ဆက်ဆံမှုတွင် အခြေတည်သည်၊ ယင်းတွင် အာဆီယံ နိုင်ငံများအတွက် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေး အတွက် ပံ့ပိုးကူညီရေးကိစ္စ ပါဝင်သည်။ ဒုတိယအချက်မှာ မြန်မာနိုင်ငံ၏ မဟာဗျူဟာအရ အရေးပါမှုကို အသိအမှတ် ပြုထားသည်ဟု ဆိုသည် ...**

ကာလတခုအထိ မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေး အောင်မြင်မှုက သမ္မတအိုဘားမား လက်ထက် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးမူဝါဒအတွက် ဂုဏ်ယူစရာ ပိုစတာပြယုဂ်တခုသဖွယ် ဖြစ်နေခဲ့သည်။ သမ္မတအိုဘားမားက မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် နှစ်ကြိမ်တိုင်တိုင် လာရောက်လည်ပတ်ခဲ့သည်။ ယင်းမှာ နိုင်ငံတွင်း ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေးအရ လွတ်လပ်ပွင့်လင်းလာမှုအတွက် ယုံကြည်ကိုးစားမှု ထောက်ခံမှုကို ပြသခြင်းလည်း ဖြစ်ပေသည်။ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ်တွင် လာရောက်ခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန် ပြည်ထောင်စုက မြန်မာနိုင်ငံနှင့် ပြန်လည်ဆက်ဆံရေး ကြိုးပမ်းမှုများတွင် အဓိကအခန်းကဏ္ဍမှ ထောက်ခံ ပံ့ပိုးခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုက မြန်မာနိုင်ငံကို အမျိုးသားရေးအရ အရေးပေါ်အခြေအနေရှိသည့် နိုင်ငံတခု (national emergency) ဟု မသတ်မှတ်တော့သောကြောင့် ၁၉၉၇ ခုနှစ်မှ စတင်၍ ချမှတ်ထားသည့် စီးပွားရေးနှင့် ဘဏ္ဍာရေး ဒဏ်ခတ်ပိတ်ဆို့မှုများကို လျှော့ပေါ့ပေးခဲ့သည်။ သို့သော် သမ္မတထရမ့် အုပ်ချုပ်ရေးကာလတွင်မူ စိတ်ဝင်စားမှု အနည်းငယ်သာ ပြသခဲ့သည်။ အမေရိကန်ပြည်ထောင်စုက 'အင်ဒို-ပစိဖိတ် မဟာဗျူဟာ'ကို အာဆီယံဒေသအတွင်း ခုခံရေး မဟာဗျူဟာအဖြစ် သန္နိဋ္ဌာန်ပိုင်းဖြတ်ထားကြောင်း ဖော်ပြ ပြောဆိုသော်လည်း မြန်မာနိုင်ငံက မည်သည့်အခန်းကဏ္ဍတွင် သင့်တော်ပုံကို သေချာရှင်းလင်းမှု မရှိပါ။

၂၀၁၂ ခုနှစ်မှစတင်၍ အမေရိကန် ပြည်ထောင်စုက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကို မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ပြောင်းမှုနှင့် စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများကို အထောက်အကူဖြစ်စေရန် ပံ့ပိုးပေးခဲ့သည်။ ယင်းအကူအညီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တိုးတက်စေရန်၊ အကြမ်းဖက်မှု သက်ရောက်ခံစားရသည့် လူသန်းပေါင်းများစွာတို့၏ ဘဝများ၊ ရပ်ရွာအသိုက်အဝန်းများကို တိုးတက်စေရန် နှင့် အမုန်းစကားနှင့် ရပ်ရွာ လူမှုအသိုက်အဝန်းအတွင်း အကြမ်းဖက်မှုများကို တားဆီးရန်အတွက်လည်း ရည်ရွယ်ထားသည် (State Department, 2020 January)။

၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် USAID ၏ အစီရင်ခံစာအရ အမေရိကန်ဒေါ်လာ ၁၅၈ ဒသမ ၆ သန်းကို လူသားချင်း စာနာမှု အကူအညီအဖြစ် ထိုင်း-မြန်မာနယ်စပ်တွင် ခိုလှုံနေကြသည့် ဒုက္ခသည်များနှင့် ရခိုင်၊ ချင်းနှင့် ရှမ်းပြည်နယ်တို့ရှိ ထိခိုက်နစ်နာဖွယ်ရှိသော လူမှုအသိုက်အဝန်းများသို့ ကူညီပေးခဲ့သည် (USAID, December 2017)။ USAID က ဒီမိုကရေစီ အသွင်ကူးပြောင်းမှု၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေးနှင့် ထိခိုက်နစ်နာလွယ်သည့် ရပ်ရွာအသိုက်အဝန်းများ ကြံ့ကြံ့ခံနိုင်ရေး စီမံကိန်းများအတွက်လည်း ကူညီထောက်ပံ့မှုပြုနေသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက်မူ USAID က နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှု ကြိုးပမ်းချက်များ၊ ငြိမ်းချမ်းရေး-ပဋိပက္ခနှင့် ပတ် သက်၍ အထွေထွေ လူထုများအကြား သိမြင်နားလည်မှု တိုးတက်လာစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နည်းပညာပံ့ပိုးမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပဋိပက္ခလျှော့ချရေးတို့အတွက် ပံ့ပိုးပေးနေသည်။ USAID က တိုင်းရင်းသားနှင့် ဘာသာရေးအုပ်စုများအကြား၊ ရပ်ရွာအသိုက်အဝန်းများအကြား စီးပွားရေးအရ ဆက်ဆံမှုရှိစေခြင်း

၃၇ *The Irrawaddy.* (March 26, 2019.) A Conversation with US Ambassador Scot Marciel
https://www.irrawaddy.com/in-person/interview/conversation-us-ambassador-scot-marciel.html

ဖြင့် ငြိမ်းချမ်းသည့် လူမှုမဲဆန္ဒနယ်ပယ်တခု ဖြစ်ပေါ်စေရန်လည်း မြှင့်တင်အားပေးနေသည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်မှု တိုးတက်စေရေး သူတို့၏ခေါင်းဆောင်မှုအခန်းကဏ္ဍ ရယူနိုင်ရေးအတွက်လည်း လုပ်ဆောင်နေသည်။[၃၈-၃၉]

အခြား အရေးပါသည့် အမေရိကန် အဖွဲ့အစည်းတခုဖြစ်သည့် ယူအက်စ် ငြိမ်းချမ်းရေး အင်စတီကျု US Institute of Peace (USIP) ကလည်း အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ (EAOs)၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အခြား အရေးပါသည့် အင်အားစုများ၏ ဗဟုသုတ လစ်ဟာချက်ကို ဖြည့်ဆည်းပေးသည့် သုတေသန ပံ့ပိုးမှုများဖြင့်လည်း ကူညီပေးနေသည်။ USIP က ဆွေးနွေးပွဲများတွင် ကြားဝင် ရှေ့ဆောင်ခြင်း၊ ညှိနှိုင်းဆွေးနွေးမှုများ၊ ဖျန်ဖြေရေး ကျွမ်းကျင်မှုများနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှိ အရေးပါသည့် အင်အားစုများကို သင်တန်းများလည်း ပို့ချပေးသည်။ ပါတီစွဲမရှိသည့် အဖွဲ့အစည်းတခုဖြစ်သော USIP က မတူခြားနားသည့် ဘာသာကိုးကွယ်မှုနှင့် အုပ်စုများအကြား တွေ့ဆုံဆွေးနွေးမှုများမှတဆင့် ဘက်စုံသော ငြိမ်းချမ်းရေးဖြစ်စေရန် အသွင်ကူးပြောင်းမှု၊ သဟဇာတဖြစ်စေရန် တည်ဆောက်ပေးခြင်း လုပ်ငန်းများကိုလည်း ပံ့ပိုးပေးနေသည်။

အမေရိကန်ပြည်ထောင်စုရှိ အဖွဲ့အစည်းများက ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးအတွက် ခိုင်မာသည့် ကူညီပံ့ပိုးမှုများ ပေးနေသော်လည်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍မူ အမေရိကန်ပြည်ထောင်စုအစိုးရက လုံးဝ မညှိနှိုင်းနိုင်သော ရပ်တည်ချက်ကို ထားရှိသည်။ ၂၀၁၈ ခုနှစ် လူ့အခွင့်အရေး ကျင့်သုံးမှုများနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ရိုဟင်ဂျာများအပေါ် ပြုမူပုံနှင့် ပတ်သက်၍ မြန်မာအစိုးရနှင့် ယင်း၏ လုံခြုံရေးတပ်များကို ပြင်းပြင်းထန်ထန် ဝေဖန်ထားခဲ့သည် (US Department of State, 2018)။[၄၀] ၂၀၁၇ ခုနှစ်မှ စတင်၍ ရိုဟင်ဂျာများ လူအစုအပြုံလိုက် ထွက်ပြေးရမှုများ ဖြစ်ပေါ်ခဲ့ပြီး၊ မြန်မာစစ်တပ်က စစ်ရေးအရ ကျူးလွန်ဆောင်ရွက်မှုများသည် ရိုဟင်ဂျာ လူထုများအပေါ် 'လူမျိုးသုဉ်းသုတ်သင်မှု' (ethnic cleansing) တိုင် မြောက်သည်ဟု ဖော်ပြခဲ့သည်။ ကျူးလွန်သူများကို ဗီဇာကန့်သတ်မှုများနှင့် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် သူ၏လက်ထောက် ဗိုလ်ချုပ်ကြီးစိုးဝင်းတို့ကို ယင်းဒဏ်ခတ်မှုစရင်းတွင် ထပ်မံပေါင်းထည့်ခဲ့သည်။ ယင်းမတိုင်မီတွင် အမေရိကန်ပြည်ထောင်စု ဆီးနိတ် နိုင်ငံခြားဆက်ဆံရေးကော်မတီက ၂၀၁၈ ခုနှစ် ဥပဒေမူကြမ်း (The Senate Bill S. 2060) ကို တခဲနက် ထောက်ခံခဲ့ကြသည်။ ယင်းဥပဒေမူကြမ်းအရ စစ်တပ်ခေါင်းဆောင်များကို ရိုဟင်ဂျာလူထုများကို ရက်စက်မှုလုပ်ရပ်များနှင့် ပတ်သက်၍ ပစ်မှတ်ထား၍ ဒဏ်ခတ်အရေးယူခြင်း၊  ခရီးသွားလာခွင့် ကန့်သတ်ခြင်းများ ပါဝင်သည် (Myanmar Peace Monitor. 2019. p. 110)။

ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကာလတွင် အမေရိကန်ပြည်ထောင်စုက ကူးစက်ကပ်ဘေး တုံ့ပြန်မှုအတွက် အကူအညီများ တိုး၍ မြန်မာနိုင်ငံသို့ ပံ့ပိုးပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီအထိ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ သန်း ရှိသည်။ USAID ၏ နိုင်ငံရပ်ခြား ကပ်ဘေးဒုက္ခ အကူအညီပေးရေးရုံးက လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများအတွက် အမေရိကန်ဒေါ်လာသုံးသန်း ထောက်ပံ့ပေးခဲ့သည်။ ယင်းကို ရေရရှိရေးနှင့် တကိုယ်ရေသန့်ရှင်းရေးပစ္စည်းများဖြစ်သည့် ဆပ်ပြာ၊ လက်ဆေးခုံ၊ ထို့အပြင် ဒုက္ခသည်စခန်းများရှိ ရေရရှိရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးမည်ဖြစ်သည်။[၄၁]

စိတ်ဝင်စားဖွယ် ဖြစ်ရပ်တခုမှာ တောင်အာရှနှင့် အလယ်ပိုင်းအာရှဒေသ ကျွမ်းကျင်သူတဦးဖြစ်သည့် ဝါရင့်သံတမန်ထမ်း သောမတ် လာ့စ်လို ဗက်ဂျ်ဒါ (Thomas Laszlo Vajda) နှင့်အတူ အခြားသော အဆင့်မြင့်သံဝန်ထမ်းများကို မြန်မာနိုင်ငံသံရုံးသို့ ပြောင်းလဲခန့်အပ်ခဲ့မှု ဖြစ်သည်။ သံအမတ်ကြီးအသစ်က ဆီးနိတ် နိုင်ငံခြားဆက်ဆံရေးကော်မတီ၏ ကြားနာမှုတွင် ဖြေကြားရာ၌ 'မြန်မာနိုင်ငံနှင့်

၃၈ https://www.usaid.gov/burma/our-work/peace-and-reconciliation
၃၉ https://www.state.gov/u-s-relations-with-burma/
၄၀ https://www.state.gov/country-reports-on-human-rights-practices-for-2018/
၄၁ U.S. Embassy in Burma. (April 28, 2020.) The United States Provides $7.3 million in Assistance to Respond to COVID-19 in Myanmar. https://mm.usembassy.gov/the-united-states-provides-7-3-million-in-assistance-to-respond-to-covid-19-in-myanmar/

## ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် မြန်မာနိုင်ငံသို့ထောက်ပံ့ပေးမှု (စုစုပေါင်း) အဖွဲ့ဝင် ၂၄ နိုင်ငံပါဝင်သည့် ဖွံ့ဖြိုးရေးအကူအညီကော်မတီ (DAC) နိုင်ငံများ၏ တရားဝင်ဖွံ့ဖြိုးရေးအကူအညီ

(၂၀၁၈ ခုနှစ် အမေရိကန်ဒေါ်လာ သန်းပေါင်း)




ရင်းမြစ် - OECD Creditor Reporting System Aid Activity Database

## မြန်မာနိုင်ငံရှိ အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက်ထောက်ပံ့ပေးမှု (စုစုပေါင်း)

(၂၀၁၈ ခုနှစ် အမေရိကန်ဒေါ်လာ သန်းပေါင်း)




ရင်းမြစ် - OECD Creditor Reporting System Aid Activity Database

အမေရိကန်ပြည်ထောင်စု ဆက်ဆံရေးသည် မရှိမဖြစ်အရေးကြီးသည်၊ သို့မှသာ အရှေ့တောင်အာရှ နိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှု တိုးတက်စေမည်၊ ယင်းနိုင်ငံများကို ‘မလျော်ကန် ဆိုးရွားသည့် ဩဇာ လွှမ်းမိုးမှုများ’မှ ခုခံကာကွယ်နိုင်မည်’ဟုဆိုခဲ့သည်။ သို့သော်

သူက ‘မလျော်ကန်ဆိုးရွားသည့် ဩဇာလွှမ်းမိုးမှုများ’ဟူသည်ကို အတိအကျ အဓိပ္ပာယ်ဖွင့်ဆိုခြင်း မရှိခဲ့ပါ။[၄၂] လေ့လာသူအများစုကမူ သူ့ကို မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးမှုသည် တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုကို တုံ့ပြန်ရန်ဟု ရှုမြင်ကြသည်။

ဤဖြစ်ရပ်မတိုင်မီ ဇူလိုင်လတွင် ပုံမှန်မဟုတ်သော ဖြစ်ရပ်တခု ဖြစ်ပွားခဲ့ရာ ရန်ကုန်ရှိ တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု သံရုံးတို့က လူမှုမီဒီယာတွင် တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ အပြန်အလှန် တိုက်ခိုက်ခဲ့ကြသည်။ သတင်းဖော်ပြချက်များအရ ဖေ့စ်ဘွတ်ခ်တွင် ဖော်ပြခဲ့သော အမေရိကန်ပြည်ထောင်စုသံရုံး၏ ထုတ်ပြန်ကြေညာချက်မှာ အာဆီယံနိုင်ငံအများတွင် ဆောင်ရွက်သည့် လှုပ်ရှားဆောင်ရွက်မှုဖြစ်ပြီး၊ အရှေ့တောင်အာရှနိုင်ငံများအပေါ်တွင် တရုတ်နိုင်ငံ၏ ဩဇာကြီးထွားလာနေမှုကို ပြသရန်၊ အပြုသဘောမဆောင်သည့် တရုတ်နိုင်ငံ၏ လုပ်ရပ်များကို ဖော်ပြရန်ဟု ဆိုပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံရှိ တရုတ်သံရုံးက ဤထုတ်ပြန်ကြေညာချက်အပေါ် ပြင်းပြင်းထန်ထန် ပြန်၍တုံ့ပြန်ခဲ့သည်။

## ဥရောပသမဂ္ဂ

ဥရောပသမဂ္ဂ (EU) သည် NCA စာချုပ်လက်မှတ်ရေးထိုးမှုကို သက်သေအဖြစ် တက်ရောက် လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့များအနက်မှ တဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့အစည်းက ၂၀၁၃ ခုနှစ် ဇူလိုင်တွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ထိတွေ့ဆက်ဆံရေး ဘက်စုံမူဘောင် (Comprehensive Framework for its engagement) တရပ်ကို ချမှတ်ထားခဲ့သည်။ ယင်းတွင်ဖော်ပြထားရာ၌ ‘ငြိမ်းချမ်းရေးသည် ဒီမိုကရေစီခိုင်မာရေး၊ ဖွံ့ဖြိုးရေးကို မြှင့်တင်ဆောင်ရွက်ရေးနှင့် လူ့အခွင့်ကာကွယ်ပေးမှုတို့အတွက် မရှိမဖြစ်လိုအပ်သည့် တင်ကူးအခြေအနေတရပ်ဟု ဖော်ပြထားသည်’။ EU က မြန်မာအစိုးရနှင့် ထိတွေ့ဆက်ဆံရာတွင် ဦးစားပေးလုပ်ငန်းစဉ်များ ချမှတ်ထားပြီး ကူညီပေးရန်တာဝန်ရှိသည်ဟု ခံယူသည် (EU Council, 2013)။

၂၀၁၆ ခုနှစ် ဇွန် ၂၀ ရက်တွင် EU အဖွဲ့ဝင်နိုင်ငံများ၏ ထိပ်သီးခေါင်းဆောင်များနှင့် EU ကောင်စီနှင့် ကော်မရှင်များ၏ ဥက္ကဋ္ဌတို့ပါဝင်သည့် EU ကောင်စီက ဥရောပသမဂ္ဂတခုလုံး၏ တစုံလုံးဆိုင်ရာ နိုင်ငံရေးလမ်းကြောင်းနှင့်ဦးစားပေးလုပ်ငန်းများကိုဆွေးနွေး၍မြန်မာနိုင်ငံအတွက်မဟာဗျူဟာအသစ်ကို ချမှတ်ခဲ့သည်။ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားရာ၌ ဥရောပသမဂ္ဂသည် –

‘မြန်မာ့တပ်မတော် အပါအဝင် အရေးပါသည့် အင်အားစုများ အားလုံးနှင့် ထိတွေ့ဆက်ဆံမှုကို ချဲ့ထွင်သွားမည်။ အပြည့်အဝ ရှင်သန်လှုပ်ရှားသည့် ဒီမိုကရေစီစနစ်ဖြစ်ပေါ်စေရန်နှင့် ယင်းတွင် တရားဥပဒေစိုးမိုးရေးနှင့် အခြေခံ လူ့အခွင့်အရေးများကို အပြည့်အဝ လေးစားလိုက်နာသည့် မြန်မာနိုင်ငံ ဖြစ်စေရန်နှင့် အရပ်သား အစိုးရသစ်ကို ထောက်ခံ ပံ့ပိုးသွားမည်။ သီးခြားလွတ်လပ်ပြီး ဘက်မလိုက်သည့် တရားစီရင်ရေးနှင့် ခိုင်မာအားကောင်းသည့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ အပါအဝင် ထိရောက်သည့် ဒီမိုကရက်တစ် အင်စတီကျူးရှင်းများ တည်ဆောက်ရေးကို အားပေးမည်။ ဤရည်မှန်းချက်များ ပြည့်မြောက်စေရေးအတွက် အထူးအလေးပေး၍ ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်ကို မြှင့်တင်သွားမည်’ (EU Council, 2016)။

မြန်မာနိုင်ငံသည် အစီရင်ခံစာများအရ အာရှနိုင်ငံများတွင် EU ၏ နှစ်နိုင်ငံ ဖွံ့ဖြိုးရေးအကူအညီ ထောက်ပံ့မှု ဒုတိယအများဆုံးရရှိသောနိုင်ငံဖြစ်ပြီး ယူရို ၆၆၈ သန်း ရရှိခဲ့သည်။ ယင်းမှာ ၂၀၁၄ မှ ၂၀၂၀ အထိ နှစ်စဉ် ဘက်စုံဖော်ညွှန်းကိန်း အစီအစဉ်များအရ ဘက်စုံဖော်ညွှန်းမှု ခွဲဝေမှု 'multiannual indicative allocation' မှ ယူရို ၆၆၈ သန်း ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့မှုတွင်မူ EU က နိုင်ငံစုံချဉ်းကပ်မှုနည်းနာကို သုံးသည်။ ၂၀၁၄ မှ ၂၀၂၀ ပြည့်နှစ်များအတွင် EU က ယူရို ၆၆၈ သန်းမှ ယူရို ၁၀၃ သန်းကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် လျာထားခဲ့သည်။ အခြားသော ကဏ္ဍများတွင် EU ၏ ထောက်ပံ့ကူညီမှုများ၌ ကျေးလက်ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် အာဟာရလုံခြုံမှုအတွက် ယူရို ၂၄၁ သန်းကို ၂၀၁၄-၂၀၂၀ ပြည့်နှစ်များအတွက် လျာထားသည်။ EU

[၄၂] Tha, Kyaw Phyo. (August 7, 2020.) Nominee US Ambassador to Myanmar Hints at Need to Counter China’s Influence in Senate Testimony. The Irrawaddy. https://www.irrawaddy.com/news/burma/nominee-us-ambassador-myanmar-hints-need-counter-chinas-influence-senate-testimony.html

က ယူရို ၂၄၁ သန်းကို ပညာရေးစီမံကိန်းများအတွက် လျာထားသည်။ အုပ်ချုပ်မှုစနစ်၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်အစိုးရ၏ စွမ်းရည်တည်ဆောက်ရေး အစီအစဉ်များအတွက်မူ EU က ယူရို ၉၆ သန်း ထောက်ပံ့ပေးသည်။[၄၃]

ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့် ကြိုးပမ်းဆောင်ရွက်ချက်များအတွက် ယူရို ၁၀၃ သန်းကို (၂၀၁၄-၂၀၂၀ ပြည့်နှစ်များအတွက်) လျာထားရာတွင် EU က မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည် တည်ဆောက်ရေး ဗဟိုဌာန (MPC) သို့ ယူရို ၈ ဒသမ ၇ သန်းကို ယခင်အစိုးရ လက်ထက်တွင် ထောက်ပံ့ခဲ့သည်။ EU ၏ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းရေး ထောက်ပံ့မှုအဖြစ် ယူရို ၅၈ သန်းကို မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးမည်ဖြစ်ပြီး တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် နှစ်နိုင်ငံဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရန်အတွက်ဖြစ်သည်။ အလားတူပင် ခေါင်းစဉ်အကြောင်းအရာအရ အစီအစဉ်များ (thematic programs) အတွက်လည်း ထောက်ပံ့ပေးမည်။ EU က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအတွက် ပြန်လည်သင့်မြတ်ရေး၊ ပဋိပက္ခ အသွင်ပြောင်းတိုးတက်စေရေး၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် အပစ်ရပ်စဲရေး အကောင်အထည်ဖော်ရေး၊ အရပ်သားများက အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေး စီမံကိန်းများအတွက် ယူရို ၅ ဒသမ ၄ သန်း ထောက်ပံ့ပေးခဲ့သည်။ ယင်းရန်ပုံငွေများတွင် ဒေသခံ သတင်းထောက်များကို ကျင့်ဝတ်ဆိုင်ရာ၊ ပဋိပက္ခ၏ အကဲဆတ်မှုကို သိမြင်သော သတင်းရေးသားမှု၊ မြန်မာနိုင်ငံ၏ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သိရှိနားလည်စေရေး ပံ့ပိုးကူညီရန် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများအတွက်လည်း ထောက်ပံ့ပေးခဲ့သည်။[၄၄]

နိုင်ငံစုံ ပါဝင်ပတ်သက်ကြသည့် စီမံကိန်းများနှင့် ပတ်သက်၍မူ EU က ငြိမ်းချမ်းရေး ပူးပေါင်းရန်ပုံငွေ (JPF) သို့ ရန်ပုံငွေ အထောက်အပံ့များ ပေးနေသည်။ ယင်းမှာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ ဂရန့် ထောက်ပံ့ပေးမှုများနှင့် ပံ့ပိုးမှုများ ပေးနေသည့် နိုင်ငံစုံ အဖွဲ့အစည်းတခု ဖြစ်သည်။ အဖွဲ့ဝင် ၁၀ နိုင်ငံက ရန်ပုံငွေများ စုပေါင်း၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါ ဝင်ပတ်သက်နေသည့် ပါတီများ၊ အင်အားစုများသို့ မျိုးစုံသော ထောက်ပံ့မှုများ ပြုနေသည်။ ယင်းတို့တွင် ငွေကြေး၊ နည်းပညာ၊ အကြံဉာဏ်များ ပံ့ပိုးမှုများလည်း ပါဝင်သည်။ လက်ရှိတွင် နိုင်ငံတကာ အလှူရှင် ၁၀ နိုင်ငံတို့က JPF ကို ပံ့ပိုးကူညီနေ ပြီး ယင်းတို့တွင် ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ဖင်လန်၊ အီတလီ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန် ပြည်ထောင်စုတို့ ပါဝင်ကြသည်။[၄၅] JPF က ယင်း၏သက်တမ်းကို အနည်းဆုံး ၂၀၂၁ ခုနှစ်အထိ သတ်မှတ်ထားသည်။ EU က ၎င်း၏အရေး ပါသည့် ကူညီထောက်ပံ့မှုအဖြစ် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ကတိကဝတ် ပြုထားသည်။

ရိုဟင်ဂျာလူထုများ၏ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းနှင့် ပတ်သက်၍မူ EU က ၂၀၁၈ ခုနှစ် မေအထိ ယူရို ၄၀ သန်းကို ကတိကဝတ်ပြုထားသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ရခိုင်ပြည်နယ်ရှိ ထိခိုက်နစ်နာဖွယ် ရပ်ရွာအသိုက်အဝန်းများအတွက် အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအတွက် နောက်ထပ် ယူရိုငါးသန်းကို တိုးမြှင့်ပေးခဲ့သည်။[၄၆]

## အိန္ဒိယ

အိန္ဒိယနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ထိတွေ့ဆောင်ရွက်မှုများမှာ ယင်း၏ အရှေ့မြောက်ဒေသ နယ်စပ်လုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် စိုးရိမ်မှု၊ အကျိုးစီးပွားများနှင့် ထင်ဟပ်နေသည်။ အိန္ဒိယသမ္မတ ရှရီရမ် နတ်ကိုဗင်း Shri Ram Nath Kovind ၏ မြန်မာနိုင်ငံသို့ နိုင်ငံတော်အလည်အပတ်ခရီးစဉ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် သူက 'မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုသည် အိန္ဒိယ၏ကိုယ်ပိုင် အကျိုးစီးပွားနှင့် ထပ်တူဖြစ်ပါကြောင်း' ဖော်ပြခဲ့သည်။[၄၇] မြန်မာနိုင်ငံဆိုင်ရာ

၄၃ https://eeas.europa.eu/headquarters/headquarters-homepage_en/4004/EU-Myanmar%20relations
၄၄ The European Commission. (October 15, 2015.) Myanmar: EU Support for the peace process. https://reliefweb.int/report/myanmar/myanmar-eu-support-peace-process
၄၅ ဂျပန်နှင့် ဂျာမနီတို့က JPF တွင် အချိန်ခဏတာမျှ ပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် ပြန်၍ထွက်သွားခဲ့သည်။
၄၆ European Commission. (December 10, 2018.) Additional EU aid reaches Bangladesh for the Rohingya crisis. https://ec.europa.eu/echo/news/additional-eu-aid-reaches-bangladesh-rohingya-crisis_en
၄၇ Myanmar President Office. “Myanmar-India Joint Statement issued on the occasion of the State Visit of His Excellency Shri Ram Nath Kovind, President of the Republic of India, to the Republic of the Union of Myanmar”. (Retrieved from http://www.president-office.gov.mm/en/?q=briefing-room/news/2018/12/14/id-9176

အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏ အမျိုးသားလုံခြုံရေး အကြံပေးအရာရှိကလည်း NCA စာချုပ် လက်မှတ်ရေးထိုးပွဲကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် သက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုး တက်ရောက်ခဲ့သည်။

အိန္ဒိယပြင်ပ ဆက်ဆံရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ဖော်ပြရာတွင် မြန်မာနိုင်ငံတွင် ဘက်စုံငြိမ်းချမ်းရေးနှင့် အမျိုး သား ပြန်လည်သင့်မြတ်ရေးသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသပြည်နယ်များ၏ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် တွန်းအားဖြစ်စေမည်ဟု ဆိုခဲ့သည်။[၄၈] သို့သော် အိန္ဒိယနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် စိတ်ပါဝင်စားမှုသည် ယင်း၏ ပိုမိုကျယ်ပြန့်သော ဒေသဆိုင်ရာ အကျိုးစီးပွားနှင့်လည်း ဆက်စပ်နိုင်သည်။ အိန္ဒိယနိုင်ငံ၏ အရှေ့သို့ဦးတည်ဆောင်ရွက် 'Act East Policy' မူဝါဒအရ ရည်မှန်းထားချက်များတွင် အိန္ဒိယ-မြန်မာ-ထိုင်းနိုင်ငံ သုံးပွင့်ဆိုင် အဝေးပြေးလမ်းမကြီး၊ ကုလားတန် ဘက်စုံစီမံကိန်း multi-modal project နှင့် ဘင်္ဂလားပင်လယ်အော် ဘက်စုံ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (BIMSTEC) တို့ ပါဝင်ကြသည် (Harsh V Pant, 2017)။[၄၉]

အိန္ဒိယဝန်ကြီးချုပ်၏ ၂၀၁၇ ခုနှစ် စက်တင်ဘာ နိုင်ငံတော် အလည်အပတ်ခရီးစဉ်တွင် နှစ်နိုင်ငံ ပူးတွဲထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားရာ၌ 'အိန္ဒိယနိုင်ငံက မကြာသေးမီက ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ် အကြမ်းဖက်မှုများအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် ယင်းဖြစ်ရပ်တွင် မြန်မာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ အသက်ဆုံးရှုံးခဲ့ရသည်'ဟုဖော်ပြပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပို၍ ကြိုးပမ်းအားထုတ်ကြရန် တောင်းဆိုခဲ့သည်။[၅၀]

အိန္ဒိယက မြန်မာနိုင်ငံသို့ ကူညီပံ့ပိုးမှုများမှာ နှစ်နိုင်ငံချင်း ထောက်ပံ့ပေးမှုဖြစ်ပြီး အကန့်အသတ်နှင့်သာဖြစ်သည်။ ရန်ကုန်ရှိ အိန္ဒိယသံရုံးက TATA ကား ဆယ်စီးကို မြန်မာနိုင်ငံ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) သို့ ၂၀၁၈ ခုနှစ်တွင် လှူဒါန်းခဲ့သည်။ ထို့အပြင် အိန္ဒိယအစိုးရက မြန်မာနိုင်ငံမှ EAOs ခေါင်းဆောင်များကို မီဗိုသဘောတူညီချက် (၁၉၈၆ ခုနှစ်) ကို လေ့လာရန် ၂၀၁၅ ခုနှစ်တွင် ခွင့်ပြုခဲ့သည်။ အခြားခရီးစဉ်များတွင် အိန္ဒိယပုံစံ ဖက်ဒရယ်စနစ်ကို လေ့လာနိုင်ခဲ့ကြသည်။

မကြာသေးမီက NCA လေးကြိမ်မြောက် နှစ်ပတ်လည် မိန့်ခွန်းတခုတွင် မြန်မာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်က ဖက်ဒရယ်စနစ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာနေကြောင်း၊ အိန္ဒိယဖက်ဒရယ်ပုံစံသည် မြန်မာနိုင်ငံအတွက် သင့်တော်နိုင်ကြောင်း ဖော်ပြပြောဆိုခဲ့သည်။[၅၁] ထို့အပြင် မြန်မာနှင့် အိန္ဒိယ တပ်မတော်တို့သည် နီးကပ်သည့် ဆက်ဆံရေး ထိန်းသိမ်းထားကြသည်။

ကိုဗစ်-၁၉ ကူးစက်ကပ်ဘေး ကာလအတွင်း အောက်တိုဘာ ၄-၅ ရက်များတွင် အိန္ဒိယနိုင်ငံ၏ ကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မနော့ချ် နာရာဗာနီ (Gen. Manoj Naravane) နှင့် နိုင်ငံခြားရေးဝန်ကြီး ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ (Harsh Vardhan Shringla) မြန်မာနိုင်ငံသို့ အရေးကြီး သံတမန်ခရီးစဉ်တခုအဖြစ် ရောက်ရှိလာခဲ့သည်။ အိန္ဒိယနိုင်ငံက ရန်ကုန်မြို့အနီး စက်မှုဇုန်တွင် ရေနံသန့်စင်စက်ရုံတခု တည်ဆောက်ရန် ဖြစ်နိုင်ခြေကမ်းလှမ်းခဲ့သည်။[၅၂] အလည်အပတ်လာရောက်သည့် ဝန်ကြီးက ဗိုင်းရပ်စ်ကုသဆေးအလုံး ၃၀၀၀ ကို အကူအညီပေးခဲ့သည်။ ထို့နောက် နယ်စပ်လုံခြုံရေးကိစ္စများ၊

၄၈ India Ministry of External Affairs. (February 13, 2018.) "Official Spokesperson's response to a query on India's presence at the signing of National Ceasefire Agreement in Myanmar". Retrieved from https://www.mea.gov.in/media-briefings.htm?dtl/29482/official+spokespersons+response+to+a+query+on+indias+presence+at+the+signing+of+national+ceasefire+agreement+in+myanmar

၄၉ BIMSTEC သည် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့တစ်ခုဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ နီပေါနှင့် ဘူတန်တို့က အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။

၅၀ Minister of External Affairs, Government of India. September 6, 2017. https://mea.gov.in/bilateral-documents.htm?dtl/28924/IndiaMyanmar_Joint_Statement_issued_on_the_occasion_of_the_State_Visit_of_Prime_Minister_of_India_to_Myanmar_September_57_2017

၅၁ *Global New Light of Myanmar*. (October 29, 2019.) "Speech delivered by C-in-C of Defence Services at 4th anniversary of NCA". Retrieved from https://www.globalnewlightofmyanmar.com/speech-delivered-by-c-in-c-of-defence-services-at-4th-anniversary-of-nca/

၅၂ Prashar, Sachin. (October 6, 2020). To Counter China, India Offers Myanmar a $6Bn Oil Refinery", *The Times of India*. Retrieved from https://timesofindia.indiatimes.com/india/india-looks-to-build-6-billion-refinery-in-energy-rich-myanmar/articleshow/78499837.cms

ရိုဟင်ဂျာဒုက္ခသည်များ လုံခြုံစွာ၊ ရေရှည်တည်တံ့စွာနှင့် အလျင်အမြန်အိမ်ပြန်နိုင်ရေးကိစ္စများ အမြင်ဖလှယ်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ် မတ်လတွင် ရခိုင်ပြည်နယ်ရှိ စစ်တွေဆိပ်ကမ်း လည်ပတ်လုပ်ဆောင်ရေး ကိစ္စလည်း ဆွေးနွေးခဲ့သည်။[၅၃] ယင်းခရီးစဉ်မှာ မြန်မာနိုင်ငံအပေါ် တရုတ်၏ဩဇာလွှမ်းမိုးမှုအပေါ် ပြန်၍တွန်းလှန်ရန်ဟု လေ့လာသူအများက ယူဆကြသည်။

## တရုတ်နိုင်ငံ

တရုတ်နိုင်ငံက NCA စာချုပ် လက်မှတ်ရေးထိုးမှုကို သက်သေအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ဝါရင့်သံတမန်တဦးဖြစ်သူ မစ္စတာ ဆွန်ကော့ရှန် Mr. Sun Guoxiang ကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှဆိုင်ရာ အထူးသံတမန်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ ယင်းမှာ ၂၀၁၅ မှစတင်၍ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အထူးသံတမန်အဖြစ် တာဝန်ခန့်အပ်ပေးခြင်းလည်း ဖြစ်သည်။

တရုတ်နိုင်ငံက ၂၀၁၁ ခုနှစ်တွင် မြစ်ဆုံစီမံကိန်းကို ပြည်ခိုင်ဖြိုးပါတီ ဦးဆောင်သော အစိုးရက ဆိုင်းငံ့ထားခဲ့ပြီးနောက် သွေးအေးနေခဲ့ရာမှ များမကြာမီ ကာလကမှ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပို၍ တက်ကြွစွာ ပါဝင်လာခြင်း ဖြစ်သည်။

၂၀၁၆ ခုနှစ်မှ စတင်၍ တရုတ်နိုင်ငံက ရိုဟင်ဂျာအရေး ပြဿနာတွင် ပို၍ လက်ဦးမှုယူ တက်ကြွစွာ ပါဝင်လာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ယင်း၏ အခန်းကဏ္ဍကို တိုးချဲ့ခဲ့သည်။ အမှန်ဆိုရလျှင် တရုတ်နိုင်ငံကို နယ်စပ်ပြုထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် ယခုတိုင် NCA သဘောတူညီချက်စာချုပ်ကို လက်မှတ်မရေးထိုးကြသေးပေ။ ဤအခြေအနေများကြောင့် တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပို၍ အရေးပါသည့် အခန်းကဏ္ဍ ရှိလာခဲ့သည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘောဖြင့် ပါဝင်ဆောင်ရွက်နေသော်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအပေါ် ယင်း၏ လက်ဝေခံအဖွဲ့များ အဖြစ် မလျော်ဩဇာ လွှမ်းမိုးနိုင်လေရာ၊ တရုတ်နိုင်ငံ၏ အခန်းကဏ္ဍကို များစွာ စိုးရိမ်မှု ရှိနေကြသည်။

တရုတ်နိုင်ငံက မြန်မာနိုင်ငံတွင် အလုပ်ဖြစ်ရုံ တည်ငြိမ်ရေး (functional stability) ကို ပို၍ လိုလားနိုင်ပြီး ယင်း၏ လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများ အလုပ်ဖြစ်လျှင် ရပြီဟု ယူဆထားနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့်မူ ယင်း၏ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး၊ လုံခြုံရေး ကိစ္စများအတွက် ဘေဂျင်းရှိ အစိုးရကို အမြဲတမ်း မှီခိုအားထားနေရမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး အခြေအနေကြောင့်နှင့် ရိုဟင်ဂျာ အကျပ်အတည်းကြောင့် ကြုံရသည့် အနောက်နိုင်ငံများ၏ သံတမန်ရေး ဖိအားပေးမှုများကြောင့် ထိခိုက်လွယ်သည့် အနေအထားရှိနေရာ ဘေဂျင်းက ပထဝီဝင်နိုင်ငံရေးအရ၊ စီးပွားရေးအရ အသာစီးရမှု ရှိလာစေသည်။ အိန္ဒိယ၊ ဂျပန်၊ အနောက်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လက်ဦးမှုရယူ အသာစီး ဖြစ်စေသည်။ တချိန်တည်းမှာပင် တရုတ်နိုင်ငံက တရုတ်-မြန်မာ စီးပွားရေး စင်္ကြံလမ်းမ (CMEC) နှင့် သက်ဆိုင်နေသည့် အကြီးစား စီမံကိန်းကြီးများနှင့် ပတ်သက်၍ ပို၍ တိုက်တွန်းလောဆော်မှုများ ရှိလာနေသည်။

ကချင်ပြည်နယ်နှင့် ပတ်သက်လျှင်မူ တရုတ်နိုင်ငံက ဒေသ၏ နိုင်ငံရေး၊ စစ်ရေးအခြေအနေကို လုံးဝထိန်းချုပ်လိုသည်ဟု ယူဆနိုင်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) က နိုင်ငံတကာ သက်သေများ ဖိတ်ခေါ်လို သည့် အစီအစဉ်ကို တရုတ်အာဏာပိုင်များက ပယ်ချခဲ့သည်။ အလားတူပင်၊ မြန်မာနိုင်ငံ မြောက်ဖျားတွင် လှုပ်ရှားနေကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ဖြစ်ကြသည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ တအာင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တို့က ယင်းတို့နှင့် မြန်မာအစိုးရအကြား ညှိနှိုင်းဆွေးနွေးမှုများတွင် တရုတ်နိုင်ငံက ကြားဝင်ဆောင်ရွက်ပေးရန် ပွင့်လင်းစွာပင် ဖော်ပြတောင်းဆိုခဲ့ကြသည်။

---

၅၃ Roy, Shubhajit. (October 6, 2020.) “India gives Myanmar Remdesivir drug, talks security along border”, *The India Express*. Retrieved from https://indianexpress.com/article/india/india-gives-myanmar-remdesivir-drug-talks-security-along-border-6704437/

## တရုတ်နိုင်ငံ၏ ရန်ပုံငွေနှင့် ထောက်ပံ့မှုများ

များမကြာမီက ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် တရုတ်အစိုးရက အထူးသံ မစ္စတာ ဆွန်ကော့ရှန်၏ ခရီးစဉ်အတွင်း မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အမေရိကန်ဒေါ်လာ တသန်း ထောက်ပံ့မည်ဟု ကတိပြုခဲ့သည်။ တရုတ်နိုင်ငံ၏ ကူညီငွေကို စီမံကိန်းအချို့အတွက် ခွဲဝေအသုံးပြုမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာလေးသိန်းကို မြန်မာနိုင်ငံအမျိုးသားရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အတွက်လည်းကောင်း၊ ဒေါ်လာ သုံးသိန်းစီကို ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) အတွက် ထောက်ပံ့ခဲ့သည်။ သတင်းများအရ ယင်းသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ စတုတ္ထအကြိမ်မြောက် လှူဒါန်းမှုဖြစ်သည်။[၇၄]

၂၀၁၆ ခုနှစ် ဩဂုတ်တွင် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ သုံးသန်းကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ကုလသမဂ္ဂမှတဆင့် ထောက်ပံ့ခဲ့သည်။[၇၅] ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ငါးသိန်းကို JMC အစီအစဉ်အတွက် ထောက်ပံ့ခဲ့သည်။[၇၆] ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ တသန်းကို NRPC သို့ လှူဒါန်းခဲ့သည်။ မော်တော်ယာဉ်များ လှူဒါန်းမှုအနေဖြင့် ရန်ကုန်ရှိ တရုတ်သံရုံးက ကား ၁၀ စီးကို JMC သို့ ၂၀၁၈ ခုနှစ်တွင်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် နောက်ထပ် ကားငါးစီးကို ငြိမ်းချမ်းရေးကော်မရှင်သို့ လည်းကောင်း လှူဒါန်းကူညီခဲ့သည်။[၇၇]

ထင်ရှားသည့်အချက်မှာ ကနဦးတွင် တရုတ်နိုင်ငံက ကုလသမဂ္ဂမှတဆင့် ငွေလှူဒါန်းခဲ့သည်။ သို့သော် နောက်ပိုင်းတွင် တရုတ်နိုင်ငံက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ ကူညီထောက်ပံ့ရာ၌ တကိုယ်တော်ချဉ်းကပ်မှုကို သုံးခဲ့သည်။ တကိုယ်တော်ချဉ်းကပ်မှုကို မည်သည့်အတွက် ရွေးချယ်ရကြောင်း သေချာမသိနိုင်ပါ။ သို့သော် တရုတ်နိုင်ငံ၏ အထူးသံ မစ္စတာဆွန်ကော့ရှန်က ဖော်ပြရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ တရုတ်နိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုများသည် နှစ်နိုင်ငံချင်း မိတ်ဆွေဖြစ်ဆက်ဆံရေးအပေါ် မူတည်သည်ဟု ဖော်ပြသည်။[၇၈] သို့သော်လည်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ၎င်း၏အခန်းကဏ္ဍအပေါ် ပို၍ ယုံကြည်မှုရှိလာသည်ဟု သုံးသပ်နိုင်သည်။ အကြောင်းမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်နေမှုအများစုသည် တရုတ်နယ်စပ်တွင်သာ ဖြစ်ပွားနေကြပြီး ယင်းက ပို၍ တက်ကြွအားပါသည့် အခန်းကဏ္ဍကို ကိုယ်ပိုင်ဦးဆောင်မှုဖြင့် ဆောင်ရွက်လိုသောကြောင့်ဟု သုံးသပ်နိုင်သည်။ ထို့အပြင် အခြားဖြစ်နိုင်ခြေရှိသည့် အကြောင်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံက ပို၍ဩဇာလွှမ်းမိုးလိုသောကြောင့် ဖြစ်နိုင်သည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) တွင်လည်း တရုတ်နိုင်ငံ၏ အကျိုးစီးပွားများ နက်ရှိုင်းကျယ်ပြန့်စွာ ရှိနေကြသည်။ ထင်ရှားသည်မှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ အထူးသံက အလွန်တက်ကြွစွာပါဝင်သကဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် တက်ကြွမှုရှိသည်။

## မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအပေါ် ချိုးဖောက်မှုများ

တရုတ်အာဏာပိုင်များက ယင်း၏နယ်စပ်နှင့် ကပ်လျက်ဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်၍ နိုင်ငံတကာအရေး/ပြဿနာအဖြစ်ပြုခြင်းကို ဆန့်ကျင်ကြောင်း ပွင့်လင်းစွာ ဖော်ပြခဲ့ကြသည်။ စတင်မ်ဆွန်စင်တာ (Stimson Center) ၏ အစီရင်ခံစာတခုအရ ၂၀၁၃ ခုနှစ် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးစဉ်က ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)ကနိုင်ငံတကာမှလေ့လာစောင့်ကြည့်သူများ၊

၇၄ *The Irrawaddy*. (November 8, 2019.) China Gives $1 Million to Myanmar for Peace Process. (Retrieved from https://www.irrawaddy.com/news/burma/china-gives-1-million-myanmar-peace-process.html

၇၅ TIN in The News. (August 25, 2016.) China provide support for the Myanmar peace process. (Retrieved from https://www.internationaltin.org/china-provide-support-for-the-myanmar-peace-process/

၇၆ NRPC. (December 2017.) Chinese government donates USD 500,000 to JMC-U. (Retrieved from http://www.nrpc.gov.mm/en/node/145 and Myanmar Times, December 20, 2019. China gives $1 million for peace process https://www.mmtimes.com/news/china-gives-1-million-peace-process.html

၇၇ Retrieved from https://www.moi.gov.mm/moi:eng/?q=news/14/11/2018/id-14115 and http://www.xinhuanet.com/english/2019-05/03/c_138031822.htm

၇၈ Htwe, Zaw Zaw. (November 8, 2019.) China gives $1 Million to Myanmar for Peace Process. The Irrawaddy Online. (Retrived from https://www.irrawaddy.com/news/burma/china-gives-1-million-myanmar-peace-process.html )

ကြားဝင်ဖြန်ဖြေရေးအင်အားစုများ၊အာမခံမည့်သူများပါဝင်ပတ်သက်ရန်တောင်းဆိုခဲ့ကြသော်လည်း တရုတ်နိုင်ငံ၏ အထူးသံအမတ်ကြီး ဝန်ယင်ဖန်း (Wang Yingfan) က ယင်းအဆိုပြုချက်ကို ပြင်းပြင်းထန်ထန် ငြင်းပယ်ချခဲ့သည်ဟု ဖော်ပြထားသည်။[၅၉]

ယင်း စတင်မ်ဆွန်အစီရင်ခံစာတွင် စာရေးသူ ယွန်ဆင် (Yun Sen) က တရုတ် သုံးသပ်သူတဦးကို ကိုးကားဖော်ပြထားရာ၌ ‘တရုတ်နယ်စပ်တွင် ဝါရှင်တန်အစိုးရက မည်သို့သော အခန်းကဏ္ဍကိုမဆို ကြားဝင်ဆောင်ရွက်မည်ဆိုပါက တရုတ်နိုင်ငံကို ဝိုင်းပတ်ရန် ကြီးလေးသောကျူးကျော်မှုဖြစ်လိမ့်မည်၊ တရုတ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအပေါ် တိုက်ရိုက်သက်ရောက်စေသော ဝင်ရောက်စွက်ဖက်မှုဖြစ်စေမည်’ ဟု ဖော်ပြသည် (Yun Sen, 2014, p. 10)။ ထို့အပြင် တရုတ်သံအမတ်ကြီးက ၂၀၁၈ ခုနှစ်ကချင် နိုင်ငံရေးပါတီခေါင်းဆောင်များသို့ ပြောကြားရာ၌ ‘အနောက်အုပ်စု’က ကချင်ပြည်နယ်သို့ ဝင်ရောက်လာပါက ပြဿနာများ ပို၍များလိမ့်မည်ဟု ပွင့်လင်းစွာ ထုတ်ဖော်သတိပေးခဲ့သည်။[၆၀] သတင်းအစီရင်ခံစာအများအရ တရုတ်နယ်စပ်နှင့်နီးစပ်သည့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ၏ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများတွင် အနောက်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ ပါဝင်ပတ်သက်မှုကို ပြောင်ကျကျ ငြင်းပယ်ခဲ့သည်။ အလားတူပင် ယင်းနိုင်ငံများ၏ အကူအညီ ရယူမှုကိုလည်း ဆန့်ကျင်သည်။[၆၁]

ဖြစ်ရပ်တခုတွင် ဒုတိယအကြိမ် ၂၁ ရာစုပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ၂၀၁၇ ခုနှစ် မေတွင် ကျင်းပရာ တရုတ်အာဏာပိုင်များက မြန်မာနိုင်ငံမြောက်ပိုင်းရှိ (EAOs) အဖွဲ့များမှ ခေါင်းဆောင်များကို နေပြည်တော်သို့ လေယာဉ်ပျံဖြင့်ပို့ဆောင်ပေးခဲ့သည်ကို တွေ့မြင်ရသည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှိ အချို့ အရေးပါသည့် အင်အားစုများကမူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုသည် ရံဖန်ရံခါ အချုပ်အခြာအာဏာကို ချိုးဖောက်သည့်တိုင် ရောက်စေသည်ဟု သုံးသပ်ကြသည်။ သို့သော်လည်း တရုတ်ခေါင်းဆောင်များကမူ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမရှိပါဟု ငြင်းဆိုခဲ့ကြသည်။

ထူးခြားသည့်ပြုမူမှုမှာ ကီလိုမီတာပေါင်း ၂၀၀၀ ကျော် ရှည်လျားသည့် တရုတ်-မြန်မာနယ်စပ်တွင် ဇရာမတံတိုင်းတခုကို တရုတ်က ဆောက်လုပ်နေခြင်းဖြစ်သည်။[၆၂] မြန်မာအာဏာပိုင်များသို့ အသိပေးခြင်းမဟုတ်ဘဲ ဆောက်လုပ်နေခြင်းဖြစ်ပြီး မြန်မာအာဏာပိုင်များဘက်မှ ကန့်ကွက်နေခဲ့သည်။ တရုတ်အစိုးရဘက်ကမူ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးနှင့် တရားမဝင် ကုန်သွယ်မှု၊ လူခိုးဖြတ်သန်းမှုများကို ကာကွယ်ရန်ဟုဆိုသည်။ သတင်းများအရ အဆင့်မြင့်နည်းပညာ စောင့်ကြည့်စနစ်များ အသုံးပြုထားပြီး ၆၅၉ ကီလိုမီတာ တည်ဆောက်ပြီးစီးပြီဟု ဆိုသည်။

## တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) အပေါ် တရုတ်၏ ဩဇာလွှမ်းနိုင်မှု အတိုင်းအဆ

မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs) အများစုကမူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုကို လိုလားကြောင်း ဖော်ပြကြသည်။ သို့သော် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ (EAOs) များ၏ ရပ်တည်ချက်နှင့်မူ ကွာခြားချက်ရှိသည်။ မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ လက်နက်ကိုင်အင်အားစုများ၏ အင်အားကောင်းသည့် မဟာမိတ်အဖွဲ့ဖြစ်သော ပြည်ထောင်စု ငြိမ်းချမ်းရေးညှိနှိုင်း ဆွေးနွေးမှုကော်မတီ (FNPCC) က ယေဘုယျအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံပါဝင်ရန် ဖိတ်ခေါ်ကြသည် (Inkey, 2018)။ KIO နယ်မြေတွင် ဌာနချုပ်ပြုထားသည့် ရက္ခိုင့်တပ်တော် (AA) က အရှေ့မြောက်ပိုင်းရှိ လက်နက်ကိုင်အင်အားစုများနှင့် နီးစပ်ပြီး ယင်းကလည်း တရုတ်နိုင်ငံသည် မြန်မာအစိုးရနှင့် မြောက်ပိုင်းရှိ အင်အားစုများ

၅၉ မစ္စတာ ဝန်ယင်ဖန်းသည် မစ္စတာဆွန်ကော့ရှန် (Sun Guoxiang) မတိုင်မီက အထူးသံတမန်အဖြစ် ခန့်အပ်တာဝန်ပေးခံရသူ ဖြစ်သည်။

၆၀ *Radio Free Asia.* (December 31, 2018.) Kachin Political Leaders Discuss Myanmar Peace, Dam Project with Chinese Ambassador. Retrieved from https://www.rfa.org/english/news/myanmar/kachin-political-leaders-discuss-myanmar-peace-12312018150823.htm

၆၁ Wee Sui-lee. (October 9, 2015.) Myanmar official accuses China of meddling in rebel peace talks. Reuters. https://www.reuters.com/article/us-myanmar-china/myanmar-official-accuses-china-of-meddling-in-rebel-peace-talks-idUSKCN0S22VT20151008

၆၂ Strangio, S. (December 17, 2020.) China Building Massive Myanmar Border Wall: Reports, The Diplomat. Retrieved from https://thediplomat.com/2020/12/china-building-massive-myanmar-border-wall-reports/

အကြား ကောင်းစွာ ကြားဝင် ပွဲစားလုပ်ပေးနိုင်သည်ဟု ထင်မြင်သည်။ အပြန်အလှန်သဘောဖြင့် မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသရှိ (EAOs) များက တရုတ်နိုင်ငံ၏ ခါးပတ်တကွင်းလမ်းတစင်း ရောမစီမံကိန်းကြီး (BRI) ထောက်ခံကြောင်းနှင့် မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ဟန့်တားနှောင့်ယှက်မည်မဟုတ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ကြသည်။

တရုတ်နိုင်ငံက (EAOs) များအပေါ် သြဇာလွှမ်းမိုး အမိန့်ပေးနိုင်မည်ဆိုသည်မှာ မှားယွင်းသည့် အထင်ကြီးလွန်းသော ထင်မြင်ယူဆချက်သာဖြစ်သည်။ ၂၀၂၀ နှစ်ဆန်းပိုင်း တရုတ်သမ္မတရှီ၏ မြန်မာနိုင်ငံ အလည်အပတ်ခရီးစဉ်တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံရှိ (EAOs) များသို့ လက်နက်များ ထောက်ပံ့ပေးနေကြောင်း စွပ်စွဲချက်များကို ငြင်းဆိုခဲ့သည်။ ယင်းသို့ လက်နက်မှောင်ခိုရောင်းဝယ်မှု ပြဿနာကို တရုတ်အစိုးရက ဖြေရှင်းမည်ဖြစ်ကြောင်း မြန်မာ့တပ်မတော်အကြီးအကဲသို့ ကတိပြုခဲ့သည်။[၆၃] မည်သို့ပင်ဆိုစေ တရုတ်နယ်စပ်ဒေသ အာဏာပိုင်းများနှင့် မြန်မာနိုင်ငံမှ (EAOs) အဖွဲ့များအကြား တိုင်းရင်းသားဖြစ်မှုအရ၊ စီးပွားရေးအရ ပုဂ္ဂိုလ်ရေးဆက်စပ်မှုများ ရှိနိုင်သည်။ ဒေသခံအများစုဖြစ်သည့် ရှမ်း၊ ဂျင်းဖောနှင့် ကိုးကန့်လူမျိုးစုများမှ ဒေသခံခေါင်းဆောင်များသည် ဆက်စပ်မှုရှိနေကြသည်။ တရုတ် အောက်ခြေအာဏာပိုင်များက မြန်မာနိုင်ငံနယ်စပ်ဒေသ တိုင်းရင်းသား ထိန်းချုပ်ထားသည့် ဝ၊ မိုင်းလားဒေသများမှ ခေါင်းဆောင်များကို တရားဝင်မဟုတ်သော်လည်း လက်တွေ့အရ ဒေသန္တရ ခေါင်းဆောင်များအဖြစ် အသိအမှတ်ပြုထားမှုရှိနေသည်။ ထို့အပြင် မြန်မာနယ်စပ်နှင့် ဆက်စပ်ဒေသ များရှိ တရုတ် ဒေသခံအစိုးရများကလည်း ရံဖန်ရံခါ သီးခြားလွတ်လပ်စွာ မြန်မာနှင့်ဆက်ဆံမှုများ ရှိနေကြသည် (Kyee, Dec 2019)။

ထို့အပြင် ရက္ခိုင့်တပ်တော် (AA) ထံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတဆင့် တရုတ်နိုင်ငံက လက်နက်ပေးပို့မှု များရှိနေသည်ဟု စွပ်စွဲပြောဆိုမှုများ ရှိကြသည်။ တပ်မတော်နှင့် AA တပ်ဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်စွာ ကာလကြာရှည် တိုက်ခိုက်နိုင်သည်ကို အကြောင်းပြု၍ စွပ်စွဲကြခြင်းဖြစ်သည်။ ရခိုင်ပြည် နယ်တွင် အိန္ဒိယနိုင်ငံ၏သြဇာ မလွှမ်းမိုးနိုင်လေအောင် AA ကို လက်ဝေခံတပ်ဖွဲ့များအဖြစ် သုံးစွဲ နှောင့်ယှက်သည်ဟု စွပ်စွဲမှုရှိသည်။[၆၄]

## ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကာလအတွင်း တရုတ်ခေါင်းဆောင်များ၏ခရီးစဉ်နှင့် ကာကွယ်ဆေးဆိုင်ရာ သံတမန်ရေး

တရုတ်ကွန်မြူနစ်ပါတီ (CPC) ဗဟိုကော်မတီ၏ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်တဦးဖြစ်သူနှင့် အဆင့်မြင့်အရာရှိ၊ CPC ဗဟိုကော်မတီ နိုင်ငံခြားရေးရာ ကော်မရှင်ရုံး၏ ဒါရိုက်တာ ယန်ဂျေချီ (Yang Jiechi) သည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာအစောပိုင်းတွင် စပိန်၊ ဂရိသို့ ခရီးစဉ်နှင့် တဆက်တည်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ လေ့လာသူအများက ယုံကြည်ကြသည်မှာ ခါးပတ်တကွင်း လမ်းတစင်း (BRI) စီမံကိန်းကြီး၏ အခြေခံအဆောက်အအုံ စီမံကိန်းများနှင့်ပတ်သက်၍ တိုက်တွန်းရန် လာရောက် ခဲ့သည်ဟု ရှုမြင်ကြသည်။[၆၅] နှစ်နိုင်ငံသဘောတူညီထားသည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) အရ အဝေးပြေးလမ်းမကြီးများကွန်ရက်၊ ပိုက်လိုင်းများ၊ စက်မှုဇုန်များ တည်ဆောက်ရန်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှနေ၍ အိန္ဒိယသမုဒ္ဒရာကို ဆက်သွယ်မည့် ဆက်ကြောင်းလမ်းမကြီးများ တည် ဆောက်ရန် အဆိုပြုထားသည်။ ယင်းခရီးစဉ်တွင် တရုတ်နိုင်ငံက တရုတ်ယွမ်ငွေ သန်း ၂၀၀ (ခန့်မှန်း အမေရိကန်ဒေါ်လာ သန်း ၃၀) ကို ရခိုင်ပြည်နယ်ရှိ လူထုများ၏ သက်မွေးဝမ်းကျောင်းကိစ္စများ အတွက် ကူညီရန် ဂရန့်ပေးခဲ့သည်။[၆၆] မစ္စတာယန် (Mr. Yang) က ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေး ထုတ်လုပ်နိုင်သည့်အခါ မြန်မာနိုင်ငံကို ဦးစားပေးရန်လည်း ကတိပြုခဲ့သေးသည်။[၆၇] ဝေဖန်သုံးသပ်

၆၃ Zaw, Htet Naing. (January 20, 2020.) Chinese President's claim that Beijing not arming EAOs met with skepticism in Myanmar, The Irrawaddy Online. (Retrived from https://www.irrawaddy.com/news/burma/chinese-presidents-claim-beijing-not-arming-eaos-met-skepticism-myanmar.html )

၆၄ *The Irrawaddy.* (July 3, 2020.) Myanmar's Generals Aren't Happy With China—and It's No Longer a Secret. Editorial. Retrieved from https://www.irrawaddy.com/opinion/editorial/myanmars-generals-arent-happy-china-no-longer-secret.html

၆၅ Sebastian Strangio, "China's Top Diplomat Checks in on Myanmar Projects", The Diplomat, September 3, 2020, https://thediplomat.com/2020/09/chinas-top-diplomat-checks-in-on-myanmar-projects/

၆၆ *The Irrawaddy*, "During High-Level Visit, China Takes Note of Myanmar's 'High Standards' on BRI Projects", September 9, 2020, https://www.irrawaddy.com/opinion/analysis/high-level-visit-china-takes-note-myanmars-high-standards-bri-projects.html

၆၇ *CGTN News.* "China vows to prioritize Myanmar in Sharing COVID 19 vaccine", September 2, 2020, https://news.cgtn.com/news/2020-09-02/China-vows-to-prioritize-Myanmar-in-sharing-COVID-19-vaccine-TsEetIqmAw/index.html

သူများကမူ ယင်းသို့ 'ကာကွယ်ဆေးဆိုင်ရာ သံတမန်ရေး' (vaccine diplomacy) ဖြင့် ကိုဗစ်-၁၉ ကပ်ဘေးအလွန် သံတမန်ဆက်ဆံရေးကို သြဇာလွှမ်းမိုးရန် ရည်ရွယ်သည်ဟု ဆိုကြသည်။

## ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံကလည်း ၂၀၁၅ ခုနှစ် NCA စာချုပ် လက်မှတ်ရေးထိုးပွဲသို့ သက်သေအဖြစ် တက်ရောက်ခဲ့ပြီး နိပွန်ဖောင်ဒေးရှင်းက မြန်မာအစိုးရ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်ပူးပေါင်း၍ စစ်မက်သင့်ခဲ့ရာဒေသများရှိ ရပ်ရွာလူထုများထံသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနေသည်။ ယင်းသို့ ထောက်ပံ့မှုများတွင် အရေးပါသည့် အစားအသောက်နှင့် အစားအသောက်မဟုတ်သည့် ပစ္စည်းများ ပါဝင်သည်။ (ဥပမာအားဖြင့်- ဆေးဝါး၊ ခြင်ထောင်နှင့် ဆိုလာမီးအိမ်များ) နိပွန်ဖောင်ဒေးရှင်းက အိမ်များ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများကဲ့သို့သော အခြေခံအဆောက်အအုံများကိုလည်း ၂၀၁၆ ခုနှစ် အစောပိုင်းမှ စတင်၍ ကူညီပေးခဲ့သည် (Myanmar Peace Monitor, 2019, pp. 104-105)။

ဂျပန်နိုင်ငံက နိုင်ငံစုံကြိုးပမ်းမှုများနှင့် ပတ်သက်လျှင် ကင်းစွာနေလိုသည်။ ယင်းအစား မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင် နှစ်နိုင်ငံချင်း ဆက်ဆံရေးကို မြှင့်တင်လိုပြီး ဖွံ့ဖြိုးရေးစီမံကိန်းများကို အလေးထားသည်။ ဂျပန်အစိုးရက နိပွန်ဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ မစ္စတာ ယိုဟေး ဆာဆာကာဝါ Mr. Yohei Sasakawa ကို ၂၀၁၃ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အထူးသံတမန်အဖြစ် ခန့်အပ်ခဲ့သည်။[၆၈] ဂျပန်နိုင်ငံ၏ ကက်ဘိနက် အဓိကအတွင်းရေးမှူးဖြစ်သည့် ယိုရှီဟီဒါ ဆူဂါ Yoshihide Suga က ပြောရာတွင် 'ယခု ခန့်အပ်မှုသည် မြန်မာအစိုးရနှင့် တိုင်းရင်းသား လူနည်းစု များအကြား ပြန်လည်သင့်မြတ်ရေးကို ကြားဝင်ရှေ့ဆောင်ပေးရန်အတွက်ဖြစ်သည်'ဟု ဆိုသည်။[၆၉]

ဂျပန်နိုင်ငံက နိုင်ငံစုံ ကြိုးပမ်းမှုများနှင့် ပတ်သက်လျှင် ကင်းစွာနေလိုသည်။ ယင်းအစား မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင် နှစ်နိုင်ငံချင်း ဆက်ဆံရေးကို မြှင့်တင်လိုပြီး ဖွံ့ဖြိုးရေး စီမံကိန်းများကို အလေးထားသည် ...

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ဂျပန်နိုင်ငံ၏ ထောက်ခံပံ့ပိုးမှုသည် ပို၍ကျယ်ပြန့်သည့် ခေါင်းစဉ်နှင့်လည်း ချိတ်ဆက်ထားမှုဖြစ်နိုင်သည်။ လွတ်လပ်၍ပွင့်လင်းသည့် အင်ဒို-ပစိဖိတ် မဟာဗျူဟာအောက်တွင် ဒေသအတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ထိန်းသိမ်းထားရေးနှင့်လည်း ဆက်စပ်မှုရှိနိုင်သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တူကိုနို Mr. Toro Kono က Global New Light of Myanmar သတင်းစာနှင့် အင်တာဗျူးတွင် ဖွင့်ဆိုပြောရာ၌ 'မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး ရရှိရန်သည် အင်ဒို-ပစိဖိတ်ဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုအတွက် အလွန်အရေးကြီးကြောင်း' ဆိုခဲ့သည်။[၇၀]

၂၀၁၈ ခုနှစ်တွင် ထုတ်ဝေသည့် အာရှဖောင်ဒေးရှင်း (Asia Foundation) အစီရင်ခံစာတခုအရ ဂျပန်အစိုးရက နိပွန်ဖောင်ဒေးရှင်းသို့ ကူညီပေးမှုများအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လာမည့် ငါးနှစ်တာကာလတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ကတိပြုထားခဲ့သည်။[၇၁] ၂၀၁၆ ခုနှစ်တွင် ဂျပန်နိုင်ငံက ဂျပန်ယန်း ၈၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၃ ဘီလီယံ) ကူညီပေးရန် ကတိပြုထားသည်။ ယင်းအကူအညီကို ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် လာမည့် ငါးနှစ်တာကာလတွင် ပေးသွားမည်ဖြစ်သည်။ သို့သော် ယင်းရန်ပုံငွေ အများစုကို စီးပွားရေးဖွံ့ဖြိုးစေရေးအတွက် အသုံးပြုမည်ဖြစ်သည်။[၇၂]

နိပွန်ဖောင်ဒေးရှင်းက ၂၀၁၄ ခုနှစ်မှ စတင်၍ ပဋိပက္ခဖြစ်ပွား၍ ထိခိုက်နစ်နာရသူ လူထုများအတွက် ထောက်ပံ့ပေးခဲ့သည်။ ယင်းစီမံကိန်းကြောင့် ရှမ်း၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ချင်းပြည်နယ်များနှင့်

၆၈ Profile of Mr. Yohei Sasakawa, retrieved from https://www.nippon-foundation.or.jp/en/who/message/profile The official title of the Special Envoy is "Special Envoy of the Government of Japan for National Reconciliation in the Republic of Myanmar"

၆၉ The Nippon Foundation's Press Release, retrieved from "The Nippon Foundation Chairman Sasakawa Named Japanese Government's Special Envoy to Help Achieve Reconciliation in Myanmar", https://www.newswire.ca/news-releases/the-nippon-foundation-chairman-sasakawa-named-japanese-governments-special-envoy-to-help-achieve-reconciliation-in-myanmar-511972361.html

၇၀ *The Global New Light of Myanmar*. (January 13, 2019.) "Japan will support the peace building efforts in Myanmar to the best of its abilities: Mr. Toro Kono", Retrieved from

၇၁ Thomas Carr. *2018. Supporting the Transition: Understanding Aid to Myanmar Since 2011.* The Asia Foundation.

၇၂ *The Global New Light of Myanmar*. (2019, January 13.) "Japan will support the peace building efforts in Myanmar to the best of its abilities: Mr. Toro Kono". Retrieved from https://www.gnlm.com.mm/japan-will-support-peace-building-efforts-myanmar-best-abilities-mr-toro-kono/

စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူးတိုင်းဒေသကြီးများရှိ လူဦးရေ သန်းတဝက်ခန့် အကျိုးခံစားခွင့် ရှိစေခဲ့သည်။[၇၃] ဂျပန်နိုင်ငံ၏ ထောက်ပံ့ပေးမှုများသည် ပဋိပက္ခကြောင့် နစ်နာခံစားရသူများအတွက် ရေတိုလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်သာဖြစ်ပြီး၊ ရေရှည် အဖြေရှာဖွေရေးအထိ မရောက်သည်ကို တွေ့ရှိရသည်။

ထို့အပြင် ဂျပန်နိုင်ငံ၏ မိမိကိုယ်ကို ခုခံကာကွယ်ရေးတပ်ဖွဲ့များက မြန်မာ့တပ်မတော်နှင့် နီးစပ်သော ဆက်ဆံရေးကို ထိန်းသိမ်းထားသည်။ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့အကြား ရင်းနှီးသောဆက်ဆံရေး ရှိခြင်းအားဖြင့် ယင်းရည်ရွယ်ချက်အတွက် အထောက်အကူဖြစ်စေမည်ဟု ယူဆနိုင်သည်။ တဖက်တွင်လည်း မြန်မာနိုင်ငံတောင်ပိုင်းဒေသတွင် ပဋိပက္ခဖြစ်ပွားရာ ဒေသများသို့ လူသားချင်းစာနာမှု အကူအညီများပေးခြင်းဖြင့် တောင်ပိုင်းဒေသရှိ (EAOs) များနှင့် ကောင်းမွန်သောဆက်ဆံရေးကို ထိန်းသိမ်းထားသည်။

ထင်ရှားသည့်အချက်မှာ ဂျပန်နိုင်ငံက နိုင်ငံစုံပလက်ဖောင်းမှနေ၍ ကူညီပေးသည်ထက်စာလျှင် နှစ်နိုင်ငံချင်းကူညီပေးမှုကို ပို၍လိုလားပုံရသည်။ ဂျပန်နိုင်ငံသည် ငြိမ်းချမ်းရေး ပူးပေါင်းရန်ပုံငွေအဖွဲ့ (JPF) ၏ အဖွဲ့ဝင်ဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် မူဝါဒရေးရာ မကိုက်ညီမှုများကြောင့် ပြန်၍ နုတ်ထွက်ခဲ့သည်။[၇၄] ဂျပန်နိုင်ငံအစိုးရက MPC/NRPC အဆောက်အဦ ဆောက်လုပ်ရန် ၂၀၁၃ ခုနှစ်တွင် ရန်ပုံငွေထောက်ပံ့ခဲ့ပြီး ယင်းသည် မရေမတွက်နိုင်သော အပစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများ ကျင်းပခဲ့ရာ နေရာဌာနတခုဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကာလအတွင်း၌ပင်၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတေဂီ တိုရှိ မစ်ဆု (Motegi Toshimitsu) က မြန်မာနိုင်ငံသို့ ပထမဦးဆုံးသော အဆင့်မြင့်သံတမန်တဦးအဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၄ ရက်တွင် ရောက်လာခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် ဗိုင်းရပ်စ်တုံ့ပြန်ရေး နည်းပညာဆိုင်ရာ အကူအညီများ ပေးအပ်မည်ဟု အာမခံကတိပြုခဲ့ပြီး ဗိုင်းရပ်စ်ကုသဆေးအချို့ ကျန်းမာရေးဆိုင်ရာ ပစ္စည်းကရိယာများ အမေရိကန်ဒေါ်လာ သန်း ၃၀ ဖိုးခန့် မြန်မာနိုင်ငံသို့ ကူညီခဲ့သည်။ ဂျပန်နိုင်ငံက နောက်ထပ် အရေးပေါ်ရန်ပုံငွေ ယန်း ၃၀ ဘီလီယံခန့် ထောက်ပံ့ပေးရန် ဆုံးဖြတ်ထားသည့်အပြင် ပြည်ပဖွံ့ဖြိုးရေးရန်ပုံငွေ (ODA) မှ ယန်း ၁၅ ဘီလီယံကို ထပ်မံချေးပေးမည်ဖြစ်ပြီး ယင်းချေးငွေကို အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) အတွက် ပံ့ပိုးနိုင်ရန်ဖြစ်သည်။ ရခိုင်အကျပ်အတည်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ပင်ကိုယ်ကြိုးပမ်းနေမှုများကို အပြည့်အဝ ထောက်ခံပေးမည်ဖြစ်ပြီး ဂျပန်သည် မြန်မာနိုင်ငံ ဆောင်ရွက်နေသော သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင် Independent Commission of Enquiry (ICoE) နှင့် ယင်း၏အကြံပြုချက်များကိုလည်း ထောက်ခံသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍မူ ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ထောက်ခံ ပံ့ပိုးသွားရန် ကတိပေးသည်။ တိုင်းရင်းသားလူထုများအတွက် အပါအဝင် အကူအညီများကိုလည်း ဂျပန်နိုင်ငံ၏ အထူးသံ ဆာဆာကာဝါယိုဟေး (Sasakawa Yohei) ၏ ခေါင်းဆောင်မှုနှင့်အတူ ဆက်လက်ပံ့ပိုး ကူညီသွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် မစ္စတာ ဆာဆာကာဝါ (Mr. Sasakawa) ဦးဆောင်သည့် ကိုယ်စားလှယ်တဖွဲ့ကို စေလွှတ်ခဲ့သည်။[၇၅] မစ္စတာ ဆာဆာကာဝါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်ကြိုးပမ်းခဲ့သည်။ အထူးသဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ နောက်ပိုင်းတွင် တပ်မတော်နှင့် AA တပ်ဖွဲ့အကြား ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲစေရန် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲတွင် လုံခြုံရေး အကြောင်းပြချက်ကြောင့် ရွေးကောက်ပွဲကျင်းပရန် ဖျက်သိမ်းခဲ့သည့် မဲဆန္ဒနယ်များတွင် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဒေသခံ ငြိမ်းချမ်းရေးအကျိုးဆောင်များက အပစ်

၇၃ The Nippon Foundation. The Nippon Foundation’s Support for Conflict-Affected People in Myanmar. Retrieved from https://www.nippon-foundation.or.jp/en/news/articles/2016/20160302-20990.html

၇၄ *Myanmar Times*. (November 18, 2019.) “The price of peace: Western governments pledge millions”. (Retrieved from https://www.mmtimes.com/national-news/19664-the-price-of-peace-western-governments-pledge-millions.html

၇၅ Japan Foreign Ministry, https://www.mofa.go.jp/s_sa/sea1/page4e_001081.html#section1

ရပ်စဲရန် ကြိုးပမ်းခဲ့ကြသော်လည်း မအောင်မြင်ခဲ့ဘဲ ရခိုင်ပြည်နယ်တွင် အပစ်ရပ်စဲရေး အောင်မြင်ရေး အတွက် မစ္စတာ ဆာဆာကာဝါက လွန်းပျံခရီး သွားလာ၍ ဆောင်ရွက်ခဲ့ရာ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်ခဲ့သည်။[၇၆]

ဂျပန်နှင့် မြန်မာ နှစ်နိုင်ငံ နယ်စပ်များကို အစောလျင်ဆုံး စက်တင်ဘာလတွင် ဖွင့်လှစ်ရန် သဘော တူညီခဲ့သည်။[၇၇] များမကြာသေးမီက မြန်မာအစိုးရနှင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ ပူးတွဲ၍ 'မြန် မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲ'တရပ် Myanmar-Japan investment dialogue ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်တွင် ကျင်းပခဲ့သည်။ ကူးစက်ဘေးအလွန် စီးပွားရေး ပြန်လည် ထူထောင်ရေးအတွက် ရည်ရွယ်ရင်းဖြစ်ပြီး ဂျပန် စီးပွားရေးလုပ်ငန်းရှင် တစ်ထောင်ကျော် အွန်လိုင်းမှ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် မြန်မာအစိုးရက ရန်ကုန်အနောက်ပိုင်း စက်မှုဇုန်နှင့် မွန်ပြည်နယ်တွင် အထူးစီးပွားရေးဇုန် အခြေခံအဆောက်အအုံ စီမံကိန်းကြီးနှစ်ခုကို အဆိုပြု ချပြခဲ့ သည်။[၇၈]

## နော်ဝေနိုင်ငံ

၁၉၉၁ ခုနှစ်မှစတင်၍ နော်ဝေနိုင်ငံက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် တက်ကြွစွာ ပံ့ပိုးထောက်ခံခဲ့သည်။ လက်ရှိတွင် ယင်း၏ချဉ်းကပ်မှုမှာ နှစ်နိုင်ငံချင်း သဘောအရ သော်လည်းကောင်း၊ နိုင်ငံစုံ ပလက်ဖောင်းများကို အခြေပြု၍လည်းကောင်း ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံသည် နော်ဝေ၏ ဖွံ့ဖြိုးရေးအကူအညီရရှိသည့် အာရှနိုင်ငံလေးနိုင်ငံမှ တနိုင်ငံဖြစ်ပြီး နှစ် နိုင်ငံချင်း ကူညီပေးမှုသည် ၂၀၁၈ ခုနှစ်တွင် နော်ဝေခရိုနာ ၂၄၃ သန်း (ခန့်မှန်း အမေရိကန်ဒေါ်လာ အားဖြင့် ၂၈ ဒသမ ၄၅ သန်း) ရှိခဲ့သည်။[၇၉]

နော်ဝေနိုင်ငံက မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ ပံ့ပိုးပေးမှုမှာ နိုင်ငံစုံပလက်ဖောင်းတခုဖြစ်သည့် ငြိမ်းချမ်းရေး ပူးပေါင်းရန်ပုံငွေအဖွဲ့ (JPF) မှတဆင့်ဖြစ်ပြီး ကုလ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ တဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) သို့ လည်း ကောင်း၊ ပေါင်းစည်းလုပ်ငန်းအဖွဲ့ (PSF) နှင့် ကုလသမဂ္ဂ အမျိုးသမီးအစီအစဉ်သို့ အမျိုးသမီးများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အခန်းကဏ္ဍ တိုးတက်ပါဝင်စေရေးအတွက် အလေးပေး ထောက်ပံ့ပေး နေသည်။ ယင်းမှာ အထူးသဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရေး ဖြစ်သည်။ နော်ဝေက ဒေသခံ ဖောင် ဒေးရှင်းများမှတဆင့်လည်း အကူအညီများပေးနေသည်။ ဥပမာအားဖြင့် မွန်ပြည်နယ်တွင် ပညာရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် မွန်အမျိုးသားပညာရေးကော်မတီ၊ ဒေသအတွင်း ငြိမ်းချမ်းရေး ပံ့ပိုးပေးမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ရှာလုံဖောင်ဒေးရှင်း (Shalom Foundation) တို့ဖြစ်သည်။

အချို့သော နော်ဝေ နိုင်ငံတကာ NGO အဖွဲ့အစည်းတခု၏ ကြားဝင် ကူညီပေးမှုများမှာလည်း စိတ် ဝင်စားဖွယ် ဖြစ်သည်။ နော်ဝေ ပြည်သူ့အကူအညီအဖွဲ့ Norwegian People's Aid (NPA) က အချို့ သော ပဋိပက္ခသက်ရောက်သည့် နယ်မြေများတွင် စမ်းသပ်စီမံချက်အဖြစ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပံ့ပိုးပေးခဲ့သည်။ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် NPA ဒေသခံ အရပ် ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နေရာရွှေ့ပြောင်း ထွက်ပြေးရသူများကို အထူးလိုအပ်ချက် များ ဖြည့်ဆည်းပေးခဲ့သည်။ ဥပမာအားဖြင့် အမျိုးသားမှတ်ပုံတင်ကတ် (ID) ထုတ်ပေးခြင်း၊ လိုအပ် ချက်များ အကဲဖြတ်ဖော်ထုတ်ခြင်း၊ မြေမြှုပ်မိုင်းလှုပ်ရှားမှုနှင့် အခြား လူသားချင်းစာနာမှု အကူအညီ များပေးခြင်းတို့ ပါဝင်သည်။[၈၀]

၇၆ Strangio, S. (December 7, 2020.) Ceasefire Raises Hopes of Elections in Myanmar's Rakhine State, *The Diplomat*. Retrieved from https://thediplomat.com/2020/12/ceasefire-raises-hopes-of-elections-in-myanmars-rakhine-state/

၇၇ *Nikkei Asia*. (August 24, 2020.) Japan and Myanmar to reopen borders to each other for residents. https://asia.nikkei.com/Politics/International-relations/Japan-and-Myanmar-to-reopen-borders-to-each-other-for-residents\

၇၈ *The Global New Light of Myanmar*. (July 30, 2020). Myanmar-Japan Investment Dialogue on Economic Recovery After COVID-19 and New Investment Opportunities.
https://www.gnlm.com.mm/myanmar-japan-investment-dialogue-on-economic-recovery-after-covid-19-and-new-investment-opportunities/

၇၉ https://www.norway.no/en/myanmar/norway-myanmar/bilateral-relations/#BilateralRelations

၈၀ https://www.npaid.org/News/News-archive/2013/Norwegian-People-s-Aid-Involvement-in-Myanmar-Peace-Process-The-KyaukKyi-Pilot-Project

## အခြားနိုင်ငံများ

အခြားသော နော်ဒစ်နိုင်ငံများ (Nordic countries) ဖြစ်ကြသည့် ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန်နိုင်ငံတို့ကလည်း မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဘဏ္ဍာရန်ပုံငွေနှင့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုကို အထွေထွေသော အဖွဲ့အစည်းများသို့ ပံ့ပိုးပေးခဲ့သည်။ လက်ရှိကာလတွင် ဖင်လန်နိုင်ငံသမ္မတဟောင်း မစ္စတာ မာတီအာတီဆရီ (Mr. Martti Ahtissari) တည်ထောင်ထားသည့် အကျပ်အတည်းများ စီမံခန့်ခွဲမှု ကြိုးပမ်းချက် Crisis Management Initiative (CMI) သည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC ၏ နည်းပညာဆိုင်ရာ အတွင်းရေးမှူးအဖွဲ့၏ တရားဝင်အကြံပေးအဖြစ် ဆောင်ရွက်နေသည်။

တောင်ကိုရီးယားနိုင်ငံကလည်း JMC သို့ မော်တော်ယာဉ်တစ်စီး၊ မီးစက်များနှင့် လက်ကိုင် ကွန်ပျူတာများ ထောက်ပံ့ပေးခဲ့သည်။

## ငြိမ်းချမ်းရေးထောက်ပံ့မှုအတွက် နိုင်ငံစုံပလက်ဖောင်း (Multilateral Platform)

ယေဘုယျအားဖြင့် ဥရောပသမဂ္ဂ၏ ထောက်ပံ့ကူညီမှုများက နိုင်ငံစုံပလက်ဖောင်းမှတဆင့် ကူညီကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံစုံအဖွဲ့အစည်း နှစ်ခုသည်လည်း အရေးပါသည့် လှုပ်ရှားဆောင်ရွက်သူများ ဖြစ်ကြသည်။

## ငြိမ်းချမ်းရေး ပူးပေါင်းရန်ပုံငွေအဖွဲ့ (JPF)[၁၁]

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သို့ နှစ်နိုင်ငံချင်းပေးသည့် အကူအညီများအပြင် နိုင်ငံတကာ အလှူရှင်များက ငြိမ်းချမ်းရေးပူးပေါင်း ရန်ပုံငွေအဖွဲ့ (JPF) ဖွဲ့စည်း၍လည်း ပူးပေါင်းပံ့ပိုးမှုပြုကြသည်။ လက်ရှိတွင် နိုင်ငံ ၁၀ ခုက ပါဝင်ဆောင်ရွက်နေကြသည်။ အမည်အားဖြင့် ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ဖင်လန်၊ အီတလီ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့ ပါဝင်ကြသည်။ လုပ်ငန်းဆောင်တာများအတွက် အစီအစဉ်၊ ရန်ပုံငွေမှာ အနည်းဆုံး ၂၀၂၂ ခုနှစ်အထိ ပြည့်စုံသည်။ JPF သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပင်မကျသည့် ဂရန့် အကူအညီပေးရေး အဖွဲ့အစည်းတခုဖြစ်ပြီး ကျယ်ပြန့်သော အရေးပါသည့် အင်အားစုများမှသည် အဆင့်ဆင့်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ပါ ထောက်ပံ့ပေးသည်။ ဥရောပသမဂ္ဂက အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကူညီမည်ဟု ကတိပြုထားသည်။

JPF က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ငွေကြေး၊ နည်းပညာနှင့် အကြံဉာဏ်ပေးမှုများ ပံ့ပိုးပေးနေသည်။ JPF ၏ ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးအတွက် လုပ်ကိုင်ဖော်ဆောင်နိုင်သော ဝန်းကျင်တခု ဖန်တီးပေးရန် ဖြစ်သည်။ JPF ၏ ဖော်ပြထားသည့် ရည်ရွယ်ချက်တွင် အင်အားစု ဘက်အသီးသီးသို့ ကြားနေသဘော ထောက်ပံ့မှုပြုမည်ဟု ဆိုသည်။ သို့သော်လည်း အမေရိကန် ပြည်ထောင်စု JPF သို့ ထည့်ဝင်ငွေမှာ သိသာလောက်အောင် နည်းပါသည်။ နိုင်ငံစုံ အဖွဲ့အစည်းတခုအတွင်း ထိုင်ခုံတခု ဝယ်ထားရုံမျှသာဟု ဆိုနိုင်သည်။ တရုတ်နိုင်ငံက ယခုတိုင် JPF သို့ ပူးပေါင်းခြင်းမရှိပါ။ ဂျပန်နှင့် ဂျာမနီနိုင်ငံများက JPF သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သော်လည်း သိပ်မကြာမီမှာပင် မူဝါဒဆိုင်ရာ အကျပ်အတည်းကြောင့် ပြန်၍နုတ်ထွက်သွားသည်။

## ပေါင်းစည်းလုပ်ငန်းအဖွဲ့ (PSF)[၁၂]

ငြိမ်းချမ်းရေး ပံ့ပိုးမှု ရန်ပုံငွေ Peace Support Fund ကို ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ ယူနိုက်တက်ကင်းဒမ်း၏ နိုင်ငံတကာ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဩစတြေးလျ၏ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဆွီဒင်အစိုးရတို့က ဦးဆောင်ကြသည်။ ယင်း နိုင်ငံစုံအဖွဲ့က ငြိမ်းချမ်းရေး

၁၁ https://www.jointpeacefund.org/en
၁၂ http://www.paungsiefacility.org/home.html

လုပ်ငန်းစဉ်ကို ခိုင်မာအားကောင်းစေရန်နှင့် လူထုရပ်ရွာအတွင်း သဟဇာတဖြစ်မှု တိုးတက်စေရန် ပံ့ပိုးပေးကြသည်။ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ယင်း၏ ရည်ရွယ်ချက်ကို ရပ်ရွာလူထု အုပ်စုများ အကြား သဟဇာတဖြစ်စေရေးနှင့် လူမှုရေးအရ အစေးကပ်မှု စီမံချက်များသို့ ပြောင်းရွှေ့ခဲ့သည်။ အမည်ကိုလည်းပေါင်းစည်း လုပ်ငန်းအဖွဲ့ (PSF) အဖြစ် အမည်ပြောင်းခဲ့သည်။ 'Paung Sie' ဆိုသည်မှာ မြန်မာဘာသာစကားဖြင့် လူမှုရေးအရ ပေါင်းစည်းနိုင်မှု သို့မဟုတ် မြန်မာနိုင်ငံအတွင်း သဟဇာတဖြစ်စွာ အတူတကွ နေထိုင်၊ လုပ်ကိုင်နိုင်မှုကို ဆိုလိုသည်။

လက်ရှိတွင် ပေါင်းစည်းလုပ်ငန်းအဖွဲ့ (PSF) က ရရှိသည့် ရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ခြောက်သန်းရှိသည်။ နောက်ထပ်အလှူရှင်များကလည်း ပူးပေါင်းလိုကြသည့်သဘောထားရှိသည်။ PSF က အဖွဲ့အစည်း ၂၆၀ ကျော်ကို ထောက်ပံ့ပေးနေပြီး၊ ညှိနှိုင်းဆွေးနွေးမှု၊ သည်းညည်းခံတရားကို မြှင့်တင်ပေးမည့် ဝန်းကျင်ဖန်တီးရေး၊ ပို၍လုံခြုံသော ရပ်ရွာအသိုက်အဝန်းများ တည်ဆောက်ရေးအတွက် ဒေသခံများ၏ ကြိုးပမ်းမှုကို အကူအညီပေးနေသည်။ မြန်မာနိုင်ငံတွင် လူမှုရေးအရ ပေါင်းစည်းရေး အတွက် ဒေသခံအဖွဲ့အစည်းများက ဓာတ်ကူဖြစ်စေမည်ဖြစ်သည်။

## နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (INGOs)

ပုံမှန်အားဖြင့် ကုလသမဂ္ဂ ဦးဆောင်သည့် နိုင်ငံတကာ ငြိမ်းချမ်းရေးကြိုးပမ်းမှုများနှင့် ပဋိပက္ခလွန်ဒေသများတွင် ပါဝင်လေ့ရှိကြသည့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (INGOs) သည် မြန်မာနိုင်ငံတွင်လည်း ပါဝင် ဆောင်ရွက်နေကြသော်လည်း မြန်မာနိုင်ငံတွင် ဆောင်ရွက်ပုံမှာ ခြားနားမှုရှိသည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေကြသည့် INGOs အများကို နိုင်ငံတကာ ပဋိပက္ခများတွင်လည်း ပါဝင်ကူညီနေကြသည်ကို တွေ့မြင်ရသည်။ ယင်းတို့မှာ CARE International၊ နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အင်စတီကျု (International Institute for Democracy and Electoral Assistance)၊ ပို၍ လုံခြုံသောကမ္ဘာ (Saferworld)၊ နိုင်ငံတကာ သတိပေးမှု (International Alert)၊ ဘာ့ဂ်ဟော့ဖ် ပဋိပက္ခဆိုင်ရာ သုတေသန (Berghof Conflict Research)၊ နိုင်ငံတကာ အကျပ်အတည်းများ လေ့လာမှုအဖွဲ့ (International Crisis Group)၊ နိုင်ငံတကာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross)၊ နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီ (International Rescue Committee)၊ ဆွစ် ငြိမ်းချမ်းရေး တည်ဆောက်ရေးစင်တာ (Swiss Peace Center for Peacebuilding)၊ ဝေါ်ဗီးရှင်း နိုင်ငံတကာအဖွဲ့ (World Vision International)၊ ဘုံတူညီချက် ရှာဖွေမှု (Search for Common Ground)၊ နယ်စည်းမခြား ဆရာဝန်များအဖွဲ့ (Médecins Sans Frontieres)၊ အော့စ်ဖမ်း (Oxfam)၊ ကလေးများ ကယ်ဆယ်ရေးအဖွဲ့ (Save the Children)၊ Folke Barnardotte Academcy (Sweden)၊ Norwegian နှင့် Danish နိုင်ငံများမှ မိုင်းရှင်းလင်းရေး NGO များ၊ Hope၊ Humanitarian Dialogue Center နှင့် အခြားအဖွဲ့များတို့ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယင်း INGOs အများစုက မတူခြားနားသည့် စီမံကိန်းများကို အကောင်အထည် ဖော်နေကြသည်။ ယင်းသို့ ကူညီမှုများတွင် ဆေးဝါးနှင့် လူသားချင်းစာနာမှု အကူအညီပေးခြင်း၊ နေရာရွှေ့ပြောင်း ထွက်ပြေးရသူများနှင့် ထိခိုက်နစ်နာလွယ်သူများကိုကူညီခြင်း၊ ရပ်ရွာအတွင်း ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဖြစ်ပေါ်စေရန် ပံ့ပိုးပေးခြင်း၊ ဒေသခံ အခြေခံအဆောက်အအုံများ ပံ့ပိုးခြင်းနှင့် ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးလာစေရန် အားပေးခြင်းတို့ဖြစ်သည်။ တသီးပုဂ္ဂလ ကျွမ်းကျင်သူ ပညာရှင်များလည်း တဦးချင်းအနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာ NGO များ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ ထောက်ပံ့မှုဖြင့်သော်လည်းကောင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တဖက်တလမ်းက ကူညီနေကြသည်။

## မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ နိုင်ငံတကာကူညီထောက်ပံ့မှုများ၏ သဘောသဘာဝ

### နိုင်ငံတကာ ကြားဝင်ဖျန်ဖြေမှုကို ခွင့်မပြုပါ

အခြားသောပဋိပက္ခများတွင် နိုင်ငံတကာ၏ ကြားဝင်ဖျန်ဖြေမှုသည် ညှိနှိုင်းဆွေးနွေးမှုများနှင့် ငြိမ်း

ချမ်းရေး သဘောတူညီချက်များ နိဂုံးချုပ် အဆုံးသတ်နိုင်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ရှိကြသည်။ ယေဘုယျအားဖြင့် ကုလသမဂ္ဂ အေဂျင်စီများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ ဂုဏ်သရေရှိပုဂ္ဂိုလ်များက ဤသို့ အရေးပါသည့် ကြားဝင်ဖျန်ဖြေမှု အခန်းကဏ္ဍမှနေ၍ ပါဝင်လေ့ရှိကြသည်။

မြန်မာနိုင်ငံတွင်မူ အစိုးရနှင့် တပ်မတော်က ရပ်တည်ချက်အရ နိုင်ငံတကာ ကြားဝင်ဖျန်ဖြေမှုကို ခွင့်မပြုပါ။ ဤသို့ ရပ်တည်ချက်ရှိထားရခြင်းမှာ ဒေသခံ လူပ်ရှားဆောင်ရွက်သူများက မိမိတို့ဘာသာ ပဋိပက္ခကိုဖြေရှင်းနိုင်သည်ဟုယုံကြည်နေခြင်းကြောင့်ဖြစ်နိုင်သကဲ့သို့၊သမားရိုးကျလက်ခံထားသည့် အခြားနိုင်ငံ၏ ပြည်တွင်းရေးကို 'ဝင်ရောက်မစွက်ဖက်ရေးမူ' လက်ကိုင်ထားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ အာဆီယံအသင်းတွင်လည်း အလားတူမူကို လက်ကိုင်ထားပြီး၊ မြန်မာနိုင်ငံက ဘက်မလိုက် လှုပ်ရှားမှုသို့ ၁၉၅၅ ခုနှစ် စတင်စဉ် ဘန်ဒေါင်းအခြေခံမူများ ချမှတ်သည့် ကာလကတည်းက ကိုင်စွဲခဲ့သည်။ နိုင်ငံတွင်းရှိ အရေးပါသည့် အင်အားစုများက ယခု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် 'ပြည်တွင်းဖြစ်' နှင့် 'ဖက်စပ်သဘော ပူးပေါင်းမှု' (homegrown and a joint venture) ဟု ၂၀၁၂ ခုနှစ် စတင်စဉ် ကာလကတည်းက ဂုဏ်ယူပြောဆိုခဲ့ကြသည်။

ထို့အပြင် တပ်မတော်၏ မြန်မာနိုင်ငံအတွင်း ပြည်တွင်းစစ်အပေါ် အမြင်ကြောင့် ဖြစ်နိုင်သည်။ တပ်မတော်က ပြည်တွင်းစစ်ဟု လက်မခံပါ။ နိုင်ငံအတွင်း ပြင်းအားငယ်သည့် စစ်ရေးပဋိပက္ခ (low-intensity warfare) နှင့် ကန့်သတ်ဒေသတွင်သာ ဖြစ်ပွားနေခြင်းဟု မြင်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ((EAOs)) နှင့် တိုက်ခိုက်နေသော စစ်ပွဲများမှာ သောင်းကျန်းသူ နှိမ်နင်းရေး စစ်ပွဲများသာဖြစ်ပြီး တနိုင်ငံလုံးဆိုင်ရာ လက္ခဏာအဖြစ် မကျယ်ပြန့်ဟု ရှုမြင်သည်။ ထို့အပြင် အစိုးရ အရာရှိများက မြန်မာနိုင်ငံ၏ ပဋိပက္ခကို နိုင်ငံတကာ လက္ခဏာဆောင်သည့် ပြဿနာတခုအဖြစ် ဖန်တီး၍ ပြည်ပ၏ ဝင်ရောက်စွက်ဖက်မှုကို ဖိတ်ခေါ်သကဲ့သို့ ရှိမည်ကို စိုးရိမ်မှု ရှိကြသည်။ မြန်မာ အစိုးရ၏ ထုတ်ပြန်ကြေညာချက်များနှင့် တပ်မတော်၏ ဖော်ပြချက်များတွင် နိုင်ငံ၏ ရေရှည် ကြာမြင့်ပြီဖြစ်သည့် ပြဿနာကို ပြည်ပသွေးခွဲမှုအဖြစ် တစိုက်မတ်မတ် ဖော်ပြခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ အရှေ့မြောက်ဒေသရှိ NCA လက်မှတ်မရေးထိုးရသေးသည့် (EAOs) အဖွဲ့များ၊ အထူးသဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ငြိမ်းချမ်းရေးညှိနှိုင်း ဆွေးနွေးမှုကော်မတီ (FPNCC) မဟာမိတ်အဖွဲ့ဝင်များက မကြာခဏဆို သကဲ့သို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ပို၍နက်ရှိုင်းစွာ ပါဝင်ပတ်သက်မှု၊ ကြားဝင်ဖြန်ဖြေသူအဖြစ် ပါဝင်ပေး ပါရန် ဖိတ်ခေါ်ခဲ့ကြသည်။

## အထူးသံများ ခန့်အပ်တာဝန်ပေးခြင်း

အထူးသံတမန်များ ခန့်အပ်တာဝန်ပေးခြင်းသည် နိုင်ငံတခု၏ မဟာဗျူဟာမြောက် အကျိုးစီးပွား ရှိသည်ကို ဖော်ပြခြင်း ဖြစ်သကဲ့သို့ ပို၍ အချိန်၊ အင်အား၊ အရင်းအမြစ်များကို သံတမန်ရေး အင်အားတခုအဖြစ် အသုံးပြုရန် အာမခံထားပေးခြင်းလည်း ဖြစ်သည်။ မဟာဗျူဟာမြောက်သည့် ကိစ္စ တခုသဖွယ် ဖြစ်နေသည့် ပဋိပက္ခအဆုံးသတ်စေရန် ကြိုးပမ်းမှုလည်း ဖြစ်ပါသည်။ လက်ရှိတွင် ကုလသမဂ္ဂ၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့က မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အထူးသံတမန်များ ခန့်အပ် တာဝန်ပေးအပ်ထားသည်။ သို့သော် ကုလသမဂ္ဂ အထူးသံ၏ လုပ်ငန်းတာဝန်များမှာ ပို၍ကျယ်ပြန့်သည်။ သူက လူ့အခွင့်အရေးနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာ အရေးကိစ္စအတွက်ပါ တာဝန်ယူဆောင်ရွက်နေသည်။

အမေရိကန်ပြည်ထောင်စုကရော၊ ဥရောပသမဂ္ဂကပါ မြန်မာနိုင်ငံအတွက် အထူးသံများ ခန့်အပ်တာဝန်ပေးထားခြင်း မရှိပါ။

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ချောမွေ့စေရန် ကြားဝင်ကူခြင်း

မြန်မာအစိုးရနှင့် တပ်မတော်က နိုင်ငံတကာမှ ပါဝင်လှုပ်ရှားသူများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ချောမွေ့စေရန် ကြားဝင်ကူသည့် အခန်းကဏ္ဍကိုမူ ခွင့်ပြုပါသည်။ သို့သော်လည်း နိုင်ငံတကာ၏ အခန်း

ကဏ္ဍမှာ အကန့်အသတ်ရှိပါသည်။ ဥပမာအားဖြင့် တရုတ်အထူးသံတမန်နှင့် တရုတ်အာဏာပိုင်များက နယ်စပ်ရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို NCA လက်မှတ်ရေးထိုးရေး ညှိနှိုင်းဆွေးနွေးမှုများပြုရန် တိုက်တွန်းဆွေးနွေးမှုများ ရှိပါသည်။ သို့သော်လည်း ဤသို့ တိုက်တွန်းမှုမှာ အရာမထင်သေးပါ။ မည်သို့ပင်ဆိုစေကာမူ မြောက်ပိုင်းရှိ (EAOs) အဖွဲ့များနှင့် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်အကြား ဆက်လက် ညှိနှိုင်းဆွေးနွေးမှုများ ရှိနေပါသည်။

၂၀၁၇ ခုနှစ် မေတွင် ဒုတိယအကြိမ် ၂၁ ရာစု ပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်လေ့လာရန် EAOs ခေါင်းဆောင်များအား တရုတ်အာဏာပိုင်များက တိုက်တွန်းနားချပြီး နေပြည်တော်သို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပို၍တက်ကြွစွာ၊ တွန်းတွန်းတိုက်တိုက်ဖြင့် ဆောင်ရွက်လာခဲ့သည်ကို တွေ့ရသည်။ အခြားသော နိုင်ငံတကာ အင်အားစုများကလည်း အစိုးရခေါင်းဆောင်များ၊ တပ်မတော်အရာရှိများ၊ EAOs ခေါင်းဆောင်များကို ဖိတ်ခေါ်၍ အခြားနိုင်ငံများ၏ ပဋိပက္ခများဖြေရှင်းကြပုံကို လေ့လာစေခြင်းဖြင့် ကြားဝင်ထောက်ကူသည့် အခန်းကဏ္ဍကို ဆောင်ရွက်မှုများလည်း ရှိပါသည်။ ဤသို့လေ့လာရေးခရီးစဉ်များကို ထောက်ပံ့ပေးခြင်းသည် ခေါင်းဆောင်များအကြား လွတ်လပ်ပွင့်လင်းသည့် ဝန်းကျင်တခု ဖန်တီးပေးခြင်းလည်းဖြစ်ပြီး အလွတ်သဘော ပြောဆိုညှိနှိုင်းမှုများလည်း ပြုနိုင်မည်ဖြစ်သည်။

ယူနိုက်တက် ကင်းဒမ်းအခြေစိုက် အဖွဲ့အစည်းတခုဖြစ်ပြီး ပဋိပက္ခများတွင် ကြားဝင်ဖြန်ဖြေပေးရေးကို အထူးပြုဆောင်ရွက်နေသည့် အင်တာမီဒီယိတ် Inter Mediate အဖွဲ့ကလည်း NLD အစိုးရနှင့် နီးစပ်သည့်ဆက်ဆံရေး ထားရှိသည်။[၄၃] နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အင်တာမီဒီယိတ်အဖွဲ့မှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အကြံပေးဆွေးနွေးမှုများ ပြုစေသည်။ ယင်းအဖွဲ့ကို တည်ထောင်သူမှာ ယခင် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲယား၏ ဦးစီးအရာရှိချုပ်အဖြစ် (၁၉၉၇ မှ ၂၀၀၇ အထိ) ဆောင်ရွက်ခဲ့သူ ဂျွန်နသန် ပေါင်ဝဲလ် (Jonathan Powell) က ဦးဆောင်သည်။ အင်တာမီဒီယိတ် Inter Mediate အဖွဲ့က အစိုးရ၊ တပ်မတော်အရာရှိကြီးများနှင့် (EAOs) ခေါင်းဆောင်များကို ဖိတ်ခေါ်၍ မြောက်အိုင်ယာလန်၊ ကိုလံဘီယာ၊ ဂွာတီမာလာနှင့် တောင်အာဖရိကနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်ခဲ့သည်။

ဆွစ်ဇာလန်အစိုးရကလည်း မြန်မာအစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များကို ဆွစ်ဇာလန်သို့ ဖိတ်ခေါ်၍ ဖက်ဒရယ်စနစ် မည်သို့လုပ်ဆောင်ပုံကို လေ့လာစေခဲ့သည်။ သို့သော်လည်း ယင်းအဖွဲ့အစည်းများကို ဝေဖန်ကြသူများက 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်' ဟူသော အမည်အောက်တွင် အခွန်ဆောင်သူများ၏ ငွေများကို မီးရှို့ပစ်နေကြသည်ဟုဆိုကြသည်။[၄၄] များမကြာသေးမီက ဖင်လန် အကျပ်အတည်းစီမံခန့်ခွဲမှုကြိုးပမ်းချက် Crisis Management Initiative (CMI)[၄၅] က JMC တွင် ပါဝင်လုပ်ကိုင်နေကြသော အရေးပါသည့် အင်အားစုများမှ ခေါင်းဆောင်များကို ဖင်လန်သို့ဖိတ်ခေါ်၍ ယင်းတို့၏ စိုးရိမ်ပူပန်မှုများကို အလွတ်သဘော ညှိနှိုင်းနိုင်ရန် စီစဉ်ပေးခဲ့သည်။

အချို့သုံးသပ်သူများနှင့် လက်တွေ့ဆောင်ရွက်နေကြသူများကမူ ယင်းသို့ နိုင်ငံခြားမှပံ့ပိုးသည့် ကြိုးပမ်းချက်များကို အပြုသဘောရှုမြင်ကြသည်။ အစိုးရနှင့် EAOs အဖွဲ့များမှ ဦးဆောင်ညှိနှိုင်း ဆွေးနွေးသူများ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ အစိုးရ ဗျူရိုကရက်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် သိပ်ပြီး တင်းမာမှုမရှိသည့် အခြေအနေ၊ ပွင့်လင်းလွတ်လပ်သည့် ဝန်းကျင်တွင် အလွတ်သဘော ဆွေးနွေးမှုများ ပြုနိုင်ကြပြီး ထိုင်းနိုင်ငံ၊ နီပေါ၊ တောင်အာဖရိက၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ နော်ဝေနှင့် ဖင်လန်နိုင်ငံများတွင် ညီလာခံများတက်ရင်း၊ ဆွေးနွေးပွဲသင်တန်းများပြုရင်း ဆောင်ရွက်နိုင်ခဲ့ကြသည်ဟုဆိုသည်။ ဤသို့ ကြိုးပမ်းချက်များသည် ပါတီများအကြား ယုံကြည်မှု

၄၃ Inter mediate အဖွဲ့၏ ဝက်ဘ်ဆိုက်တွင် အဖွဲ့၏ရည်မှန်းချက်များကို ဖော်ပြထားရာ၌ ညှိနှိုင်းဆွေးနွေးမှုများ ဖြစ်ပေါ်စေရေး၊ မြှင့်တင်ရေးနှင့် ကြားဝင်ပံ့ပိုးပေးရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထောက်ပံ့ပေးခြင်း၊ နောက်ကွယ်မှနေ၍ သတင်းဆက်သွယ်ပေးမှု လမ်းကြောင်းများ ဖောက်လုပ်ပေးခြင်းနှင့် သင်တန်းများ ပို့ချပေး ခြင်းတို့ ပါဝင်သည်။ ယင်းဝက်ဘ်ဆိုက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်း၊ လုပ်ငန်းများ ဖော်ပြထားခြင်း မရှိပါ။ http://www.inter-mediate.org/

၄၄ Lintner, Bertil. (October 11, 2016.) Burma's misguided peace process needs a fresh start. The Irrawaddy. https://www.irrawaddy.com/opinion/commentary/burmas-misguided-peace-process-needs-a-fresh-start.html

၄၅ http://cmi.fi/

တည်ဆောက်ရေးအတွက် အကျိုးပြုကောင်း ပြုနိုင်ပါသည်။ သို့သော် ယင်းသို့အစည်းအဝေးများ တက်ရောက်ခဲ့ကြသူ အများစုက အလွတ်သဘော ညှိနှိုင်းနိုင်ကြသော်လည်း ရရှိသောရလဒ်များကို လက်တွေ့လုပ်ငန်းများသို့ ထည့်သွင်း အကောင်အထည်ဖော်နိုင်မှု မရှိပုံကို ဖော်ပြကြသည်။ အထက် ခေါင်းဆောင်ကြီးများ၊ ဆုံးဖြတ်ချက်ချမှတ်မည့်သူများသို့ တင်ပြသည့် စာရွက်များပေါ်တွင်သာ အဆုံး သတ်သွားကြရသည်ဟု ဆိုကြသည်။ ဤအချက်က ဖော်ပြနေသည်မှာ ဤသို့ အပြန်အလှန် ဆွေးနွေး ပြောဆိုမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အကြား ဆက်သွယ်မှုလမ်းကြောင်း ပျောက်နေသည်။ ပူးတွဲ၍ နိုင်ငံတကာခရီးစဉ်သွားလာခြင်း၊ ပြောဆိုခြင်းနှင့် ရရှိလာသည့် ပြည်ပနိုင်ငံများမှ သင်ခန်းစာ များကို မည်သို့ပြန်၍ အသုံးချမည်၊ ထိပ်ပိုင်းခေါင်းဆောင်များထံသို့ မှန်ကန်သည့်ဆုံးဖြတ်ချက်များ ချနိုင်ရန် မည်သို့ ဆက်သွယ်တင်ပြနိုင်မည် ဟူသည့် အဆက်အစပ်ပျောက်နေသည်။

## လူသားချင်း စာနာမှုဆိုင်ရာ အကူအညီ

နိုင်ငံတကာ အစိုးရများ၊ အေဂျင်စီများနှင့် နိုင်ငံတကာ အဲန်ဂျီအိုအဖွဲ့များက ဒုက္ခသည်များ၊ ပြည်တွင်း ဒုက္ခသည် IDPs များ၊ စစ်ဘေးဒဏ်သင့်သည့် ရပ်ရွာလူထုများအတွက် ကူညီထောက်ပံ့မှုများ ပေးနေ သည်။ ယခုအချိန်တွင် ဒုက္ခသည် တသိန်းနီးပါးသည် ထိုင်း-မြန်မာနယ်စပ် ဒုက္ခသည်စခန်းများတွင် ခိုလှုံနေကြဆဲ ဖြစ်သည်။ သို့သော် သူတို့အတွက် နိုင်ငံတကာရန်ပုံငွေများ လျော့နည်းကျဆင်း လာနေသည်။ နိုင်ငံတကာအစိုးရ အများက ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများတွင် ခိုလှုံနေကြသော ရိုဟင်ဂျာဒုက္ခသည်များအတွက် အထူးဦးစားပေး၍ အရေးပေါ်အကူအညီများ ထောက်ပံ့ပေးနေသည်။ ထွက်ပြေးရသည့် အတိုင်းအဆနှင့် သူတို့၏ ဒုက္ခရောက်ရသည့် အခြေအနေများကြောင့် နိုင်ငံတကာ၏ အရေးစိုက်မှုကို ဆွဲဆောင်နိုင်ခဲ့သည်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးရုံး (OCHA) ၏ အဆိုအရ ပြည်တွင်း ၌နေရပ်စွန့်ခွာ ထွက်ပြေးရသူ ခန့်မှန်း ၂၄၁၀၀၀ သည် (၇၇ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့် ကလေးများ ဖြစ်ကြသည်) ကချင်၊ ကရင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်တွင်းရှိ စခန်းများ၊ သို့မဟုတ် စခန်းများကဲ့သို့ အခြေအနေများတွင် နေထိုင်နေကြရသည်’။ ယင်းတို့အနက် ၁၂၈၀၀၀ ဦးမှာ ရခိုင်ပြည်နယ်ရှိ ပြည်တွင်း ဒုက္ခသည်စခန်းများအတွင်း ရှိနေပြီး ၂၀၁၂ ခုနှစ် ရပ်ရွာလူမှု အသိုက်အဝန်းများအကြား၊ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် အကျယ်အပြန့် အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက်ပိုင်း ခိုလှုံနေကြ ရသူများလည်း ပါဝင်သည်။ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းထွက်ပြေးရမှုများမှာ ကာလကြာရှည်နေ ကြပြီဖြစ်ပြီး သဘာဝ ကပ်ဘေးဒုက္ခများ၊ ပြင်ပမှ သက်ရောက်မှုများ ဖြစ်ပေါ်လာလျှင် အလွန်ထိခိုက် နစ်နာနိုင်ခြေရှိသူများ ဖြစ်နေကြသည်။[၁၆] များစွာသော နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီ ပေးရေး အေဂျင်စီများက ပြည်တွင်းဒုက္ခသည် (IDPs) များနှင့် ပဋိပက္ခမှ လွတ်မြောက်ခါစ ရပ်ရွာ လူထုများ၏ ထိခိုက်နစ်နာလွယ်မှုကို လျော့ပါးစေရန် ဆောင်ရွက်ပေးနေကြသည်။

၂၀၁၇ နှင့် ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် USAID ၏ အစီရင်ခံစာ ဖော်ပြချက်အရ အမေရိကန်ဒေါ်လာ ១၅၈ ဒသမ ၆ သန်းကို ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်များနှင့် ရခိုင်၊ ချင်းနှင့် ရှမ်းပြည်နယ်တွင် ရှိနေသော ထိခိုက်နစ်နာလွယ်သည့် ရပ်ရွာလူထုများအတွက် လူသားချင်းစာနာမှု လိုအပ်ချက်များ ကို ဖြေရှင်းနိုင်ရန် ကူညီပေးခဲ့သည်ဟု ဖော်ပြသည်။ (USAID, December 2017).

ရိုဟင်ဂျာများ၏ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းနှင့်ပတ်သက်၍မူ EU က ယူရို ၄၀ သန်း ကူညီပေးရန် ၂၀၁၈ ခုနှစ် မေတွင် ကတိကဝတ်ပြုထားသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် နောက်ထပ် ယူရို ငါးသန်းကို ရန်ပုံငွေ မြှင့်တင်ရှာဖွေခဲ့ပြီး ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ ထိခိုက်နစ်နာလွယ် သည့် ရပ်ရွာအသိုက်အဝန်းများအတွက် လူသားချင်းစာနာမှု အရေးပေါ်အကူအညီများ ပေးအပ်မည် ဟု ဆိုသည်။[၁၇]

ဂျပန်အစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပံ့ပိုးရန် သန္နိဋ္ဌာန်ချမှတ် လုပ်ဆောင်နေပြီး ယင်းတွင်

၁၆ https://www.unocha.org/myanmar/about-ocha-myanmar

၁၇ European Commission. (December 10, 2018.) Additional EU aid reaches Bangladesh for the Rohingya crisis. https://ec.europa.eu/echo/news/additional-eu-aid-reaches-bangladesh-rohingya-crisis_en

နိပွန်ဖောင်ဒေးရှင်း၏ အကူအညီ အမေရိကန်ဒေါ်လာ သန်း ၁၀၀ (လာမည့် ငါးနှစ်အတွက်)လည်း အပါအဝင်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ဂျပန်က ယန်းငွေ ဘီလီယံ ၈၀၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၃ ဘီလီယံခန့်)ကို ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ငါးနှစ်တာ ကူညီရန် ကတိကဝတ်ပြုထားသည်။သို့သော် ရန်ပုံငွေအများစုကိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီရန်လျာထားသည်။[၈၈] နိပွန်ဖောင်ဒေးရှင်းက စစ်ဘေးဒဏ်သင့် ဒေသများအတွက် အရေးပါသည့် အစားအသောက်နှင့် အစားအသောက်မဟုတ်သည့် ကုန်ပစ္စည်းများ (ဥပမာ- ဆေးဝါး၊ ခြင်ထောင်နှင့် ဆိုလာမီးအိမ်များ ... စသည်) လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ခဲ့သည်။ နိပွန်ဖောင်ဒေးရှင်းက အရေးပါသည့် အခြေခံအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ကျန်းမာရေး ဌာနများ... စသည်တို့ကိုလည်း ၂၀၁၆ ခုနှစ် အစောပိုင်းမှစ၍ ရပ်ရွာလူထုများအတွက် ထောက်ပံ့ပေးခဲ့သည် (Myanmar Peace Monitor 2019, pp. 104-105)။

တရုတ် အစိုးရကလည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် လူသားချင်းစာနာမှု အကူအညီများ အပါအဝင် ထောက်ပံ့ပေးခဲ့သည်။ သို့သော် အကူအညီအများစုမှာ အစိုးရလမ်းကြောင်းမှတဆင့် ထောက်ပံ့ပေးခြင်း များသည်။ ကုလသမဂ္ဂ အပါအဝင် အခြားသော နိုင်ငံတကာ ဖွံ့ဖြိုးရေး အေဂျင်စီများကလည်း အစီအစဉ်အမျိုးမျိုးဖြင့် အရေးပေါ်နှင့် သက်မွေးဝမ်းကျောင်း အကူအညီများ ပေးအပ်နေသည်။

## နည်းပညာ အကူအညီ

နိုင်ငံခြားအစိုးရများ၊ နိုင်ငံတကာ အဲန်ဂျီအိုများနှင့် အခြားသော အေဂျင်စီများက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ နည်းပညာပိုင်းအရလည်း အကူအညီများ ပေးနေသည်။ ယင်းတို့တွင် ကြားဝင်ပံ့ပိုးရေးဆောင်ခြင်းမှသည် ညှိနှိုင်းပြောဆိုမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဖက်ဒရယ်စနစ်ဆိုင်ရာ သင်တန်းများမှသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ သဘောသဘာဝ၊ အကြောင်းတရားနှင့် အလားအလာ၊ လစ်ဟာချက် စသည်တို့ကို သုတေသနပြုခြင်းများအထိ ပါဝင်သည်။ တသီးပုဂ္ဂလ ကျွမ်းကျင်သူများကလည်း တဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့်သော်လည်းကောင်း နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ရှိကြသည်။ နည်းပညာပိုင်းပံ့ပိုးမှုတွင် ခေါင်းစဉ်ပိုင်းအရ အကျယ်အပြန့် ပါဝင်သည်။

ယင်းလုပ်ငန်းများတွင် နိုင်ငံခြားတိုင်းပြည်များသို့ အတွေ့အကြုံရရှိစေရန် လေ့လာရေးခရီးများ စီစဉ်ခြင်း၊ အမျိုးမျိုးသော ခေါင်းစဉ်များအတွက် သင်တန်း၊ ဆွေးနွေးပွဲများ စီစဉ်ခြင်း၊ အရည်အသွေးမြှင့်တင်ရေး သင်တန်းများ၊ ကျွမ်းကျင်သူ ပညာရှင်များ၏ ပံ့ပိုးကူညီမှုများ၊ မိုင်းရှင်းလင်းရေး ပညာပေးမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အကြံပြုခြင်းများ ပါဝင်သည်။ ယင်း အကြံပြုခြင်းများတွင် အဆင့်များ ရှေ့နောက်စီစဉ်ခြင်းနှင့် ပဋိပက္ခဖြေရှင်းရေး ပုံစံမိုဒယ် ဆွေးနွေးခြင်းများ ပါဝင်သည်။ နောက်ဆုံးတွင် အရေးပါသည့် အင်အားစုများက သူတို့၏ ခံစားချက်များ၊ စိုးရိမ်ပူပန်မှုများနှင့် တွေးခေါ်မှုများကို အချင်းချင်းအကြား ဖလှယ်ဝေငှနိုင်ရန် နေရာဖန်တီးပေးခြင်းမျိုးလည်း ပါဝင်သည်။ ဖင်လန်နိုင်ငံ၏ အကျပ်အတည်း စီမံခန့်ခွဲမှု ကြိုးပမ်းချက် Crisis Management Initiative (CMI) အဖွဲ့အစည်းကလည်း JMC တွင် တရားဝင် နည်းပညာပိုင်းဆိုင်ရာ အကြံပေးအဖြစ် ဆောင်ရွက်နေသည်။

အဖွဲ့အစည်းများနှင့် အုပ်စုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများနှင့် ကျွမ်းကျင်မှုများ ပံ့ပိုးနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေသည်။ ယင်းသို့သော အဖွဲ့အစည်းများတွင် အကုန်အစင် မဟုတ်သော်လည်း နာမည်အရ ဖော်ပြရလျှင် ဥရောပ-မြန်မာရုံး Euro-Burma Office (EBO)[၈၉]၊ ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် လူသားချင်းစာနာမှု ဆွေးနွေးမှုဆိုင်ရာ စင်တာ Humanitarian Dialogue (HD)[၉၀]၊ ဆွစ်ပိစ်အဖွဲ့ Swisspeace[၉၁]၊ ငြိမ်းချမ်းရေး ပံ့ပိုးပေးမှုအဖွဲ့

၈၈ *The Global New Light of Myanmar*. (2019, January 13.) “Japan will support the peace building efforts in Myanmar to the best of its abilities: Mr. Toro Kono”. Retrieved from https://www.gnlm.com.mm/japan-will-support-peace-building-efforts-myanmar-best-abilities-mr-toro-kono/

၈၉ http://www.euro-burma.eu/

၉၀ https://www.hdcentre.org/

၉၁ https://www.swisspeace.ch/

Peace Support Group (PSG) နှင့် ကမ္ဘောဒီးယား အခြေစိုက် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ လေ့လာမှုဆိုင်ရာ စင်တာ (CPCS)[၉၂] နှင့် အခြားသော အဖွဲ့အစည်းများ ပါဝင်သည်။ တချိန်တည်းတွင် အချို့သော အဖွဲ့အစည်းများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဒေသခံ အဖွဲ့အစည်းများမှတဆင့် ပံ့ပိုးကူညီပေးနေကြသည်။ ဥပမာအားဖြင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ကို ဂုဏ်ပြုဖွဲ့စည်းထားသည့် ဦးသန့်၏အိမ် U Thant House[၉၃]၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးစင်တာ Centre for Peace and Reconciliation (CPR)[၉၄]၊ ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ Center for Diversity and National Harmony (CDNH)[၉၅]၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အင်စတီကျု Myanmar Institute for Peace and Security (MIPS)[၉၆]၊ ပြည်ထောင်စု အင်စတီကျု Pyidaungsu Institute (PI)[၉၇]၊ ငြိမ်း (ရှလုံ) ဖောင်ဒေးရှင်း[၉၈]နှင့် မေတ္တာဖောင်ဒေးရှင်း[၉၉]တို့ ဖြစ်ပါသည်။

အမေရိကန် ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျု US Institute of Peace (USIP)၊ အာရှဖောင်ဒေးရှင်း Asia Foundation၊ ငြိမ်းချမ်းရေး ပူးပေါင်းရန်ပုံငွေ (JPF)၊ ဖက်ဒရယ်နိုင်ငံများဆိုင်ရာ ဖိုရမ် Forum of Federations (FoF)၊ ပို၍ လုံခြုံသော ကမ္ဘာကြီး Saferworld စသည်တို့ကဲ့သို့သော ပညာရှင်ဆိုင်ရာ အဖွဲ့အစည်းများကလည်း ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပတ်သက်သော ပြဿနာများအတွက် ဗဟုသုတလစ်ဟာနေမှုကို ဖြည့်ဆည်းနိုင်ရန်နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ မတူခြားနားသော ရှုထောင့်အသီးသီးကို လေ့လာပြီး တီထွင်ဆန်းသစ်မှုရှိသော သုတေသနပြုမှုများဖြင့် ပံ့ပိုးပေးရန် ကြိုးပမ်းနေကြသည်။ အချို့သော အဖွဲ့အစည်းများက အရေးပါသော အင်အားစု များ ညှိနှိုင်းဆွေးနွေးနိုင်ရန် အခြေအနေများ ဖန်တီးပေးပြီး၊ ယင်းအင်အားစုများ၏ ဆွေးနွေးပွဲ ရှေ့ဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှု၊ အပေးအယူပြု ညှိနှိုင်းခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ မြင့်မားလာအောင် သင်တန်းများလည်း ဆောင်ရွက်ပေးသည်။ အချို့သော အဖွဲ့အစည်းများကမူ မူဝါဒ ညှိနှိုင်းဆွေးနွေးမှုနှင့် မူဝါဒ ရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများပေးသည်။ EBO ကဲ့သို့သော အချို့အဖွဲ့အစည်းများကမူ ဆွေးနွေးပွဲတွင် ပါဝင်နေကြသူ အင်အားစုများအတွက် ဆက်ဆံရေးရုံးများ ဖွင့်လှစ်နိုင်ရန်၊ ဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် ပစ္စည်းများ၊ နည်းပညာများ ပံ့ပိုးပေးမှုပြုသည်။

## ရန်ပုံငွေ ထောက်ပံ့ပေးခြင်း

အချို့သော နိုင်ငံတကာ အဖွဲ့အစည်းများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ လုပ်ငန်းဆောင်တာများအတွက် တိုက်ရိုက် ရန်ပုံငွေထောက်ပံ့ပေးခြင်း ပြုပါသည်။ အာရှဖောင်ဒေးရှင်း၏ အစီရင်ခံစာအရ နိုင်ငံတကာမိသားစုက ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍအတွက် ရန်ပုံငွေကို ၂၀၁၁ ခုနှစ်မှ စတင်၍ တိုးချဲ့ ထောက်ပံ့ပေးလာရာ '၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၆ သန်း ရောက်ရှိခဲ့သည်။ ၂၀၁၆ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၂၇၂ သန်း [ငြိမ်းချမ်းရေးကဏ္ဍအတွက်] ကတိကဝတ်ပြုထားပြီး ယင်းအနက်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထုတ်ပေးခဲ့သည်'ဟု ဖော်ပြထားသည် (Carr 2018)။ ဤ ခန့်မှန်းဖော်ပြချက်တွင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အခြားအိမ်နီးချင်းနိုင်ငံများမှ ထောက်ပံ့မှုများ မပါဝင်ပါ။ အတိအကျ အတည်ပြုနိုင်ရန် ခက်ခဲသောကြောင့် ဖြစ်သည်။

အများစုသော နိုင်ငံတကာ အင်အားစုများ၊ ဥပမာအားဖြင့် ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများက JPF ကို ပံ့ပိုးနေကြပြီး သူတို့၏ ထောက်ပံ့မှုကို နိုင်ငံစုံပါဝင်သည့် ပလက်ဖောင်းကို အသုံးပြု၍ ထုတ်ပေးကြသည်။ သို့သော် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် နောက်ဆုံး အမေရိကန်ပြည်ထောင်စုတို့က မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်လျှင် တနိုင်ငံချင်း ချဉ်းကပ် ထောက်ပံ့မှုနည်းကို သုံးလိုကြသည်ကို တွေ့ရှိရသည်။

---

၉၂ https://www.centrepeaceconflictstudies.org/
၉၃ https://www.uthanthouse.org/
၉၄ https://www.facebook.com/cprmyanmar/
၉၅ https://www.cdnh.org/
၉၆ http://mips-mm.org/
၉၇ https://www.pyidaungsuinstitute.org/
၉၈ https://www.nyeinfoundation.org/
၉၉ http://www.metta-myanmar.org/

## အကျပ်အတည်း စီမံခန့်ခွဲမှု (Crisis management)

အကြမ်းဖက်မှုများ နောက်ထပ်တဖန် မဖြစ်ပွားစေရန် ကာကွယ်တားဆီးခြင်းသည်၊ ပဋိပက္ခကို လျှော့ချနိုင်ရေးအတွက် မရှိမဖြစ် အရေးကြီးသကဲ့သို့ပင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက်လည်း အထောက်အကူပြုပါသည်။ ပဋိပက္ခမဖြစ်စေရန် ကြိုတင်ကာကွယ်တားဆီးသည့် သံတမန်ရေးလုပ်ငန်းမျိုးကို နိုင်ငံတကာ အင်အားစုများက အဓိက အခန်းကဏ္ဍမှနေ၍ ဆောင်ရွက်နိုင်ကြပါသည်။ ဤသို့သော ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေး ဆောင်ရွက်ရာတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) က အထူး အရေးပါသည်။ JMC ကော်မတီကို တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (NCA) ပါ လမ်းညွှန်ချက်များနှင့်အညီ ဖွဲ့စည်းထားပြီး အုပ်စု ၃ ခုဖြစ်သော တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) မှ ကိုယ်စားလှယ်များ ပါဝင်နေကြသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း JMC က လိုအပ်မည့်ရန်ပုံငွေမှာ ခန့်မှန်း အမေရိကန် ဒေါ်လာ ၂၃ သန်း ရှိမည်ဟု ဆိုသော်လည်း နောက်ပိုင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) လုပ်ငန်းစဉ်တွင် ညှိနှိုင်းတွက်ချက်မှုအရ အမေရိကန်ဒေါ်လာ ၂၁ သန်းသို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ သို့သော် နောက်ဆုံး အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းသာ သဘောတူညီမှု ရရှိသည်။ JMC အတွင်း အကျပ်အတည်းဖြစ်နေ၍ ကြန့်ကြာနေမှုများကြောင့် ဤရန်ပုံငွေကိုလည်း သုံး၍ မကုန်ပေ။ ပြီးခဲ့သည့် ငါးနှစ်တာကာလတွင် JMC က သုံးစွဲခဲ့သည့် ရန်ပုံငွေမှာ ၉-၁၀ သန်း အမေရိကန် ဒေါ်လာမျှသာရှိပြီး၊ ပျမ်းမျှအားဖြင့် တနှစ်ကို အမေရိကန်ဒေါ်လာ နှစ်သန်းမျှရှိသည်ဟု ခန့်မှန်းနိုင်သည်။ ၂၀၁၈-၂၉ ခုနှစ်အတွက် JMC ကော်မတီ၏ ဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ သန်း ရှိသည်ဟု သိရပြီး တရုတ်နိုင်ငံ၊ နော်ဝေနိုင်ငံနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများက ကူညီပံ့ပိုးမှုများလည်း ရှိသည်။[၁၀၀]

မည်သို့ပင်ဖြစ်စေ ယင်းပူးတွဲကော်မတီ ဖွဲ့စည်းထားပုံမှာ အာဏာချိန်ခွင်လျှာ မမျှဘဲ ရှိနေပြီး၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) အတွက် တန်းတူရည်တူ ဖြစ်ရန်ခက်ခဲပြီး၊ အမည်ပါရုံ ထည့်ထားသည့်သဘော ဖြစ်နေသည်။ ထို့အပြင် ၂၀၁၈ ခုနှစ်တွင် ကျင်းပသည့် ထိပ်သီးများအစည်းအဝေး ('Ten plus Ten Summit' နောက်ပိုင်းတွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတိုင် RCSS က ပူးပေါင်းဆောင်ရွက်မှုများ မပြုတော့ဟု ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် ကရင်ပြည်နယ်တွင် တပ်မတော်က KNU အဖွဲ့အစည်း ထိန်းချုပ်ထားရာဒေသအတွင်း မဟာဗျူဟာ လမ်းဖောက်လုပ်မှုကို ဆက်၍ ဆောင်ရွက်နေခြင်းကြောင့်လည်း မကြာခဏဆိုသလို စစ်ရေးတင်းမာမှုများ ရှိနေခဲ့သည်။

နိုင်ငံတကာ အဖွဲ့အစည်းများစွာက ပူးပေါင်း စောင့်ကြည့်လေ့လာရေး လုပ်ငန်းများအတွက် သုံးရန် တိုက်ရိုက် ရန်ပုံငွေ ထောက်ပံ့ပေးခြင်းသော်လည်းကောင်း၊ မော်တော်ယာဉ်များ ထောက်ပံ့ပေးခြင်း၊ လေ့လာရေး ခရီးစဉ်များ စီစဉ်ပေးခြင်း၊ အပစ်ရပ် စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်အတွက် နည်းပညာ ပံ့ပိုးကူညီပေးခြင်းများ ပြုကြသည်။ JMC ကော်မတီက သတင်းများဖလှယ်ခြင်း၊ အတည်ပြု စစ်ဆေးခြင်း၊ အစီရင်ခံတင်ပြခြင်း၊ အပစ်ရပ်စဲရေး စောင့်ကြည့်လေ့လာမှုများကို ကောင်းစွာ ဆောင်ရွက်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ဒေသဆိုင်ရာအဆင့် ကွန်ရက်များမှာ စောစီးစွာ ကြိုတင် သတိပေးစနစ်အဖြစ် ဖွံ့ဖြိုးစေရန် အားနည်းဆဲရှိသေးပြီး၊ အကယ်၍ ပဋိပက္ခဖြစ်ပွား၊ ပြဿနာတက်လာပါက စောင့်ကြည့်၍သတင်းပေးပို့နိုင်ကြသည်။ စောစီးစွာ ဖျန်ဖြေမှုအတွက် အထောက်အကူဖြစ်စေသည်။ JMC ကော်မတီတွင်ပါဝင်သည့် အရပ်ဘက်အဖွဲ့အစည်းများ (CSOs) များ၏ အခန်းကဏ္ဍမှာမူ ကောင်းစွာ အသိအမှတ်ပြု မခံရသေးသကဲ့သို့၊ ခွန်အားဖြည့်ဆည်း အာဏာမြှင့်တင်ပေးမှုလည်း မရှိပါ။ ၂၀၁၈-၂၉ ခုနှစ်အတွက် JMC ကော်မတီ၏ ဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ သန်း ရှိသည်ဟု သိရပြီး တရုတ်နိုင်ငံ၊ နော်ဝေနိုင်ငံနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများက ကူညီပံ့ပိုးမှုများလည်း ရှိသည်။[၁၀၁]

**"**

**JMC ကော်မတီတွင် ပါဝင်သည့် အရပ်ဘက် အဖွဲ့အစည်းများ (CSOs) များ၏ အခန်းကဏ္ဍမှာမူ ကောင်းစွာ အသိအမှတ်ပြု မခံရသေးသကဲ့သို့၊ ခွန်အားဖြည့်ဆည်း အာဏာ မြှင့်တင်ပေးမှုလည်း မရှိပါ …**

၁၀၀ Ministry of Information, Myanmar. (November 11, 2018.) PRC donates peace fund to JMC, seeks signing NCA by northern EAOs. https://www.moi.gov.mm/moi:eng/?q=news/11/11/2018/id-15550 JMC's 2017 budget was 6.5 million USD and the amount reduced to 4.4 million USD in 2018-19. Reduced by 2.1 million USD.

၁၀၁ Ministry of Information, Myanmar. (November 11, 2018.) PRC donates peace fund to JMC, seeks signing NCA by northern EAOs. https://www.moi.gov.mm/moi:eng/?q=news/11/11/2018/id-15550 JMC's 2017 budget was 6.5 million USD and the amount reduced to 4.4 million USD in 2018-19. Reduced by 2.1 million USD

နိုင်ငံတကာ အဖွဲ့အစည်းများက မြေမြုပ်မိုင်း ဖျက်သိမ်းရေးနှင့် ပတ်သက်၍၊ လက်နက်ကိုင်တပ်များ ဖျက်သိမ်းမှုနှင့် ပတ်သက်၍ အတွေ့အကြုံနှင့် ကျွမ်းကျင်မှု အများအပြား ပံ့ပိုးပေးနိုင်သည်။ သို့သော် မြန်မာနိုင်ငံတွင်မူ ယခုတိုင် ယင်းအစီအစဉ်များ စတင်နိုင်ခြင်း မရှိသေးဘဲ မြေမြုပ်မိုင်း ရှင်းလင်းမှုနှင့် ပတ်သက်၍ ဒေသခံ အင်အားစုများအကြား သဘောတူညီမှု ရရှိနိုင်ခြင်း မရှိသေးပါ။

## ရပ်ရွာလူထုများကို အားဖြည့်ပေးခြင်း၊ လူမှုရေးသဟဇာတဖြစ်မှု အစီအစဉ်များနှင့် အမျိုးသမီးများကို ခွန်အားအာဏာဖြည့်ပေးခြင်း

နိုင်ငံတကာ မိသားစုအများက သဟဇာတ ညီညွတ်မှုရှိသည့် လူမှုအဖွဲ့အစည်းတရပ် တည်ဆောက်နိုင်ရန် ဝိုင်းဝန်း ကြိုးပမ်းနေကြပါသည်။ ယင်းတွင် မတူခြားနားသည့် ဘာသာကိုးကွယ် ယုံကြည်သူများ၊ တိုင်းရင်းသား လူမျိုးစုများ အတူတကွ စုပေါင်းနေ ထိုင်နိုင်ကြမည်ဖြစ်ပြီး ဘက်စုံရှိသည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် ပြင်ဆင်ပေးသည့် အစီအစဉ်၏ တစိတ်တပိုင်း ဖြစ်ပါသည်။ ပေါင်းစည်းလုပ်ငန်းအဖွဲ့ Paung Sie Facility (PSF) သည် အလှူရှင်နိုင်ငံပေါင်းစုံ ပါဝင်သည့် ညွန့်ပေါင်း အဖွဲ့အစည်းတခုဖြစ်ပြီး ညှိနှိုင်းဆွေးနွေးမှုများနှင့် သည်းညည်းခံတရား ဖြစ်ပေါ်စေမည့် ဝန်းကျင်တရပ် တည်ဆောက် နိုင်ရေး ပံ့ပိုးပေးသည့် စီမံချက်တခု ဖြစ်ပါသည်။ ထို့အပြင် လူမှုရေး အရ အစေးကပ်မှု ပိုမိုရှိစေရန် ဒေသဆိုင်ရာ ကြိုးပမ်းချက်များကို မြှင့်တင်အားပေးခြင်းဖြင့် ပို၍ လုံခြုံမှုရှိသည့် အသိုက်အဝန်းများ ထူထောင်ပေးနိုင်ရန်လည်း ရည်ရွယ်ပါသည်။ ကုလသမဂ္ဂ၏ အမျိုးသမီး စီမံချက် UN Women နှင့် အခြားသော အမျိုးသမီး မဟာမိတ် အဖွဲ့အစည်းများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အမျိုးသမီးများ ဦးဆောင်မှုအခန်းကဏ္ဍတွင် ပိုမို ရယူနိုင်ရန် ဆောင်ရွက်နေကြသည်။ ယင်းအဖွဲ့အစည်းများ၏ ကြိုးပမ်းချက်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅ ကို ဖြည့်ဆည်းနိုင်ရန်လည်း အတူတကွ ဆောင်ရွက်နေကြသည်။ ယင်းဆုံးဖြတ်ချက်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းများသည် 'အမျိုးသမီးများက တန်းတူရည်တူ မိတ်ဖက်များအဖြစ် အကြမ်းဖက် ပဋိပက္ခများ ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းချက်များ ဆောင်ရွက်ရာနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဆောင်ရွက်မှုလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်နိုင်ခွင့်ရှိသည့်အခါ ပို၍ ရေရှည်တည်တံ့ ခိုင်မြဲသည်' ဟူသော အမြင်အပေါ် အခြေပြုပါသည်။

ငြိမ်းချမ်းရေးအတွက် ကျား-မ တန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP) သည် အဖွဲ့များ စုပေါင်းထားသည့် မဟာမိတ်အဖွဲ့တခုဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ကျား-မတန်း တူရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့် အစီ အစဉ်များဖြင့် မြှင့်တင်ဆောင်ရွက်ပေးနေသည်။ သူတို့၏ ဆောင်ရွက်မှုများတွင် မဟာဗျူဟာမြောက် ကွန်ရက်ချိတ်ဆက်ခြင်း၊ အရည်အသွေး မြှင့်တင်ပေးခြင်း၊ ထင်မြင်ယူဆချက်များကို ပြောင်းစေရန် ကြိုးပမ်းအားထုတ်မှုများနှင့် အစိုးရကဏ္ဍတွင် အမျိုးသမီး များ ပို၍ အခန်းကဏ္ဍရှိလာစေရေး တွန်းအားပေးရေးတို့ ဖြစ်သည်။ ယင်းမဟာမိတ်အဖွဲ့က နိုင်ငံ တကာ စံချိန်စံနှုန်းများအတိုင်း လိုက်နာ၍ အကောင်အထည်ဖော်မှု လမ်းညွှန်များ ချမှတ်ပါရန်လည်း တွန်းအားပေးနေသည်။[၁၀၂]

အခြားသော ဥပမာတခုမှာ ငြိမ်း (ရှလုံ) ဖောင်ဒေးရှင်းက နိုင်ငံတကာ အကူအညီပေးမှုဖြင့် ဆောင် ရွက်နေသည့် အကြမ်းဖက်မှုများ ရပ်တန့်ရန်၊ ယုံကြည်မှု တည်ဆောက်နိုင်ရန်နှင့် ပြည်သူများ ခွန်အား အာဏာ မြှင့်တင်ပေးနိုင်ရန် ချိတ်ဆက်မှုရှိသော မဟာဗျူဟာဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ ဖြစ်ပါသည်။ ဤရည်ရွယ်ချက်များ ပြည့်မြောက်စေရန် ပညာပေးအစီအစဉ်များဖြင့် လူတိုင်း ပါဝင် နိုင်ခွင့်စနစ် ဖြစ်ပေါ်လာစေရန်၊ အဖယ်ကြဉ်ခံလူထုများ တန်းတူရည်တူ ပါဝင်နိုင်ရေး မြှင့်တင်ပေးရန် စသည့် အစီအစဉ်များ ဖြစ်ပါသည်။

## များမကြာမီက ဖြစ်ပေါ်တိုးတက်မှုများနှင့် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးသည် တကမ္ဘာလုံးအတွက် ခြိမ်းခြောက်မှုတခု ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ အတွက်လည်း ကြီးစွာ သက်ရောက်မှု ရှိစေသည်။ ကူးစက်ကပ်ဘေးကြောင့် မူလကတည်းက နေ့စဉ်

၁၀၂ https://www.agipp.org/

သည့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင်လည်း များစွာ နှောင့်နှေးမှုရှိခဲ့သည်။ ကူးစက်ဘေး အန္တရာယ်ရှိသည့်တိုင် မြန်မာအစိုးရ၊ တပ်မတော်နှင့် EAOs တို့က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေး ကောက်ပွဲမတိုင်မီတွင်၊ တက်ရောက်သူလူဦးရေကို လျှော့ချ၍ ၂၁ ရာစု ပင်လုံ ပြည်ထောင်စု ငြိမ်းချမ်း ရေးညီလာခံ စတုတ္ထအကြိမ်ကို ဩဂုတ်လတွင် ကျင်းပခဲ့သည်။ ညီလာခံမှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွက် သဘောတူညီချက်အချို့ရရှိနိုင်ခဲ့သည်။ အစိုးရ၊ တပ်မတော်နှင့် EAOs တို့အကြား ကိုဗစ်-၁၉ ကူးစက်ကပ်ဘေး ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှု အချို့ရှိခဲ့သည်။

ကူးစက်ကပ်ဘေး တုံ့ပြန်ဆောင်ရွက်ရေးအတွက် မြန်မာအစိုးရက ဧပြီ ၁၇ ရက်တွင် EAOs များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မတီတရပ် ဖွဲ့စည်းခဲ့သည်။ အစိုးရက 'မည်သူတဦးမျှ နောက်မကျန် ရစ်စေရ' မူချမှတ်ထားရာ ဤမူနှင့်အညီ ဆောင်ရွက်ခြင်းလည်း ဖြစ်သည်။ သို့သော် ယင်း ကော်မတီ၏ လုပ်ငန်းစဉ်၊ အရင်းအမြစ်များ မြှင့်တင်ခြင်းလုပ်ငန်းများမှာ ပွင့်လင်းမှုမရှိဘဲ၊ အတည် တကျ မရှိဘဲ ဖြစ်နေသည်။ ကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများအကြား တစ်ဖွဲ့ချင်း၊ သို့မဟုတ် အဖွဲ့အများနှင့် အွန်လိုင်းပေါ်မှ အစည်းအဝေးများကို မေလတွင် ကျင်းပခဲ့ကြသည်။ သို့ သော်လည်း အရေးပါသည့် ပြဿနာများဖြစ်သည့် နိုင်ငံတကာ အကူအညီနှင့် ဆင်းရဲသည့် မိသားစု များအတွက် ငွေသား ကူညီထောက်ပံ့မှုများ အစိုးရကပေးနေရာ လက်ခံနိုင်ရေး စသည်တို့မှာ ပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းစဉ်အတွက် မဆွေးနွေးနိုင်ဘဲ ရှိနေသည်။ ထို့အပြင် (EAOs) အဖွဲ့အစည်းများ ထံသို့ (အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးထားသူများရော၊ မရေးထိုးရသေးသည့် အဖွဲ့များ သို့ပါ) ပူးပေါင်းဆောင်ရွက်ရေး ကော်မတီနှင့် တပ်မတော်တို့က ကျန်းမာရေးဆိုင်ရာ ပစ္စည်း အကူ အညီများ ပေးဆောင်ရာတွင်လည်း အပြိုင်သဘော ဖြစ်နေခဲ့သည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အခြားသောတပ်မှူးများက UWSA, NDAA, KIA နှင့် KNU အပါအဝင် EAOs ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ အကူအညီများပေးအပ်ခဲ့ကြသည်။ ယခုကဲ့သို့သော ထိတွေ့ဆက်ဆံမှုများ တိုးတက်လာခြင်းသည် စစ်တပ်ချင်း-စစ်တပ်ချင်း ဆက်ဆံရေးသဘော ဖြစ် လာနိုင်သည်ဟု သုံးသပ်ကြသည်။ ကူးစက်ကပ်ဘေးအတွက် ပေးအပ်သည့် အကူအညီများမှာလည်း တပ်အဖွဲ့အစည်းများကို ပေးအပ်သောကြောင့်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အင်အားချည့်နဲ့စေသည်။

မြန်မာအစိုးရက ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးအစီအစဉ် (CERP) ကို ချမှတ်ခဲ့ပြီး၊ နောက်ပိုင်းတွင် မြန်မာ့စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ် (MERRP) အဖြစ် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာတွင် ပြင်ဆင်ရေးဆွဲခဲ့သည်။ သို့သော်လည်း ဒေသခံ အရေးပါသည့် အင်အားစုများနှင့် နိုင်ငံတကာမိသားစုတို့က ပဋိပက္ခနှင့်ပတ်သက်၍ ထည့်သွင်း စဉ်းစားထားမှု၊ အကဲဆတ်မှုနည်းသည်ဟု ဝေဖန်ခဲ့ကြသည်။ ကိုဗစ်-၁၉ ကူးစက်မှုသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်လည်း အရေးပါသည့် သတိပေးချက်တခု ဖြစ်စေသည်။ အကယ်၍ NCA ပါ ကြားဖြတ်အစီအစဉ်ကို ထည့်သွင်းစဉ်းစား၍ အကောင်အထည်ဖော်ပါက ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ ထိခိုက်နစ်နာလွယ်သည့် ရပ်ရွာလူထုများအတွက် ဗိုင်းရပ်စ်၏ ဘေးအန္တရာယ်ကို လျှော့ ချနိုင်စေမည်ဖြစ်သည်။ ယေဘုယျအားဖြင့် ကုန်စည်ပို့ဆောင်မှု လမ်းကြောင်းများနှင့် ခရီးသွားလာမှု များကို ကန့်သတ်ဖြတ်တောက်လိုက်သကဲ့သို့ဖြစ်စေပြီး မူလကတည်းက တိုင်းရင်းသားဒေသများတွင် အစိုးရ၏ ထိရောက်သည့် ကျန်းမာရေးဝန်ဆောင်ပေးမှုများလည်း မရှိဘဲဖြစ်နေကြသည်။

NCA ပါ သဘောတူညီချက်များကို အခြေခံ၍ ကူးစက်ကပ်ဘေးကိစ္စ EAOs များနှင့် ပူးပေါင်းဆောင် ရွက်နိုင်ခဲ့ပါက အလွန်ကောင်းမွန်သော ယုံကြည်မှုတည်ဆောက်ရေး အခွင့်အလမ်းတခု ဖြစ်နိုင်ပါ သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်လည်း နောက်ထပ် နေရာဌာနတခု ဖြစ်နိုင်သည်။ ဤသို့ ပူးပေါင်းဆောင်ရွက်ရင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပြန်၍ မြော်မြင်ကြည့်နိုင်သည်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖွဲ့စည်းထားပုံကို ပြန်၍ ဒီဇိုင်းရေးဆွဲနိုင်မည်၊ လူသားလုံခြုံမှုဆိုင်ရာ ပန်းတိုင်များသို့ ပြန်၍ လှည့်ပြောင်းနိုင်ကြပါမည်။ ဤဆက်ဆံရေးကို အစိုးရက ကောင်းစွာမထိန်းသိမ်းနိုင်ခဲ့ပါက ယုံကြည်မှု ပျက်ပြားရမည့် အန္တရာယ်လည်း ရှိနေပါသည်။ သာဓကအားဖြင့် - KIA က ကချင်ပြည်နယ် အစိုးရက ထောက်ပံ့သည့် ပစ္စည်းများကို ပြန်၍ ပေးအပ်ခဲ့ပါသည်။ အကြောင်းမှာ နိုင်ငံရေးအရ အမြတ်

ထုတ်သည်ဟု ယူဆသောကြောင့် ဖြစ်သည်။[၁၀၃] အာရှဖောင်ဒေးရှင်း၏ ရှင်းပြချက်စာတမ်းတွင် ဆွေးနွေးဖော်ပြထားရာ၌ အစိုးရနှင့် အစိုးရမဟုတ်သည့် အင်အားစုများအကြား တင်းမာမှုများရှိခဲ့ပြီး ကူးစက်ကပ်ဘေးကို တုံ့ပြန်ဆောင်ရွက်ကြရင်း နိုင်ငံရေးတရားဝင်မှုအတွက် တည်ဆောက် ကြိုးပမ်းနေကြသည်ဟု ဆိုပါသည်။ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများမှာလည်း ခက်ခဲပြီး အချို့ကိစ္စများတွင် တင်းမာမှုများပါ ဖြစ်ပေါ် ခဲ့သည်။[၁၀၄]

ကိုဗစ်-၁၉ ကူးစက်ကပ်ဘေး ကာလအတွင်း လူသားချင်းစာနာမှု အကူအညီဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများတင်မကဘဲ အပစ်အခတ်ရပ်စဲရေးအတွက်လည်း အလားအလာကောင်းများ ထွက်ပေါ်လာစေပါသည်။ မေ ၉ ရက်တွင် တပ်မတော်က မေ ၁၀ ရက်မှ ဩဂုတ် ၃၁ ရက်အထိ တဖက်သတ် အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဘေး ကြိုတင်ကာကွယ် တားဆီးမှု၊ ထိန်းချုပ်မှုနှင့် ကုသမှုများ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် ရည်ရွယ်သည်ဟု ဆိုပါသည်။ သိသာသည်မှာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ ကူးစက်ကပ်ဘေးကာလအတွင်း တကမ္ဘာလုံး အပစ်အခတ်ရပ်စဲကြရန် တောင်းဆိုချက်အပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။ သို့သော်လည်း တဖက်သတ် အပစ်အခတ်ရပ်စဲရေး ကြေညာရာ၌ ရက္ခိုင့်တပ်တော် (AA) ထိန်းချုပ်ရာနေရာများကို ချန်လှပ်ထားခဲ့သည်။ အကြောင်းမှာ မြန်မာအစိုးရက ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်တွင် AA ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့သောကြောင့် ဖြစ်ပါသည်။[၁၀၅] သို့သော်လည်း အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၏ အဆိုအရ AA အပါအဝင် မြောက်ပိုင်းညီနောင် မဟာမိတ်အဖွဲ့များကို တွေ့ဆုံဆွေးနွေးမှုများ ပြုရမည်ဆိုပါက ငြင်းပယ်ရန်မရှိဟု ဆိုခဲ့ကြသည်။[၁၀၆] မည်သို့ပင်ဖြစ်စေ ရွေးကောက်ပွဲပြီး နောက်ပိုင်းတွင် မြန်မာ့တပ်မတော် အရာရှိကြီးအချို့က ဝ ထိန်းချုပ်ရာဒေသတွင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာအတွင်း၌ AA ခေါင်းဆောင်များနှင့် တွေ့ဆုံညှိနှိုင်းခဲ့ကြသည်။ AA ခေါင်းဆောင်များက ဧရာဝတီသတင်းဌာနသို့ ပြောဆိုရာတွင် ယင်းတွေ့ဆုံမှုမှာ ‘ငြိမ်းချမ်းရေးနှင့် ရွေးကောက်ပွဲ၊ တဖွဲ့ချင်း အပစ်အခတ်ရပ်စဲရေး ကိစ္စများ’ အပေါ်၌သာ အခြေတည်သည်ဟု ဆိုသည်။[၁၀၇]

အခြားသော ဖြစ်ပေါ်တိုးတက်မှုတခုမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲဖြစ်ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) က အပြတ်အသတ်အနိုင်ရ၍ နောက် ငါးနှစ်တာအတွက် အစိုးရ ဖွဲ့စည်းနိုင်မည်ဖြစ်သည်။ NLD ပါတီက လွှတ်တော် ကိုယ်စားလှယ်နေရာများတွင် (ပြည်ထောင်စု လွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များ)တွင် စုစုပေါင်းနေရာ ၁၁၁၇ အနက် ၉၂၀ ဦး အနိုင်ရရှိခဲ့သည်။ ကိုယ်စားလှယ်နေရာ ၈၂ ဒသမ ၃၆ ရာခိုင်နှုန်း အနိုင်ရရှိခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်နယ်များတွင် လူမျိုးစုပါတီများက စုပေါင်း၍ ပြိုင်ဆိုင်ခဲ့ကြသော်လည်း၊ ထင်သလောက် ခရီးမပေါက်ခဲ့ပေ။ ရွေးကောက်ပွဲအတွင်း ပြိုင်ဆိုင်မှု ပြင်းထန်တင်းမာသည့်အတွက်ကြောင့်နှင့် ကြန့်အင်သရုပ်လက္ခဏာ အခြေခံ မဲပေးကြသည့်ပုံစံများကြောင့် လူမျိုးရေးအရ တင်းမာမှုများ ဖြစ်ပေါ်နိုင်သည်။ တိုင်းရင်းသား ဒေသများရှိ မဲဆန္ဒနယ်အများကိုလည်း လုံခြုံရေးအကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲကျင်းပရန် ပယ်ဖျက်မှုများရှိခဲ့သည်။[၁၀၈] အချို့သောတိုင်းရင်းသားပါတီများမှာ အထူးအထိနာခဲ့ကြသည်။ သာဓကအားဖြင့် မြန်မာနိုင်ငံ၏ လူဦးရေ ၆ ဒသမ ၇ ရာခိုင်နှုန်းရှိသည့် ကရင်များမှာ ကရင်ပြည်သူ့ပါတီ (KPP) မှ ကိုယ်စားလှယ်တဦးသာ အနိုင်ရခဲ့သည်။ နိုင်ငံလူဦးရေ၏ ၂၇ ဒသမ ၆၆ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် စုံလင်ထွေပြားသည့် တိုင်းရင်းသားလူထုများကို ကိုယ်စားပြုသည့် တိုင်းရင်းသားပါတီများမှာလည်း ပြည်ထောင်စုလွှတ်တော် ၆၆၄ နေရာအနက်၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး ၉ ဒသမ ၉ ရာခိုင်နှုန်းကိုသာ အနိုင်ရ ကိုယ်စားပြုခွင့်ရခဲ့သည်။ သို့ဆိုလျှင် စနစ်ကိုဆန့်ကျင်သည့် ခံစားမှုများ၊ ပို၍ တင်းမာပြင်းထန်သည့် တိုင်းရင်းသား အမျိုးသားရေးဝါဒများ ခေါင်းထောင်ထလာနိုင်သည်။

---

၁၀၃ Asia Foundation. (October, 2020.) “How COVID-19 and Conflict Intersect in Kachin State”. COVID-19 and Conflict in Myanmar, Briefing Paper Series No. 2

၁၀၄ *ibid.*

၁၀၅ Nai, Thet and Rikar Hussein, (March 24, 2020.) More Violence Feared as Myanmar Names Arakan Army a Terrorist Organization. *VOA News.* https://www.voanews.com/extremism-watch/more-violence-feared-myanmar-names-arakan-army-terrorist-organization

၁၀၆ မေလ ၂၀ နှင့် ၂၂ ရက်တို့တွင် ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံမေးမြန်းမှု။

၁၀၇ *The Irrawaddy.* (December 10, 2020.) Myanmar Military Holds Meeting With Arakan Army Officials in Wa Region. Retrieved online from https://www.irrawaddy.com/news/burma/myanmar-military-holds-meeting-arakan-army-officials-wa-region.html

၁၀၈ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ မြို့နယ် ၁၅ ခုတွင် မြို့နယ်လုံးကျွတ် ရွေးကောက်ပွဲကျင်းပခြင်း မပြုနိုင်ဘဲ မြို့နယ် တစိတ်တပိုင်းတွင် ရွေးကောက်ပွဲကျင်းပရန် ပယ်ဖျက်ခဲ့သည့် မြို့နယ် ၄၂ ခု (ကရင်၊ မွန်၊ ရှမ်း၊ ကချင်၊ ရခိုင်၊ ချင်းပြည်နယ်များနှင့် ပဲခူးတိုင်းဒေသကြီး)တွင် ကျေးရွာအုပ်စုနှင့် ရပ်ကွက် ၆၇၅ ခုတို့မှ လူဦးရေပေါင်း ၁ ဒသမ ၅ သန်းမှာ မဲပေးခွင့် မရခဲ့ပေ။ နယ်စပ်ရှိ ဒုက္ခသည်များ၊ ပြည်တွင်းဒုက္ခသည် (IDPS) များနှင့် ရိုဟင်ဂျာဒုက္ခသည်များမှာလည်း မဲပေးခွင့်မရခဲ့ကြပါ။

## ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ NLD ပါတီ၏ ရွေးကောက်ခံ ကိုယ်စားလှယ်များအနက် တိုင်းရင်းသားပါဝင်မှု ကိန်းဂဏန်းများ




**မှတ်ချက် – အထက်ဖော်ပြပါ ကိန်းဂဏန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုထားသော mVoter2020 app ၌ ဖော်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ် တဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များမှ ရယူစုစည်းဖော်ပြထားခြင်းဖြစ်ပါသည်။**

ရင်းမြစ် - ISP-Myanmar Peace Desk

ထို့အပြင် ရွေးကောက်ပွဲအပြီး မဲမသမာမှုများနှင့် ပတ်သက်၍ တပ်မတော်က စောဒကတက်နေရာ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးလည်း တိုးတက်မလာဘဲ အကြိတ်အခဲများ ရှိနေနိုင်သည်။[၁၀၉] တပါတီတည်းက အပြတ်အသတ် အနိုင်ရခြင်းသည် လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် တိုင်းရင်းသား လူနည်းစုပါတီများအတွက် နိုင်ငံရေးအရ ရွေးကောက်ပွဲ ဥပဒေနည်းအားဖြင့် မက်လုံး ဆွဲဆောင်မှုကို ပျက်စီးစေရာ (political disincentive) ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အပြုသဘော ရှုမြင်ရန် ခက်ခဲပါသည်။

နိုင်ငံတကာ အကူအညီများနှင့် ပတ်သက်၍မူ အဓိကကျသည့် နိုင်ငံကြီးများက စီးပွားရေးကျဆင်းမှုကို ရှန်းကန် ရင်ဆိုင်နေကြရသောကြောင့် နိုင်ငံတကာ အကူအညီများကို လျှော့ချ ဖြတ်တောက်ခဲ့ကြသည်။[၁၁၀] များစွာသော နိုင်ငံတကာ NGO တို့ကလည်း သူတို့၏ အစီအစဉ်များကို ကိုဗစ်-၁၉ ကျန်းမာရေးတုံ့ပြန်မှုများအတွက် အကူအညီပေးရန် လွှဲပြောင်း အသုံးပြုခဲ့ကြသည်။ ဥရောပ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) ၏ အစီရင်ခံစာတခုအရ အလှူရှင်နိုင်ငံများတွင် ကူးစက်ကပ်ဘေးကြောင့် အကျပ်အတည်းများ ဆက်လက်ဖြစ်ပေါ်လာရာ ကမ္ဘာလုံးဆိုင်ရာ အကူအညီပေးမှုအဆင့် ကျဆင်းလာဖွယ် ရှိနေသည်။ ၂၀၁၆ ခုနှစ်က ရှိနေခဲ့သည့်တိုးတက်မှုအတိုင်းသာ အကန့်အသတ်ဖြင့် ရှိနေမည်ဟု ဖော်ပြထားသည်။[၁၁၁]

၁၀၉ Zin, M. (November 23, 2020.) Myanmar Still Loves Aung San Suu Kyi, but Not for the Reasons You Think, *The New York Times,* Retrieved from https://www.nytimes.com/2020/11/23/opinion/myanmar-election.htm

၁၁၀ *BBC News.* (July 23, 2020.) Coronavirus: UK foreign aid spending cut by £2.9bn amid economic downturn Retrieved from https://www.bbc.com/news/uk-politics-53508933

၁၁၁ Development Initiatives, (April 17, 2020). Coronavirus and aid data: What the latest DAC data tells us Retrieved from https://devinit.org/resources/coronavirus-and-aid-data-what-latest-dac-data-tells-us/

## ၁၉၆၀ နောက်ပိုင်း ရွေးကောက်ပွဲများ၌ တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ အနိုင်ရမှုရာခိုင်နှုန်း (၁၉၆၀-၂၀၂၀)




မှတ်ချက် ။ ။ ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲများမှ ရလဒ်ကိန်းဂဏန်းများကို Transnational Institute (TNI) မှ ထုတ်ဝေခဲ့သည့် "Myanmar : Ethnic Politics and the 2020 General Election" သုတေသနစာတမ်းမှ ရယူဖော်ပြပါသည်။

ရင်းမြစ် - ISP-Myanmar Peace Desk

အာရှဖောင်ဒေးရှင်း၏ ရှင်းပြချက်စာတမ်း (ဩဂုတ် ၂၀၂၀) က ဆွေးနွေးဖော်ပြထားရာတွင် 'များစွာသော ရန်ပုံငွေထောက်ပံ့သူများသည် မူလက ငြိမ်းချမ်းရေးတည်ဆောက်မှု အပါအဝင် အရေးကိစ္စများစွာအတွက် ပစ်မှတ်ရည်မှန်းချက်များကို ထောက်ပံ့ခဲ့ကြသော်လည်း ပြည်သူ့ကျန်းမာရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများသို့ ဦးစားပေး ပြောင်း၍ ထောက်ပံ့နေကြသည်'[၁၁၂]ဟု ဆိုသည်။ ဖျက်ဆီးလွန်းသော ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးအတွက်နှင့် လိုအပ်ချက်အရှိဆုံး လူထုများထံသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းမှာ အရေးကြီးပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် နိုင်ငံတကာ၏ ကြိုးပမ်းချက်များမှာ ကူးစက်ကပ်ဘေးကြောင့် အာရုံမပြောင်း၊ လျော့မသွားသင့်ပါ။

## သုံးသပ်ချက် - ပြုပြင်ဆောင်ရွက်ရမည့်အဆင့်များ

လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လုံးဝ ရပ်ဆိုင်းသွားခြင်း မဟုတ်ဟု ဆိုလျှင်သော်မှ ပါဝင်သည့် အဖွဲ့အစည်းများ၏ ခွန်အားတက်ကြွမှုနှင့် အကောင်းမြင်များ ပျောက်ဆုံးနေသည်။ အစိုးရနှင့် ညှိနှိုင်းဆွေးနွေးကြသည့် အဖွဲ့အစည်းများအကြား ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေးညီလာခံကို ခြောက်လတကြိမ် ကျင်းပမည်ဟု ဆိုထားခဲ့သော်လည်း[၁၁၃] ၂၀၁၆ ခုနှစ်မှ စတင်၍ ပြီးခဲ့သည့် ကာလတွင် လေးကြိမ်သာ

၁၁၂ Asia Foundation. (August 2020.) How Has Myanmar's Conflict Has Been Affected by Covid-19 and What Should Be Done About It?. Covid-19 and Conflict Briefing Paper Series No. 1

၁၁၃ State Councilor Office, Myanmar. (August 15, 2016.) "Union peace conference to be held every six months". https://www.statecounsellor.gov.mm/en/node/188

ကျင်းပနိုင်ခဲ့သည်။ နောက်ဆုံးအကြိမ် ငြိမ်းချမ်းရေးညီလာခံကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်တွင် ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မတိုင်မီတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ အစိုးရက ညီလာခံကျင်းပနိုင်ခြင်းကြောင့် အမှတ်ရယူလိုပြီး တိုင်းရင်းသား အဖွဲ့အစည်းများကလည်း ၂၀၂၀ ရွေးကောက်ပွဲ ဟိုမှာဘက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်လက်လုပ်ဆောင်နိုင်ရန် အာမခံချက်ရယူလိုကြသည်။ ၂၀၂၀ပြည့်နှစ်ငြိမ်းချမ်းရေးညီလာခံတွင်ခေါင်းစဉ်သုံးခုကိုသဘောတူညီနိုင်ခဲ့သည်။ ယင်းတို့မှာ- (၁) NCA အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ သဘောတူညီချက် ၁၅ ချက်၊ (၂) ၂၀၂၀ ပြည့်နှစ် နောက်ပိုင်းတွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအဆင့်များနှင့် တဆင့်ချင်းလုပ်ငန်းစဉ် ရှစ်ချက်နှင့် (၃) ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံမူဆိုင်ရာ သဘောတူညီချက် လေးချက်တို့ဖြစ်သည်။[၁၁၄]

ကောင်းမွန်သည့် အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကို မတည်ဆောက်နိုင်သည့်အတွက်ကြောင့် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရပ်သားအစိုးရနှင့် တပ်မတော်အကြား ဘုံနားလည် သဘောတူညီချက်နှင့် ရည်ရွယ်ထားသည့်မူများမရှိဘဲ ဖြစ်နေသည်။ ထို့မှုမက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထိပ်သီးခေါင်းဆောင် လူနည်းစုချည်း သက်သက်ထက်စာလျှင်၊ အမျိုးသမီးများ၊ လူငယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုအခန်းကဏ္ဍကို ပို၍ချဲ့ထွင်ပေးသင့်သည်။ USIP ၏ မူဝါဒစာတမ်းတွင် ဂျွန်ဟန်ဆင် Johanson (2017) က မှတ်ချက်ပြုထားရာ၌ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်နေသူများသည် 'အများအားဖြင့် ယောက်ျား၊ အသက်ကြီးသူများ၊ စစ်ဘက်နှင့် မြို့ပြအခြေပြုသူများဖြစ်နေကြသည်။ တိုက်ခိုက်မှုများရပ်စဲရေးသည် လက်ငင်းလိုလားအပ်သည့် ပန်းတိုင်ဖြစ်နေသောကြောင့်၊ တဖက်နှင့်တဖက် တိုက်ခိုက်နေကြသူ လက်နက်ကိုင်များက ကနဦး ဆွေးနွေးညှိနှိုင်းမှုများကို လွှမ်းမိုးထားကြသည်'ဟု ဆိုသည်။ တချိန်တည်းတွင် ငြိမ်းချမ်းရေးဆွေးနွေးမှုများမှာ ဟိုတယ်များ၊ အစည်းအဝေးခန်းမများတွင် ခေါင်းဆောင်များ၊ တပ်မှူးများ၊ ထိပ်သီး လူနည်းစုများအကြား အစည်းအဝေးပြီး အစည်းအဝေး ဖြစ်နေကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုများအတွက် အသက်မဲ့နေစေသည်။

နိုင်ငံတကာမှ လှုပ်ရှားသူများက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်ကူညီနေသည်။ လုပ်ငန်းစဉ် ဆက်လက်ရေးအတွက် သူတို့၏ ဆက်လက်ပံ့ပိုးမှုက မရှိမဖြစ် အရေးကြီးသည်။ သံတမန်များ၊ အေဂျင်စီများ၊ နိုင်ငံတကာ အဖွဲ့အစည်းများက အထူးသံတမန်များ အဖြစ်သော်လည်းကောင်း၊ လုပ်ငန်းစဉ်ကို ရှေ့ဆောင် ပံ့ပိုးပေးခြင်းဖြင့်သော် လည်းကောင်း၊ နည်းပညာ ထောက်ကူပေးခြင်းဖြင့်သော်လည်းကောင်း၊ လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးခြင်းဖြင့်သော်လည်းကောင်း ကူညီနေကြသည်။ မကြာမီက ဂျပန်နိုင်ငံ၏ အထူးသံတမန် မစ္စတာ ဆာဆာကာဝါ ယိုဟေး (Mr. Sasakawa Yohei) က ရခိုင်ပြည်နယ်တွင် တပ်မတော်နှင့် ရက္ခိုင့်တပ်တော်အကြား တိုက်ခိုက်မှုများ ရပ်စဲနိုင်ရန် (အနည်းဆုံး ကာလတိုအတွက်ဖြစ်စေ) ကြားဝင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ သူက နိုဝင်ဘာ ၈ ရက်တွင် လုံခြုံရေး အကြောင်းပြချက်ကြောင့် ခြွင်းချန်ထားရစ်သည့် မြို့နယ်ကိုးခုတွင် ရွေးကောက်ပွဲများ ပြန်လည် ကျင်းပနိုင်ရေးအတွက် ကြားဝင်တိုက်တွန်းနေသော်လည်း ခေါင်းဆောင်မှုထံမှ တက်ကြွသည့်တုံ့ပြန်မှုများ မတွေ့ရသောကြောင့် စိတ်အားပျက်ခဲ့ရသည်။[၁၁၅]

နိုင်ငံတကာ၏ပံ့ပိုးကူညီမှုကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အချို့သော အပြုသဘော ကောင်းကျိုးများ ဖြစ်စေခဲ့သည်။ နိုင်ငံတကာ၏ စောင့်ကြည့်လေ့လာနေမှုအောက်တွင် ပစ်ခတ်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများအကြား ခက်ခဲသည့်အခြေအနေ ဖိအားများအောက်တွင် အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်စေသည်။ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုကြောင့် ရပ်ရွာ လူမှုအသိုက်အဝန်းများကို ခွန်အားဖြစ်သန်မာစေပြီး၊ မြန်မာနိုင်ငံ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ပို၍သိမြင်လာစေသည်။ လုပ်ငန်းစဉ်များ လူထုများ နည်းမျိုးစုံဖြင့် ပို၍ ပါဝင်ပတ်သက်မှုရှိလာသည်။

၁၁၄ National Reconciliation and Peace Center. "UPDJC Finalizes Part III of Union Accord to be Signed at 4th Session of 21st Panglong." https://www.statecounsellor.gov.mm/en/node/2966

၁၁၅ Lwin, N. (December 4, 2020.) Interview: I Can See the UEC Does Not Want Elections' in Rakhine, Japanese Envoy to Myanmar Says, *The Irrawaddy.* Retrieved from https://www.irrawaddy.com/in-person/interview/i-can-see-the-uec-does-not-want-elections-in-rakhine- japanese-envoy-to-myanmar- says.html

များစွာသော လူထုစုဝေးပွဲများမှတဆင့် အမျိုးသမီးများ၊ လူငယ်များနှင့် ရပ်ရွာလူထုများ၏အသံကို ကြားစေနိုင်သည်။ ပို၍ ကွဲပြားစုံလင်သော ပြဿနာများကို ကြားသိစေနိုင်ပြီး၊ ထိပ်သီးခေါင်းဆောင်များ၏ ဆွေးနွေးပွဲခန်းမများ၏ ပြင်ပ လူမှုအဖွဲ့အစည်းအတွင်း ဆွေးနွေးနိုင်ကြသည်။ လူမှု သဟဇာတဖြစ်ရေး အစီအစဉ်များကြောင့် သည်းညည်းခံနိုင်မှုနှင့် ယုံကြည်မှု တည်ဆောက်ရေး အစီအစဉ်များ လူမှုအသိုက်အဝန်းများအကြားတွင် ပို၍ အားကောင်းစုစည်းမိလာစေသည်။

နိုင်ငံတကာ ပံ့ပိုးကူညီမှုများကြောင့် တန်ဖိုးထားမှုများ ပြောင်းလဲလာနေမှုနှင့် ပတ်သက်၍ ကျား-မ လိင်ကွဲပြားမှုအပေါ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါသည့် အစိတ်အပိုင်းတခုအဖြစ် ပို၍ လက်ခံ အသိအမှတ်ပြုလာခဲ့ကြသည်။ ၂၀၁၈ ခုနှစ် ဒုတိယအကြိမ် ၂၁ ရာစု ပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် သဘောတူညီခဲ့သည့်၊ ပြည်ထောင်စု သဘောတူညီချက် အစိတ်အပိုင်း ၂ တွင် ‘ကျား-မတန်းတူမှု’ကို အနာဂတ်ပြည်ထောင်စု၏ အခြေခံမူတခုအဖြစ်ထားရှိရန် သဘောတူညီခဲ့ကြပြီး ဦးဆောင်မှုကဏ္ဍများတွင် အမျိုးသမီး အနည်းဆုံး ၃၀ ရာခိုင်နှုန်းပါဝင်ရန် ဆက်လက်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုခဲ့ကြသည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေကြသည့် အရေးပါသည့် အင်အားစုများက ‘ကလေးစစ်သားပြဿနာ’ကို ကောင်းစွာအသိအမှတ်ပြုခဲ့ကြသည်။ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများအပေါ် ထိခိုက်သက်ရောက်မှုဖြစ်သည့် ‘ကြီးလေးသည့် လူ့အခွင့်အရေး ချိုးဖောက်မှုခြောက်ခု’ (six grave violations) ၏ အန္တရာယ်ကိုလည်း ကောင်းစွာ အသိအမှတ် ပြုလာကြသည်။[၁၁၆]

မည်သို့ပင်ဖြစ်စေ၊ နိုင်ငံတကာ လှူပ်ရှားနေသူများ၏ ချဉ်းကပ်မှုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အစိုးရအပေါ် (မိတ်ဖက်ဖြစ်သည့် နိုင်ငံတော်အစိုးရ)သာ ဗဟိုပြုနေသေးသည်။ နိုင်ငံအစိုးရ၏ ပိုင်ဆိုင်မှုအဖြစ် ပထမထားရေး (national ownership first) မူဝါဒသည် မှားယွင်းမှု မရှိပါ။ ဤသို့သော ချဉ်းကပ်မှုကို ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာက မဟာဗျူဟာတခုအဖြစ် လက်ခံ ကျင့်သုံးနေကြပါသည်။[၁၁၇] သို့သော်လည်း နိုင်ငံတော်အစိုးရက လုပ်ငန်းစဉ်တွင် ခေါင်းဆောင်မှု မပေးနိုင်သည့်အခါ၊ ရလဒ်အဖြစ် ပူးပေါင်းဆောင်ရွက်မှု ကျရှုံးရခြင်း၊ လုပ်ငန်းစဉ်များရပ်တန့်ရခြင်း ဖြစ်စေပါသည်။ ပါဝင်နေကြသည့် အရေးပါသည့် အင်အားစုများက လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လက်ရှိအစိုးရ၏ ဦးဆောင်မှုအောက်တွင် များစွာမှ အပေါ်မှအောက်သို့ (top-down) ဖြစ်နေသည်၊ ဗဟိုချုပ်ကိုင်မှုများနေသည်။ ပျော့ပျောင်းမှုမရှိဟု မြင်နေကြပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ပွဲ့ကိုင်မရှိသော လှေတစင်းနှယ် ရှိနေပါသည်။

ထို့အပြင် တိုင်းရင်းသား အင်အားစုအများအပြင် အစိုးရကဖွဲ့စည်းပေးသည့် ငြိမ်းချမ်းရေးဦးဆောင်အဖွဲ့အစည်းဖြစ်သော ‘ငြိမ်းချမ်းရေးကော်မရှင်’အဖွဲ့ဝင်များကိုယ်၌က ဦးဆောင်မှု ကင်းမဲ့နေကြောင်း ထင်မြင်နေကြပါသည်။[၁၁၈] ဤသို့ စိတ်ပျက်နေကြရသည့်အကြောင်းသည် အစိုးရခေါင်းဆောင်များထံ ထိတွေ့ခွင့်ရရန် ခက်ခဲနေခြင်းနှင့် အစိုးရက အစိုးရမဟုတ်သည့် အခြားပါဝင်သည့် အဖွဲ့အစည်းများအပေါ် ပို၍ တင်းကျပ်လာနေခြင်းကြောင့်ဖြစ်ပါသည်။ သာဓကအားဖြင့် အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်က တားမြစ်မိန့်တခု ထုတ်ပြန်ခဲ့ရာတွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားအဖွဲ့အစည်းများက ကုလသမဂ္ဂ၊ နိုင်ငံတကာ သံရုံးများ၊ နိုင်ငံတကာ NGO အဖွဲ့အစည်းများထံ ဆက်သွယ်၍ အကူအညီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆက်သွယ်ခြင်း မပြုကြရန် တားမြစ်ခဲ့သည်။[၁၁၉]

---

၁၁၆ ကုလသမဂ္ဂ အထွေထွေညီလာခံ (၁၉၉၉)၌ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများ၏ အခြေအနေနှင့်ပတ်သက်၍ သတင်းအချက်အလက်များ စုဆောင်းရန် ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ခဲ့သည်။ ယင်းအချက်များမှာ -
- ကလေးများကို သတ်ဖြတ်ခြင်းနှင့် သေရာပါ ကိုယ်လက်အင်္ဂါချို့တဲ့ ဒဏ်ရာရစေခြင်း
- ကလေးများကို စစ်သားအဖြစ် စုဆောင်းခြင်းနှင့် အသုံးချခြင်း
- ကလေးများအပေါ် လိင်မှုအကြမ်းဖက်မှု ကျူးလွန်ခြင်း
- ကလေးများကို ပြန်ပေးဆွဲခြင်း
- ကျောင်းများနှင့် ဆေးရုံများကို တိုက်ခိုက်ခြင်း
- ကလေးများကို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများရရှိနိုင်ရန် ငြင်းပယ်ခြင်းတို့ ဖြစ်သည်။

၁၁၇ နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီအများက အကူအညီများ ထိရောက်စေရေးအတွက် ပဲရစ်ကြေညာချက် (Paris Declaration on Aid Effectiveness) အခြေခံမူများကို လိုက်နာကြသည်။ ယင်းတွင် နိုင်ငံတော်အစိုးရ၏အခန်းကဏ္ဍကို မောင်းနှင်သူ၏နေရာတွင်ပေး၍ နိုင်ငံအဆင့်ခေါင်းဆောင်မှုကို အသိအမှတ်ပြုထားကြသည်။

၁၁၈ အဆင့်မြင့်အရာရှိတဦးနှင့် ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံမေးမြန်းမှုမှ။

၁၁၉ *Mon News Agency.* (September 13, 2019.) Government tells NCA-signatory groups not to communicate with the UN, Embassies, INGOs. https://www.bnionline.net/en/news/govt-tells-nca-signatory-groups-not-communicate-un-embassies-ingos

အနောက်နိုင်ငံအစိုးရများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အေဂျင်စီများက လစ်ဘရယ် ငြိမ်းချမ်းရေးတည်ဆောက်မှု မိုဒယ်ကို ယင်းတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထိတွေ့ဆက်ဆံမှုများအတွက် လုပ်ငန်းလမ်းညွှန်အဖြစ် အသုံးပြုကြသည်ဟု ယူဆနိုင်ပါသည်။ ငြိမ်းချမ်းမှု တည်ဆောက်ရေးအတွက် ဆောင်ရွက်ကြသည့် နိုင်ငံတကာ အေဂျင်စီများက ယေဘုယျအားဖြင့် နိုင်ငံ၏ အင်စတီကျူးရှင်းများ တည်ဆောက်ခြင်း၊ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ကို အားကောင်းစေခြင်း၊ 'လစ်ဘရယ် ငြိမ်းချမ်းရေး'၏ အဓိကကျသည့် အယူအဆများဖြစ်ကြသည့် ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးများကို မြှင့်တင်ပေးကြသည်။ ထို့အပြင် နောက်ဆုံး ဈေးကွက်စီးပွားရေးစနစ်ဖြစ်ထွန်းစေရန် ပံ့ပိုးပေးသည့်ဝန်းကျင် ဖြစ်လာအောင် ပျိုးထောင်ပေးကြပါသည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေကြသည့် နိုင်ငံတကာ အေဂျင်စီအများစုက မြန်မာအစိုးရနှင့် နားလည်မှုစာချွန်လွှာ (MoU) က ထမဦးဆုံး ရယူကြရန် လိုအပ်ပြီး၊ အမျိုးမျိုးသော စည်းမျဉ်းများကို လိုက်နာကြရပါသည်။ တခါတရံတွင် မြန်မာအစိုးရက ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကန့်သတ်သည်ကိုလည်း လက်ခံကြရသည်။ ပဋိပက္ခဖြစ်ပွားရာ ဒေသများသို့ သွားရောက်မှုကို တားမြစ်ထားကြသည်။ ရခိုင်ပြည်နယ်ရှိ နေရာဒေသအများစု၊ ပြည်တွင်းဒုက္ခသည် (IDPs) စခန်းများမှာ ဤသို့ ကန့်သတ်ထားသည့် ဒေသများဖြစ်ကြပြီး၊ အစိုးရခွင့်ပြုချက် ရရှိမှသာ သွား ရောက်နိုင်ကြသည်။

မည်သို့ပင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းများက မတိုးတက်နိုင်သေးဘဲ ရှိနေပြီး ပို၍ဆိုးရွားလာနေသည်။ အကျိုးဆက်အားဖြင့် အစိုးရတပ်ဖွဲ့များက ရိုဟင်ဂျာများအပေါ် အကျယ်အပြန့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများ ဖြစ်ခဲ့သောကြောင့် နိုင်ငံတကာ တရားခုံရုံးတွင် ရင်ဆိုင်နေရသည်။ နိုင်ငံတကာ မိသားစုက မြန်မာအစိုးရနှင့် တပ်မတော်အတွက် ပို၍ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ တာဝန်ခံမှုများ တောင်းဆိုသင့်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ကောင်းစွာ အလုပ်မဖြစ်သည့် အခြေအနေတွင် 'စီးပွားရေးအရ ငြိမ်းချမ်းရေး' အပေါ် ချဉ်းကပ်မှု က ရှေ့သို့ တက်လာရန် အလားအလာ ရှိနေသည်။ မြန်မာအစိုးရက 'ဖွံ့ဖြိုးရေးပထမ၊ ငြိမ်းချမ်းရေး နောက်မှ' ဟူသော ချဉ်းကပ်မှုကို ပို၍ လိုလားနေသည်။ အကြောင်းမှာ တရုတ်နိုင်ငံ၏ CMEC စီမံကိန်းကြီးကြောင့် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးလာပါက၊ စီးပွားရေးစကြံက တိုင်းရင်းသားဒေသများကို ဖြတ်သန်းသွားပါက 'ဖွံ့ဖြိုးရေးမိုဒယ်'က အထောက်အကူ ဖြစ်နိုင်မည် ဟု အငြင်းပွားဖွယ် ယူဆထားသည်။ သို့သော်လည်း ဤမိုဒယ်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အခြားသော ဆိုးကျိုးများလည်း ထွက်ပေါ်လာနိုင်သေးသည်။ ဤအခြေခံ အဆောက်အအုံ စီမံကိန်းကြီးများကြောင့် စစ်တပ်တိုးချဲ့ ချထားမှုများ၊ တဆက်တည်း မြေယာလုယက်မှုများ၊ အတင်းအကျပ်ရွှေ့ပြောင်းစေမှုများ၊ ဒေသခံများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဒေသခံများ၏ သက်မွေးဝမ်းကျောင်း ပျက်စီးရမှုများ ဖြစ်စေနိုင်သည်။

ငြိမ်းချမ်းရေးတည်ဆောက်မှု ဖွဲ့စည်းထားပုံစနစ် (peacebuilding architecture) ကိုလည်း ပြန်၍ သုံးသပ်သင့်ပြီ ဖြစ်သည်။ ပါဝင်နေကြသည့် အရေးပါသည့် အင်အားစုအများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် NCA သဘောတူညီချက်ကို ပြန်၍ သုံးသပ်ရန် လိုလားနေကြသည်။ သို့သော် မတူကွဲပြားသည့် အကျိုးစီးပွားများဖြင့် ပြန်၍ သုံးသပ်ရန် လိုလားနေခြင်း ဖြစ်သည်။ သို့သော် NCA သဘောတူညီချက်ကို ပြန်၍ ပြင်ဆင်ရန် ခက်ခဲနိုင်သည်။ အကြောင်းမှာ ပါဝင်ဆွေးနွေးခဲ့ကြသည့် အဖွဲ့အစည်း အသီးသီးက သဘောတူညီထားကြပြီး နောက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့သည့်အခါ စည်းနှောင်မှုရှိသော မှတ်တမ်း အထောက်အထားတခု ဖြစ်နေပြီ ဖြစ်သည်။ NLD အစိုးရနှင့် တပ်မတော်အဖို့ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အရေးကြီးသည့် သန္နိဋ္ဌာန်ပိုင်းဖြတ်ထားမှု (credible commitment) ပြသရတော့ မည့်အချိန်ပင် ဖြစ်သည်။ ရရှိထားသည့် သဘောတူညီချက်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် လိုအပ်နေပြီး၊ တိုင်းရင်းသားတို့၏ လိုလားချက်များအတွက် အာမခံချက်စနစ် (assurance mechanisms) ကိုလည်း တည်ဆောက်သင့်ပါသည်။ သို့မှသာ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြိမ့်မည် ဖြစ်သည်။ သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အတူတကွ ပြန်၍ သုံးသပ်ကြမည်လော၊ တဖွဲ့ချင်း ပြန်၍ သုံးသပ်ကြမည်လော ဟူသည့် မေးခွန်းကို ဖြေဆိုရန် ကျန်ရှိနေပါသေးသည်။

အမျိုးမျိုးသော အလှူရှင်များနှင့် နိုင်ငံတကာ အေဂျင်စီများ ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ရန် ဆိုသည်မှာ အမြဲတစေ ပြဿနာတခုပင်ဖြစ်ပါသည်။ များစွာသော နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်နေကြသူများက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြရာ၌ မိမိ၏ကိုယ်ပိုင် အကျိုးစီးပွား၊ ရည်မှန်းချက်များ ရှိထားကြပါသည်။ အချို့သော အလှူရှင်များ၊ အဖွဲ့အစည်းများက သူတို့၏တန်ဖိုးထားမှုများအဖြစ် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ လွတ်လပ်သည့် ဈေးကွက် စီးပွားရေးစနစ် စသည်တို့ကို ပွင့်ပွင့်လင်းလင်း ဖော်ပြထားကြပါသည်။ သို့သော်လည်း အချို့သော အဖွဲ့အစည်း၊ အင်အားစုများမှာမူ အခြေခံ ဥပဒေသများ ချမှတ်ထားကြသည်။ သာဓကအားဖြင့် တရုတ်နိုင်ငံဆိုလျှင် ယင်း၏ နောက်ကျောတွင် အနောက်နိုင်ငံများ ပါဝင်ပတ်သက်လာမှုကို တားမြစ်ထားပါသည်။ ဤသို့ ရည်ရွယ်ချက်အထွေထွေ ကွဲပြားနေသည့် အင်အားစုများကို ဘုံမြော်မြင်ချက် တခုအောက်တွင် ပေါင်းစည်းစေရန် ဆိုသည်မှာ ယုံမှတ်မှားချက်တခုသာ ဖြစ်ပါလိမ့်မည်။ သို့သော် အကူအညီပေးမှုများနှင့် ကြားဝင်ဆောင်ရွက်မှုများအနေဖြင့် ဘက်စုံအမြင် ဖြစ်စေရန်၊ တခုကိုတခုက အားဖြည့်ဆောင်ရွက်သည့် သဘောဖြစ်စေရန်၊ ဒေသခံများ၏ လိုအပ်ချက်ကို အလေးပေးစေရန် လိုလားအပ်ပါသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အနေဖြင့် အောင်မြင်မှု ရရှိရန် ဖင့်နွှေးကြာမြင့်နေချိန်တွင် အင်အားစုအသီးသီးဘက်မှ စိတ်ကုန်နွမ်းလျှမှုများ သိသာထင်ရှားစွာ ဖြစ်ပေါ်လာနေသည်။ အလှူရှင်များဘက်မှရော၊ အကျိုးခံစားခွင့်ရှိသူများဘက်မှပါ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အလှူရှင်များနှင့် နိုင်ငံတကာ အင်အားစုများဘက်တွင် ရိုဟင်ဂျာပြဿနာက နိုင်ငံတကာမီဒီယာပေါ်၌ ဆက်၍ တွေ့မြင်နေရသည်ကို စိတ်နှလုံးမသာယာနိုင် ဖြစ်နေကြရသည်။ တချိန်တည်းတွင် ပင်မ NCA နှင့် သက်ဆိုင်ရာ လုပ်ငန်းစဉ်တွင် ကောင်းသတင်းဖော်ပြရန်လည်း အနည်းငယ်သာရှိသည်။ အလှူ၊ အကူအညီ လက်ခံရယူနေသူများဘက်တွင်လည်း ‘ကျွမ်းကျင်သူဆိုသူများ’၏ အကြံပေးမှုများ များပြားထုံနေ၍ စိတ်ပျက်နွမ်းလျှမှုဖြစ်စေသည်။ ထိုအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက လာဆွေးနွေးနေကြသည်မှာ သူတို့နှင့်သက်ဆိုင်သည့် ပြဿနာများမဟုတ်ကြဘဲ များသောအားဖြင့် လက်ရှိအခြေအနေ၊ ရှုပ်ထွေးသော ပြဿနာများကို မှားယွင်းသုံးသပ်မိနေကြခြင်းဖြစ်သည်။ ဆွေးနွေးပွဲသင်တန်းများ (Workshops)၊ သင်တန်းများ၊ လေ့လာရေးခရီးစဉ်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများသို့ ကူညီပေးကြသည်။ သို့သော် ချို့ယွင်းချက်တခုမှာ စုပေါင်းလေ့လာသင်ယူမှု လုပ်ငန်းစဉ် (collective learning) ချို့တဲ့နေခြင်းဖြစ်သည်။ ယင်းအတွေ့အကြုံ၊ ဗဟုသုတများကို မြန်မာနိုင်ငံအတွက် မည်သို့ ပြန်၍အသုံးချရမည်ကို မစုစည်းနိုင်ဘဲဖြစ်စေသည်။ ဤသို့သော အခြေအနေ၊ စိုးရိမ်ပူပန်မှုများကြောင့် နိုင်ငံတကာနှင့် ဒေသခံ ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပို၍ တီထွင်ဆန်းသစ်မှုရှိသော ချဉ်းကပ်ပုံများကို စဉ်းစား၍၊ ထိရောက်သည့် သတင်းဖလှယ်မှုစနစ်များကို ဒေသခံများ၊ နိုင်ငံတကာ အင်အားစုများအကြားတွင်ပါ ဖန်တီးထားသင့်သည်။

နိုင်ငံတကာ ကြားဝင်ဆောင်ရွက်မှုများက အမြဲတစေ ကြုံတွေ့နေကြရသော စိန်ခေါ်မှုတခုမှာ ရပ်ရွာလူမှုအသိုက်အဝန်း အားလုံးဆီသို့ အကူအညီများ ပေးအပ်နိုင်ရေးဖြစ်သည်။ သို့သော် များသောအားဖြင့် ဖြန့်ဝေပေးမှုတွင် လစ်ဟာမှုများ ကြုံတွေ့ရပါသည်။ အချို့သုံးသပ်သူများနှင့် အရေးပါသည့် အင်အားစုများက အရင်းအမြစ်များ မပြည့်စုံမှုကြောင့် ကချင်၊ ရခိုင်၊ ရှမ်း ပြည်နယ်များရှိ လူထုများထံသို့ အကူအညီများ မရောက်နိုင်သည်ကို ထောက်ပြကြပါသည်။ ယင်းလူထုများမှာ အမြဲတစေ အကြမ်းဖက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများ ကြုံတွေ့နေကြရသူများ ဖြစ်သည်။ နိုင်ငံတကာ အကူအညီများအပေါ် မှီခိုမှုဖြစ်တတ်သည်မှာ အခြားသော စိန်ခေါ်မှုတခု ဖြစ်သော်လည်း၊ နိုင်ငံတကာ အကူအညီများ ရပ်သိမ်းခဲ့ပါက များစွာသောအစီအစဉ်များမှာ မိမိဘာသာ၊ ဒေသခံတို့၏ အင်အားဖြင့် ရပ်တည်ရှင်သန်နိုင်ဖွယ် မရှိပါ။

နောက်ဆုံးအနေဖြင့် ဖော်ပြသော်လည်း အရေးမကြီး၍ မဟုတ်ပါ။ နိုင်ငံတကာ၏ ဥပဒေကြောင်းအရ ဆောင်ရွက်မှုများတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာလူထုများအပေါ် လူ့အခွင့်အရေးအကျယ်အပြန့်နှင့် အလွန်အကျူး ချိုးဖောက်ခဲ့မှုကြောင့် ပြစ်တင်ရှုတ်ချခြင်းများ၊ ပြစ်ဒဏ်ခတ်ခြင်းများလည်း ပါဝင်သည်။ ဤသို့ နိုင်ငံတကာက ဆောင်ရွက်နေသည့်အပေါ် မြန်မာအစိုးရ၊ တပ်မတော်အပါအဝင် မြန်မာလူထုများက ဝေဝါးနားမလည်နိုင် ရှိနေကြသည်။ နိုင်ငံတကာမိသားစု၏ ဆောင်ရွက်မှုများတွင်

နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC)၊ နိုင်ငံတကာ တရားခုံရုံး (ICJ) တို့တွင် ပြစ်မှုကျူးလွန်သူများကို တာဝန်ယူ တာဝန်ခံမှုရှိလာစေရန် ဥပဒေကြောင်း ဆောင်ရွက်နေမှုများနှင့် ကုလသမဂ္ဂ၏ သီးခြား လွတ်လပ်သော အချက်အလက် ရှာဖွေစုံစမ်းရေးမစ်ရှင် (UN Independent Fact-Finding Mission) နှင့် နိုင်ငံတကာအင်အားစုများ၏ စည်းဝေးပွဲများပါဝင်သည်။ ဤအချက်များသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော်လည်း ယင်း သတင်းစကားများကြောင့် မြန်မာအစိုးရနှင့် တပ်မတော်အပေါ် ဖိအားသတင်းစကား ဖြစ်စေသည်။ ဤအတွက်ကြောင့်လည်း နိုင်ငံတကာ မိသားစု၏ ပါဝင်ပတ်သက်မှုအပေါ် ပူးပေါင်းဆောင်ရွက်ရန် သံသယဖြစ်လာစေသည်။

## နိဂုံး

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အခက်အခဲများနှင့် နောက်ပြန်ဆုတ်ရမှုများ ရှိနေသော်လည်း နိုင်ငံတကာ၏ ထောက်ခံပံ့ပိုးမှုများမှာ ယခုကာလတွင် ယခင်အတိတ်ကာလအချိန်များထက်ပို၍ မရှိမဖြစ် အရေးကြီးနေပါသည်။ တဆင့်တိုး၍ ဆောင်ရွက်ပေးသင့်ပါသည်။

ပထမအချက်အနေဖြင့် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများအနေဖြင့် လုံးဝယုံ၍ ပုံသော ထောက်ပံ့မှုမျိုး၊ တနည်းအားဖြင့် ချက်လက်မှတ်အလွတ် 'a blank check' မပေးသင့်တော့ပါ။ မြန်မာအစိုးရနှင့် တပ်မတော်ထံမှနေ၍သော်လည်းကောင်း၊ အခြားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့် အင်အားစုများထံမှသော်လည်းကောင်း ပို၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှု တောင်းဆိုရမည့်အချိန် ဖြစ်ပါသည်။ ကူညီသော ထောက်ပံ့မှုများသည် အဓိပ္ပာယ်ရှိသည့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ဖြစ်စေရန် လက်တွေ့ကျသည့် ရည်မှန်းချက်များ၊ ဦးစားပေး လုပ်ငန်းစဉ်များ ထားရှိသည့် လုပ်ငန်းစဉ်ဆိုင်ရာ ပစ်မှတ်များ (process-driven benchmarks) ဖြင့် အသုံးစရိတ်များကို သေချာ၊ တာဝန်သိစွာ စိစစ်သင့်ပါသည်။

ဒုတိယအချက်အနေဖြင့် ရှေ့သို့တိုးတက်ရန်ဆိုပါက အင်အားစုအားလုံး ပို၍ပါဝင်နိုင်သော လုပ်ငန်းစဉ်ဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ ပြည်သူလူထု ပိုမိုပါဝင်ဆောင်ရွက်နိုင်ပြီး ရပ်ရွာအသိုက်အဝန်းက ပါဝင်ခံစားနိုင်သည့် ငြိမ်းချမ်းရေး (community peace) ဖြစ်ပါလိမ့်မည်။ ဆိုလိုသည်မှာ ပဋိပက္ခ ခံစားနေကြရသော ရပ်ရွာအသိုက်အဝန်းများနှင့် ဖယ်ကြဉ်ခံထားရသော လူနည်းစုအုပ်စုများ အပါအဝင် မြန်မာပြည်သူလူထုများ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို ပို၍ တည်ဆောက်ပေးနိုင်ရန် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် အရေးပါသည့် အင်အားစုများနှင့် ပို၍ ထိတွေ့ဆက်ဆံရန် လိုအပ်ပြီး၊ ဆွေးနွေးဘက် အဖွဲ့အစည်းများအပေါ် ထိန်းချုပ်ထားမှုများကို ဖြေလျှော့၍ ဗဟိုချုပ်ကိုင်မှု လျှော့ချပေးသည့်အဆင့်များ လုပ်ဆောင်ရန် လိုအပ်ပါသည်။ အမျိုးမျိုးသော လှုပ်ရှားဆောင်ရွက်သူများအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို 'ဖက်စပ်သဘော' ပို၍ သက်ဝင်စေလိုပါက ပို၍ ပူးပေါင်းဆောင်ရွက်မှုရှိခြင်းဖြင့် တီထွင်ဆန်းသစ်သော အိုင်ဒီယာများ၊ ပို၍ထိရောက်သော ခေါင်းဆောင်မှုကို ဖြစ်ပေါ်စေပါလိမ့်မည်။

တတိယအချက်မှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံတွင် အကျယ်အပြန့်သော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ယှဉ်တွဲသွားသင့်ပါသည်။ ယခုကာလတွင် ယင်းလုပ်ငန်းစဉ် နှစ်ခုသည် တသီးတခြား သွားနေကြပါသည်။ အပြန်အလှန် ဖြည့်ဆည်း ထောက်ပံ့ပေးမှု ဖြစ်မနေပါ။ သွေးကွဲနေသည့်၊ လူမျိုးစုအုပ်စုများ စုံလင်ထွေပြားသည့် မြန်မာနိုင်ငံတွင် ပုံမှန် ရွေးကောက်ပွဲများ ကျင်းပရုံမျှဖြင့် ငြိမ်းချမ်း၍ ကြွယ်ဝချမ်းသည့်နိုင်ငံတခု ဖြစ်လာစေရန် မလုံလောက်ပါ။ NLD ပါတီ၏ သောင်ပြိုကမ်းပြို အနိုင်ရရှိမှု ရှိနေသော်လည်း အထူးသဖြင့် ရခိုင်ပြည်နယ်ကဲ့သို့သော တိုင်းရင်းသားဒေသအများအပြားတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို မယုံကြည်မှုများ ကြီးထွားလာနေပါသည်။ ပို၍ အကြမ်းဖက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့အတွက်ကြောင့် ငြိမ်းချမ်းရေးအပေါ် မက်လုံးဖြစ်စေမည့် ဖွဲ့စည်းတည်ဆောက်ထားပုံမျိုး နောက်ထပ်ဖြည့်ဆည်းရန် လိုအပ်ပါမည်။ သို့မှသာ မတူကွဲပြားသည့် အုပ်စုများအကြား ရေရှည်တည်ရှိနေကြသည့် ရန်လိုမှုများ အဆုံးသတ်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံတကာတွင် အတွေ့အကြုံများစွာ ရှိခဲ့ပြီးဖြစ်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရန် ကြိုးပမ်းခြင်း၊ ပဋိပက္ခများ ကြိုတင်ကာကွယ်ရေးနှင့် စစ်ပွဲများ ရပ်ဆိုင်းစေရေး လုပ်ငန်းစဉ်များ ထားရှိခြင်း၊ ပို၍ ကျယ်ပြန့်သည့် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများ အပ်နှင်းခြင်း စသည်တို့သည် ရေရှည်

> သွေးကွဲနေသည့်၊ လူမျိုးစုအုပ်စုများ စုံလင်ထွေပြားသည့် မြန်မာနိုင်ငံတွင် ပုံမှန် ရွေးကောက်ပွဲများ ကျင်းပရုံမျှဖြင့် ငြိမ်းချမ်း၍ ကြွယ်ဝချမ်းသည့် နိုင်ငံတခု ဖြစ်လာစေရန် မလုံလောက်ပါ ...

တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် လိုအပ်ကြောင်း ပြသနေခဲ့ပါသည်။ ယင်းကို နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံအများဖြင့် လုပ်ဆောင်မှုအခြေခံတို့ဖြင့် သန်မာအားကောင်းစေနိုင်ပါသည်။

အစိုးရနှင့် တပ်မတော်တို့အနေဖြင့် နိုင်ငံရေးအဖြေ မရှိဘဲ 'ရေရှည် ကာလကြာမြင့်နေသည့် အပစ်အခတ် ရပ်စဲရေး' ထားရှိခြင်းဖြင့် နိုင်ငံအတွက် အကျိုးမဖြစ်ထွန်းနိုင်ပါ။ ယင်းအစား ဤသို့ အနုတ်လက္ခဏာဆောင်သည့် ငြိမ်းချမ်းရေး ဖြစ်တည်နေစေခြင်းဖြင့် ပို၍ ထိခိုက်နစ်နာဖွယ် အခြေအနေ၊ ပုံမမှန်သော ဖွံ့ဖြိုးတိုးတက်မှုကိုသာ ဖြစ်စေပါမည်။ ကြောင်လိမ်လှေကားဖြင့် အောက်သို့ ဆင်းသည့်သဖွယ် ထိုး၍ ကျဆင်းနေမည်သာ ဖြစ်သည်။ ဤအကြောင်းကြောင့် စတုတ္ထ တိုက်တွန်းလိုသည့်အချက်မှာ NLD အစိုးရနှင့် တပ်မတော်အဖို့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အရေးပါသည့် သန္နိဋ္ဌာန်ပြုမှု (credible commitment) ပြသရတော့မည့် အချိန်ပင် ဖြစ်ပါတော့သည်။ ပြည်ထောင်စု သဘောတူညီချက်များကို အမြန် အကောင်အထည်ဖော်သင့်ပါသည်။ သို့မှသာ တိုင်းရင်းသားများ လိုလားနေသည့် အချက်များအတွက် အာမခံချက်စနစ်များ (assurance mechanisms) ဖန်တီးပေးရာကျပါမည်။ မြေယာပြဿနာများနှင့် ပြည်တွင်းဒုက္ခသည် (IDPs) ပြဿနာများကို အချိန်မဆိုင်းဘဲ ဖြေရှင်းပေးသင့်ပါသည်။ သို့မှသာ ငြိမ်းချမ်းရေး အသီးအပွင့်များကို လက်တွေ့နှင့် ထိရောက်စွာ ခံစားနိုင်ကြမည်ဖြစ်ပါသည်။

ပဉ္စမအချက်မှာ မြန်မာအစိုးရ၏ တစ်ုလုံးဆိုင်ရာ ချဉ်းကပ်မှုတွင် တပ်မတော်နှင့် ပို၍ ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ တိုင်းရင်းသားများထံသို့ 'အရေးပါသည့် သန္နိဋ္ဌာန်ပြုမှု'များ ပေးစွမ်းနိုင်မည် ဖြစ်သည်။ အပြန်အလှန်အားဖြင့် အချို့သော တိုင်းရင်းသား အုပ်စုများက တောင်းဆိုနေသည့် ကွန်ဖက်ဒရေးရှင်း လမ်းကြောင်းကိုလည်း တားဆီးနိုင်လိမ့်မည် ဖြစ်သည်။ နိုင်ငံတကာ မိသားစုအတွက်မှာမူ ပို၍ဘက်စုံဖြစ်သည့် ချဉ်းကပ်မှုဖြစ်သင့်ပြီး၊ အစိုးရကိုသာ ဗဟိုပြုထားသည့် ချဉ်းကပ်မှု 'state-centric approach' ကို ပြန်၍ စဉ်းစားသင့်ပြီ ဖြစ်ပါသည်။ ဒေသဖြစ် (home-grown) ချဉ်းကပ်မှု အလုပ်မဖြစ်နိုင်ကြောင်းနှင့် ပဋိပက္ခကိုဖြေရှင်းရန် နိုင်ငံရေးအရ ဆန္ဒမရှိကြကြောင်းလည်း ဖော်ပြနေခဲ့ပြီး ဖြစ်သည်။

နောက်ဆုံး တင်ပြသော်လည်း အရေးမကြီး၍ မဟုတ်ပါ။ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကြောင့် နိုင်ငံတကာမိသားစုအဖို့ ပါဝင်ပတ်သက်ရန် ပို၍အရေးပါသည့် အခွင့်အလမ်းများ ပွင့်လင်းလာ စေခဲ့ပါသည်။ အစိုးရ၊ တပ်မတော်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) စသည့် အင်အားစုများအပါအဝင် အရေးပါသည့် အင်အားစုများနှင့် ကောင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ပါက ပို၍ အခွင့်အလမ်းရစေမည် ဖြစ်ပါသည်။ သို့သော်လည်း တပြိုင်နက်တည်းမှာပင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ပါက အစိုးရကဗဟိုနှင့်အစွန်အဖျားဒေသများအကြား၊ဗမာနှင့်ဗမာမဟုတ်သည့်တိုင်းရင်းသားများအကြား ထိရောက်စွာ၊ တန်းတူညီမျှစွာ မစီမံနိုင်ခဲ့ပါက တည်ရှိနေသည့်ပဋိပက္ခများ ပို၍ ပြင်းထန်လာနိုင်ခြေကိုလည်း မြင်တွေ့နေရပါသေးသည်။

နိုင်ငံတကာမိသားစုအဖို့ တာဝန်ကြီးလေးသော်လည်း၊ တချိန်တည်းမှာပင် နိုင်ငံတကာမိသားစုဟုဆိုရာ၌ ဖွဲ့စည်းထားပုံစနစ်အရ တညီတညွတ် တစိတ်တဝမ်းတည်း ရှိမနေဘဲ၊ ရံဖန်ရံခါ မတူခြားနားသည့် အကျိုးစီးပွားများနှင့် ရည်ရွယ်ချက်များကို ကိုယ်စားပြုထားရာ ခက်ခဲသည်ကို အသိအမှတ်ပြုပါသည်။ သို့တိုင်အောင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ် အရေးကြီးပါသည်။ အကယ်၍ နိုင်ငံတကာ မိတ်ဖက်အင်အားစုများက မြန်မာ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ရေရှည်ကို မျှော်မှန်းထားမှသာ၊ အဖွဲ့အစည်း၏ ရည်မှန်းချက်အရ တိကျသော ပစ်မှတ်ပန်းတိုင်များကို ထားရှိမှသာ၊ စီမံကိန်းများကို တဦးနှင့်တဦး ရောထွေးကျော်နင်းနေခြင်း မဟုတ်ဘဲ အပြန်အလှန် ဖြည့်ဆည်း ဆောင်ရွက်နိုင်မှသာ အောင်မြင်မှု ရရှိနိုင်ပါမည်။ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် ငြိမ်းချမ်းရေးအတွက် အကျယ်အပြန့်သော လူထုဆွေးနွေးရန် အခင်းအကျင်းနေရာများ၊ နိုင်ငံတကာမှ အကောင်းမွန်ဆုံး လုပ်ဆောင်မှုများ ယူဆောင်လာခြင်းအားဖြင့် မြန်မာပြည်သူများအတွက် ငြိမ်းချမ်းရေး၏ အသီးအပွင့်များ ခံစားနိုင်ကြမည် ဖြစ်ပါသည်။ ■

## References


Asia Foundation and Smartpeace. (August, 2020). "How Have Myanmar's Conflicts Been Affected by COVID-19 and What Should Be Done about It?", Briefing Paper Series No. 1.

Asia Foundation and Smartpeace. (October, 2020). "How COVID-19 and Conflict Intersect in Kachin State". COVID-19 and Conflict in Myanmar, Briefing Paper Series No. 2.

Aung, T. T. (February 25, 2016). Donors offer USD 75,000 lifeline to peace process. *Myanmar Times.* Retrieved from https://www.mmtimes.com/national-news/yangon/19164-donors-offer-us-75-000-lifeline-to-peace-process.html

Bijaoui, I. (2014). The Economic Reconciliation Process, New York: Palgrave Macmillan.

*BBC News.* (July 23, 2020). Coronavirus: UK foreign aid spending cut by £2.9bn amid economic downturn. Retrieved from https://www.bbc.com/news/uk-politics-53508933

Carr, T. (February 2018). Supporting the Transition: Understanding Aid to Myanmar Since 2011, The Asia Foundation.

*CGTN News.* (September 2, 2020). "China vows to prioritize Myanmar in Sharing COVID 19 vaccine", Retrieved from https://news.cgtn.com/news/2020-09-02/China-vows-to-prioritize-Myanmar-in-sharing-COVID-19-vaccine-TsEetIqmAw/index.html

Development Initiatives, (April 17, 2020). Coronavirus and aid data: What the latest DAC data tells us. Retrieved from https://devinit.org/resources/coronavirus-and-aid-data-what-latest-dac-data-tells-us/

EU Headquarters Homepage. (June 25, 2018). EU-Myanmar Relations. Retrieved from https://eeas.europa.eu/headquarters/headquarters-homepage_en/4004/EU-Myanmar%20relations

Htwe, Z. Z. (November 8, 2019). China gives $1 Million to Myanmar for Peace Process. *The Irrawaddy Online.* Retrieved from https://www.irrawaddy.com/news/burma/china-gives-1-million-myanmar-peace-process.html

Inkey, M. (August 15, 2018). China's Stake in the Myanmar Peace Process: Why is Beijing Providing Funds for Ethnic Armed Groups to Join a Government-Backed Peace Conference?. *The Diplomat.* [Online] Retrieved from https://thediplomat.com/2018/08/chinas-stake-in-the-myanmar-peace-process/

International Crisis Group. (December 2001). Myanmar: The Military Regime's View of the World. Asia Report No. 28. Retrieved from https://www.crisisgroup.org/asia/south-east-asia/myanmar/myanmar-military-regimes-view-world

International Crisis Group. (January 8, 2019). Fire and Ice: Conflict and Drugs in Myanmar's Shan State. Asia Report No. 299. Retrieved from https://www.crisisgroup.org/asia/south-east-asia/myanmar/299-fire-and-ice-conflict-and-drugs-myanmars-shan-state

International Crisis Group. (May 19, 2020). Conflict, Health Cooperation and Covid-19 in Myanmar. Retrieved from https://www.crisisgroup.org/asia/south-east-asia/myanmar/b161-conflict-health-cooperation-and-covid-19-myanmar

Japan Foreign Ministry Website. (August 24, 2020). "Japan- Myanmar Relations: Foreign Minister Motegi Visits Myanmar". Retrieved from https://www.mofa.go.jp/s_sa/sea1/page4e_001081.html#section1

Jolliffee, K. (December 2016). Ceasefires, Governance, and Development: The Karen National Union in Times of Change, The Asia Foundation.

Kyee, K. K. (December 2019). Conceptualizing China's central-local nexus: Beijing's repositioning on border issues with Myanmar. Yangon: ISP-Myanmar.

Kyee, K. K. (September 25, 2019). Myanmar Conflict Tends to Avoid China's Interest Red Line. (in Burmese).
Retrieved from https://www.facebook.com/ISPMyanmarpage/photos/2423813487922869

Lederach, J. P. (1997). Building Peace: Sustainable Reconciliation in Divided Society. Washington, D.C.: United States Institute of Peace Press.

Lintner, B. (October 11, 2016). Burma's Misguided Peace Process Needs a Fresh Start. The Irrawaddy [Online] Retrieved from https://www.irrawaddy.com/opinion/commentary/burmas-misguided-peace-process-needs-a-fresh-start.html

Lwin, N. (December 4, 2020). Interview: I Can See the UEC Does Not Want Elections' in Rakhine, Japanese Envoy to Myanmar Says, *The Irrawaddy*. Retrieved from https://www.irrawaddy.com/in-person/interview/i-can-see-the-uec-does-not-want-elections-in-rakhine-japanese- envoy-to-myanmar-says.html

Minister of External Affairs, Government of India. India-Myanmar Joint Statement on the Occasion of the State Visit of Prime Minister of India to Myanmar. (September 6, 2017). Retrieved from https://mea.gov.in/bilateral-documents.htm?dtl/28924/IndiaMyanmar_Joint_Statement_issued_on_the_occasion_of_the_State_Visit_of_Prime_Minister_of_India_to_Myanmar_September_57_2017

Ministry of External Affairs. Government of India. (February 13, 2018). "Official Spokesperson's response to a query on India's presence at the signing of National Ceasefire Agreement in Myanmar". Retrieved from https://www.mea.gov.in/media-briefings.htm?dtl/29482/official+spokespersons+response+to+a+query+on+indias+presence+at+the+signing+of+national+ceasefire+ agreement+ in+ myanmar

*Mon News Agency*. (September 13, 2019). Government tells NCA-signatory groups not to communicate with the UN, Embassies, INGOs. Retrieved from https://www.bnionline.net/en/news/govt-tells-nca-signatory-groups-not-communicate-un-embassies-ingos

Müller, Harald; Wolff, Jonas (2004). "Dyadic Democratic Peace Strikes Back" . *Paper Prepared for Presentation at the 5th Pan-European International Relations Conference the Hague,* September 9–11, 2004.

Myanmar Institute for Peace and Security. (July 2020). "Annual Peace and Security Review 2020". Retrieved from Annual Peace & Security Review 2020 - Myanmar Institute for Peace and Security (mips-mm.org)

Myanmar President Office. "Myanmar-India Joint Statement issued on the occasion of the State Visit of His Excellency Shri Ram Nath Kovind, President of the Republic of India, to the Republic of the Union of Myanmar". Retrieved from http://www.president-office.gov.mm/en/?q=briefing-room/news/2018/12/14/id-9176

Myanmar Peace Monitor. (April 2019). Deciphering Myanmar's Peace Process: A Reference Guide (2017-18). Burma News International.

Ministry of Information, Government of Myanmar. (November 11, 2018). PRC donates peace fund to JMC, seeks signing NCA by northern EAOs. Retrieved from https://www.moi.gov.mm/moi:eng/?q=news/11/11/2018/id-15550

Newman, E. (February 2013). *"The International Architecture of Peacebuilding".* In R. M. Ginty,. (ed.) Routledge Handbook of Peacebuilding. Routledge Handbooks. p. 311-324.

NRPC. (December 2017). Chinese government donates USD 500,000 to JMC-U. (Retrieved from http://www.nrpc.gov.mm/en/node/145 and Myanmar Times, December 20, 2019. China gives $1 million for peace process https://www.mmtimes.com/news/china-gives-1-million-peace-process.html

*Nikkei Asia*. (August 24, 2020). Japan and Myanmar to reopen borders to each other for residents. Retrieved from https://asia.nikkei.com/Politics/International-relations/Japan-and-Myanmar-to-reopen-borders-to-each-other-for-residents

Oo, A. N. (Feb 1, 2019). "A Cold War in Myanmar and the dangers of a protracted ceasefire". *Frontier Myanmar*. [Online] Retrieved from https://frontiermyanmar.net/en/a-cold-war-in-myanmar-and-the-dangers-of-a-protracted-ceasefire

Oo, A. N. (June 4, 2019). "EAOs Should Separate Their Strategies on Ceasefires and Political Dialogue". [Online] Retrieved from https://www.irrawaddy.com/opinion/guest-column/eaos-separate-strategies-ceasefires-political-dialogue.html

Pant. Harsh V. (September 9, 2017). India's Balancing Act in Myanmar. *The Diplomat*. [Online] Retrieved from https://thediplomat.com/2017/09/indias-balancing-act-in-myanmar/

Prashar, S. (October 6, 2020). To Counter China, India Offers Myanmar a $6Bn Oil Refinery", *The Times of India*. Retrieved from https://timesofindia.indiatimes.com/india/india-looks-to-build-6-billion-refinery-in-energy-rich-myanmar/articleshow/78499837.cms

Pugh, M. (January 2013). *"The Problem-Solving and Critical Paradigms".* In R. M. Ginty,. (ed.) Routledge Handbook of Peacebuilding. Routledge Handbooks. p. 11-24.

*Radio Free Asia*. (December 31, 2018). Kachin Political Leaders Discuss Myanmar Peace, Dam Project

With Chinese Ambassador. [Online] Retrieved from https://www.rfa.org/english/news/myanmar/kachin-political-leaders-discuss-myanmar-peace-12312018150823.html

Roy, S. (October 6, 2020). "India gives Myanmar Remdesivir drug, talks security along border", *The India Express.* Retrieved from https://indianexpress.com/article/india/india-gives-myanmar-remdesivir-drug-talks-security-along-border-6704437/

Royal Norwegian Embassy in Yangon. (March 3, 2017). Norway and Myanmar: Bilateral Relations. Retrieved from https://www.norway.no/en/myanmar/norway-myanmar/bilateral-relations/#BilateralRelations

Ryan, S. (January 2013). *"The Emergence of the Concept of Peacebuilding".* In R. M. Ginty,. (ed.) Routledge Handbook of Peacebuilding. Routledge Handbooks.

Smith, M. (1991). Burma: Insurgency and the Politics of Ethnicity, London: Zed Books Ltd.

Stedman, S. J. (1999). International Actors and Internal Conflicts. New York: Rokefeller Brothers Fund.

Sen, Yun. (January 2014). "China, the United States and the Kachin Conflict". Issue Brief No. 2. Stimson Center: Washington D. C. pp. 10.

South, Ashley. et. al., (2018). Between Ceasefire and Federalism: Exploring Interim Arrangements in the Myanmar Peace Process. Joint Peace Fund and Covenant Consultancy Co. Ltd.

State Counsellor Office, Government of Myanmar. (August 15, 2016). "Union peace conference to be held every six months". Retrieved from https://www.statecounsellor.gov.mm/en/node/188

State Counsellor Office, Government of Myanmar. (August 20, 2020) "UPDJC Finalizes Part III of Union Accord signed at 4th Session of 21st Panglong." Retrieved from https://www.statecounsellor.gov.mm/en/node/2966

Strangio, S. (September 3, 2020). "China's Top Diplomat Checks in on Myanmar Projects", *The Diplomat,* Retrieved from https://thediplomat.com/2020/09/chinas-top-diplomat-checks-in-on-myanmar-projects/

Strangio, S. (December 7, 2020). Ceasefire Raises Hopes of Elections in Myanmar's Rakhine State, *The Diplomat.* Retrieved from https://thediplomat.com/2020/12/ceasefire-raises-hopes-of-elections-in-myanmars-rakhine-state/

Strangio, S. (December 17, 2020). China Building Massive Myanmar Border Wall: Reports, *The Diplomat.* Retrieved from https://thediplomat.com/2020/12/china-building-massive-myanmar-border-wall-reports/

Sui-lee, W. (October 9, 2015). "Myanmar official accuses China of meddling in rebel peace talks." *Reuters.* [Online] Retrieved from https://www.reuters.com/article/us-myanmar-china/myanmar-official-accuses-china-of-meddling-in-rebel-peace-talks-idUSKCN0S22VT20151008

Tha, K. P. (August 7, 2020). Nominee US Ambassador to Myanmar Hints at Need to Counter China's Influence in Senate Testimony. *The Irrawaddy.* Retrieved from https://www.irrawaddy.com/news/burma/nominee-us-ambassador-myanmar-hints-need-counter-chinas-influence-senate-testimony.html

The Council of European Union. (July 22, 2013). Council Conclusions on the Comprehensive Framework for the European Union's Policy and Support to Myanmar/Burma.

The Council of European Commission. (October 15, 2015). Myanmar: EU Support for the peace process. Retrieved from https://reliefweb.int/report/myanmar/myanmar-eu-support-peace-process

The Council of European Union. (June 20, 2016). EU strategy with Myanmar/Burma

The Council of European Commission. (December 10, 2018.) Additional EU aid reaches Bangladesh for the Rohingya crisis. Retrieved from https://ec.europa.eu/echo/news/additional-eu-aid-reaches-bangladesh-rohingya-crisis_en

*The Global New Light of Myanmar.* (January 13, 2019). "Japan will support the peace building efforts in Myanmar to the best of its abilities: Mr. Toro Kono", Retrieved from https://www.gnlm.com.mm/japan-will-support-peace-building-efforts-myanmar-best-abilities-mr-toro-kono/

*The Global New Light of Myanmar.* (October 29, 2019). "Speech delivered by C-in-C of Defence Services at 4th anniversary of NCA". Retrieved from http://www.myanmardigitalnewspaper.com/en/speech-delivered-c-c-defence-services-4th-anniversary-nca

*The Global New Light of Myanmar.* (July 30, 2020). Myanmar-Japan Investment Dialogue on Economic Recovery After COVID-19 and New Investment Opportunities. Retrieved from https://www.gnlm.com.mm/myanmar-japan-investment-dialogue-on-economic-recovery-after-covid-19-and-new-investment-opportunities/

*The Irrawaddy.* (July 3, 2020). Myanmar's Generals Aren't Happy With China—and It's No Longer a Secret. Editorial. Retrieved from https://www.irrawaddy.com/opinion/editorial/myanmars-generals-arent-happy-china-no-longer-secret.html

The Irrawaddy. (September 9, 2020). "During High-Level Visit, China Takes Note of Myanmar's 'High Standards' on BRI Projects", Retrieved from https://www.irrawaddy.com/opinion/analysis/high-level-visit-china-takes-note-myanmars-high-standards-bri-projects.html

*The Irrawaddy.* (December 10, 2020). Myanmar Military Holds Meeting With Arakan Army Officials in Wa Region. Retrieved online from https://www.irrawaddy.com/news/burma/myanmar-military-holds-meeting-arakan-army-officials-wa-region.html

*The Myanmar Times.* (January 2, 2018). "Japan will be more active in peace process." [Online] Retrieved from https://www.mmtimes.com/news/japan-will-be-more-active-peace-process.html?fbclid=IwAR2XV6q6Wwh0D9fdUra3Z0Ae-Vm1U3_wlKf9R6Q8v6VSg01C3acjQ8wCYzc

*The Myanmar Times.* (August 15, 2019). "The Rebel Forces attack Military Defence Academy in Pyin Oo Lwin". Retrieved from https://www.mmtimes.com/news/rebel-forces-attack-military-defence-academy-pyin-oo-lwin.html

*The Myanmar Times.* (November 18, 2019). "The price of peace: Western governments pledge millions". [Online] Retrieved from https://www.mmtimes.com/national-news/19664-the-price-of-peace-western-governments-pledge-millions.html

*The Myanmar Times.* (November 18, 2019). "The price of peace: Western governments pledge millions". Retrieved from https://www.mmtimes.com/national-news/19664-the-price-of-peace-western-governments-pledge-millions.html

Thet Nai and Rikar Hussein, (March 24, 2020). More Violence Feared as Myanmar Names Arakan Army a Terrorist Organization. *VOA News.* Retrieved from https://www.voanews.com/extremism-watch/more-violence-feared-myanmar-names-arakan-army-terrorist-organization

The Nippon Foundation's Press Release, (February 20, 2013). "The Nippon Foundation Chairman Sasakawa Named Japanese Government's Special Envoy to Help Achieve Reconciliation in Myanmar", Retrieved from https://www.newswire.ca/news-releases/the-nippon-foundation-chairman-sasakawa-named-japanese-governments-special-envoy-to-help-achieve-reconciliation-in-myanmar-511972361.html

The Nippon Foundation. (March 2, 2016). The Nippon Foundation's Support for Conflict-Affected People in Myanmar. Retrieved from https://www.nippon-foundation.or.jp/en/news/articles/2016/20160302-20990.html

The World Bank. (2019). Myanmar Economic Transition Amid Conflict: A Systematic Country Diagnostic. Washington D. C.: World Bank Group.

Thet Nai and Rikar Hussein, (March 24, 2020). More Violence Feared as Myanmar Names Arakan Army a Terrorist Organization. *VOA News.* Retrieved from https://www.voanews.com/extremism-watch/more-violence-feared-myanmar-names-arakan-army-terrorist-organization

*TIN in the News.* (August 25, 2016). China provide support for the Myanmar peace process. Retrieved from https://www.internationaltin.org/china-provide-support-for-the-myanmar-peace-process/

UNDP. (2008). Post-Conflict Economic Recovery: Enabling Local Ingenuity, Bureau for Crisis Prevention and Recovery, New York.

UN Human Rights Council. (September 2019). Independent International Fact-Finding Mission on Myanmar. Retrieved from https://www.ohchr.org/en/hrbodies/hrc/myanmarffm/pages/index.aspx

UN. Security Council Reports on Myanmar. Retrieved from https://www.securitycouncilreport.org/chronology/myanmar.php

UNSC statement. SC/ 13475. (August 29, 2018). United Nations Must Be 'Bold and Creative' in Using Mediation to Broker Peace, Secretary-General Tells Security Council. Retrieved from https://www.un.org/press/en/2018/sc13475.doc.htm

UNSG. (2009). 'Report of the Secretary-General on Peacebuilding in the Immediate Aftermath of Conflict', General Assembly 63rd session, 11 June, UN doc., A/63/881–S/2009/304.

UN Women (Asia Pacific). (March 11, 2019). UN Women and Norway cooperate to support peace process in Myanmar through the implementation of UN Security Council Resolution 1325. Retrieved from http://asiapacific.unwomen.org/en/news-and-events/stories/2019/04/un-women-and-norway-cooperate-to-support-peace-process-in-myanmar

USAID. (December 19, 2017). Burma – Complex Emergency Factsheet # 1, Fiscal Year (FY) 2018 DECEMBER. Retrieved at https://reliefweb.int/report/myanmar/burma-complex-emergency-rakhine-crisis-response-fact-sheet-5-fiscal-year-fy-2018

US Department of State. (2018). "Country Report on Human Rights Practices": Myanmar.

US Department of State. Bureau of East Asian and Pacific Affairs. (January 21, 2020). U.S. Relations with Burma: Bilateral Relations Fact Sheet.

U.S. Embassy in Burma. (April 28, 2020). The United States Provides $7.3 million in Assistance to Respond to COVID-19 in Myanmar. Retrieved from https://mm.usembassy.gov/the-united-states-provides-7-3-million-in-assistance-to-respond-to-covid-19-in-myanmar/

US Institute of Peace. (May 2017). Johnson, Vanessa. "Creating an Inclusive Burmese Peace Process".

US Institute of Peace. (September 2018). "China Role in Myanmar's Internal Conflict". Senior Study Group Report. Washington, D.C.

Vitikiotis, M. (August 8, 2017). Myanmar's peace process contributes to ASEAN stability. [Online] Retrieved from https://www.mmtimes.com/asean-focus/27160-myanmar-s-peace-process-contributes-to-asean-stability.html

World Bank. (December 2, 2019). Statement: "World Bank Response to KPSN Statement on Peaceful and Prosperous Communities Project". Retrieved from https://www.worldbank.org/en/news/statement/2019/12/02/world-bank-response-to-kpsn-statement-on-peaceful-and-prosperous-communities-project

Xinhua. (May 3, 2019). China Donates Vehicles to Myanmar for Peace Undertaking. Retrieved from http://www.xinhuanet.com/english/2019-05/03/c_138031822.htm

Zaw, H. N. (January 20, 2020). Chinese President's claim that Beijing not arming EAOs met with skepticism in Myanmar, *The Irrawaddy Online*. Retrieved from https://www.irrawaddy.com/news/burma/chinese-presidents-claim-beijing-not-arming-eaos-met-skepticism-myanmar.html

Zin, M. (November 23, 2020). Myanmar Still Loves Aung San Suu Kyi, but Not for the Reasons You Think, *The New York Times,* Retrieved from https://www.nytimes.com/2020/11/23/opinion/myanmar-election.html

PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

The Institute for Strategy and Policy – Myanmar (ISP–Myanmar) is an independent, non-partisan and non-governmental think tank. Established in 2016, ISP-Myanmar aims to promote democratic leadership and strengthening civic participation in Myanmar through its key strategic programs and initiatives. The institute primarily focuses on research, capacity building, leadership engagement, communication and outreach programs, and desk initiatives on Peace and China issues.

Institute for Strategy and Policy-Myanmar

No. B-1, Aung Chan Thar Street 1, Aung Myay Tharzi Housing Estate, Kamaryut, Yangon, Myanmar.
Phone - 09 960 839 801, Email - Info@ISPMyanmar.com, www.ISPMyanmar.com